ရသမြှားအနုပညာ၏ အစီအစဉ်

# အိုမာဆမ်

## အိပ်မက်ချိုပြင်းရရတစ်ခွက်



cover : soe thaw dar



# အိုမာဆမ်

## အိပ်မက်ချိုပြင်းရှရှတစ်ခွက်

cover : soe thaw dar

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အထက်မြန်မာပြည်နှင့်ရှမ်းပြည်ရေး

နဂါးတာဝေ (မန္တလေး)

မိလျှိုနာတာဝေ (တောင်ကြီး)

ORPHEAN
ARROW
A R T
ရသမြားအနုပညာ

အောင်ဇေ စီစဥ်၍

**ရသမြားအနုပညာ**

မှ တင်ဆက်ပါသည်။

ORPHEAN ARROW ART

ရသမြားအနုပညာ


တစ်ပြည်လုံးဖြန့်ချိရေး

မောင်ကျော်လှိုင်

စေတနာစာပေ

အမှတ် ၃၉၊ ၁၉ လမ်း

ဖုန်း - ၂၂၁၇၄၁။ ၂၂၆၈၂၃

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅ရ၈/၉၈ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၃၁/၉၈ (၁၁)

အဖုံးဒီဇိုင်း
စိုးသော်တာ

ကွန်ပျူတာ
ရွှေစမ်းချောင်း

အဖုံးနှင့်အတွင်းပုံနှိပ်
ဦးမင်းဟန်
ရန်ကုန်မင်္ဂလာသောင်းပုံနှိပ်တိုက်
၅၅(မြေညီထပ်)၊ ၅၃ လမ်း၊ ဗိုလ်တထောင်

ထုတ်ဝေသူ
ဦးမြသန်း(မြ-၀၁၅၀)
အသိုင်းအဝိုင်းစာပေ
၅၅၊ ဇွဲစုံရပ်၊ ကမ္ဘာအေး

စောင်ရေ
၁၀၀၀

တန်ဖိုး
၁၈၀ ကျပ်
၁၉၉၈ ခုနှစ်


# ■ ဒို မာ ဃ ဓ

အိပ်မက်ချိုပြင်းရှုရှဲတစ်ခွက်

လူတစ်ယောက်ဟာ စကြဝဠာကြီးနဲ့ နှိုင်းစာလိုက်ရင် သေးငယ်တဲ့ အမှုန်တစ်မှုန်ပဲတဲ့။ သူမကလည်း ပြောဖူးသည်။ သူဟာ သူမဘဝအတွက် သေးငယ်တဲ့ အစိတ်အပိုင်းလေးတစ်ခုတဲ့။ ဒါပေမယ့် အဲဒီအစိတ်အပိုင်းလေးဟာ သိပ်အဓိကကျတဲ့ အစိတ်အပိုင်းလေးတစ်ခု ဖြစ်နေတာကိုတော့ သူ့ကို ဝန်မခံခဲ့ပေ။

ဘဝမှာ ဘာတွေလိုချင်မှန်း မသိသေးတဲ့လူတစ်ယောက်အဖြစ် သူကိုယ်သူ မသိသေးခင်ကာလသည် ကျေနပ်စရာတွေနှင့် အတိပြီးနေခဲ့သည်။

လိုတရဘာဝဆိုတာထက် လိုချင်တာကိုဖြစ်အောင် လုပ်တတ်သော သူ့ဝါသနာက သူ့ဦးနှောက်နှင့် နှလုံးသားတွေကို မှိုင်းမိစေခဲ့သည်ဟုပင် ဝန်ခံချင်သည်။

သိပ်ကို မကြာသေးခင် ကာလကလေးကမှ လူတိုင်းငေးယူအားကျရသော ပညာတတ်မိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ထားသူအဖြစ် ရွေးချယ်ခံခဲ့ရသည်။

ထိုမိန်းကလေးကို ချစ်သည်ဆိုတာထက် ထိုမိန်းကလေးဘက်

က သူ့ကို တုံ့ပြန်သော ကြင်နာမှုများကို သူ သာယာသည်။ သူမကို တဖွဖွ သိပ်ချစ်သည်ဟု ပြောရမည်ထက် သူမ၏ သိပ်ချစ်တာပဲ ဆိုသည့် အသံကို အကြိမ်ကြိမ် နားဝင်ချိုချင်သူဖြစ်သည်။

ဖတဆိုးသားတစ်ယောက်အဖြစ် အလိုလိုက်တတ်သော မိခင်၏လောင်းရိပ်အေးညှိုညှိုသည် သူ့ဘဝကို မမည်းမှောင်စေခဲ့။ တောက်ပြောင်လင်းလက်စေခဲ့သည်သာ ဖြစ်သည်။

နတ်သမီးရဲ့သခင် ဆိုသည့် နာမ်စားကို အားလုံးက တညီတညွတ်တည်း သူ့ကို ခေါ်ဝေါ်သုံးစွဲလာကြသောအခါ သူ့ရဲ့ပီတိများက အစွမ်းကုန် အရှိန်အဟုန်မြင့်မားလို့။

သို့သော် သူသည် တန်ခိုးရှင်၊ ဖန်တီးရှင်မဟုတ်။ လူသာမန်မျှသာဖြစ်သည်။ အနည်ကျနေသော ပုံစံခွက်ထဲတွင် ခေါက်ရိုးကျိုးနေသော သူ့ပုံစံကို အားလုံးက မေ့လျော့ထားသော်လည်း တစ်ယောက်သောသူကဖြင့် ဆွဲထုတ်ပြခဲ့သည်။

— ဘဝမှာ အမြင့်ဆုံးပျော်ခဲ့ဖူးသော လူတစ်ယောက်ကို အနိမ့်ဆုံး စိတ်ဓာတ်ကျဆင်းမှုသို့ရောက်အောင် ဖန်တီးနိုင်သောသူသည် သူ့ထက် အစစအရာရာနိမ့်ပါးသောလူ၊ အထူးသဖြင့် မိန်းမ တစ်ယောက်ဖြစ်နေခြင်းက သူ့စိတ်ကို အတော့်ကသိကအောင့်ဖြစ်စေခဲ့လေသည်။

ထိုနောက်ပိုင်းကာလများကို သူမက အမည်ပေးခဲ့သေးသည်။ "နာရီအို၏ ရွှေရောင်လက်တံများ" တဲ့…။





ပူပြင်းသော နေရောင်အောက်တွင် သဘာဝလောကကြီးက ပျပ်ဝပ်ညိုးနွံစွာဖြင့် နွမ်းပျော့ ငုံ့လျိုးနေသည်။

ထိုသြကာသလောကကြီးထဲတွင် ပါဝင်သောလူတစ်ယောက်၊ ကားတစ်စီးကလည်း ထိုနည်းတူစွာပင်။ သို့သော် လူက စကားပြောတတ်အောင်ပင် ဖန်တီးခြင်းကို ခံခဲ့ရသဖြင့် ထိုသဘာဝကြီးကိုပင် ပယ်ပယ်နယ်နယ် အပြစ်တင်နေသည်။

"လူက ပူကြွပ်တော့မယ်၊ နေကလည်း ပြင်းလိုက်တာ၊ အရေးထဲမှ ကားက လာပျက်နေသေးတယ်"

ဘဝမှာ အဆင်မပြေသည့် အသေးအဖွဲ့လေးကအစ ငြီးငြူတတ်သော သူ့ခလေ့အတိုင်း တစ်ယောက်တည်း ငြီးငြူနေမိသည်။

ဘေးဘီကို အကူအညီ ရလိုရငြား ရှာကြည့်သော်လည်း လမ်းလျှောက်လာသော အမျိုးသမီးတစ်ယောက်မှလွဲ၍ ဘယ်သူ့ကိုမှ မတွေ့ရ။ ကားထားခဲ့ပြီး ခပ်ဝေးဝေးသွား၍လည်း မဖြစ်ပြန်။

"တောက်"

စိတ်တိုစိတ်ဆတ်မှု၏ လောလောဆယ် ထွက်ပေါက်အဖြစ် ခြေထောက်ရှေ့ရှိ ခဲတစ်လုံးကို အရှိန်ဖြင့် ကန်ပစ်လိုက်သည်။

နယူတန်၏ နိယာမနှင့်ဆန့်ကျင်စွာ ကမ္ဘာ၏ဆွဲငင်အားအတိုင်း မြေကြီးဆီသို့ မသွားဘဲ ရှေ့သို့သွားသောခဲလုံး၏ ခရီးအဆုံးကား မလှပခဲ့ပေ။

ဒေါ်သာအရိုန်တပ်ထားသော ခဲလုံးက ပထမဦးစွာ အမျိုးသမီးတစ်ယောက်၏ ခြေသလုံးကို မိတ်ဆက်ပြီးမှ မြေကြီးပေါ်ကို အေးအေးဆေးဆေး ကျသွားရှာသည်။

"အိုး"

သိပ်မကျယ်လှသော်လည်း ထိုအာမေဋိတ်ထဲတွင် နာကျင်မှုတွေ ရောယှက်နေမှန်း သိရချိန်တွင် သူ့ဒေါ်သတွေ ဘယ်ရောက်ကုန်မှန်း မသိတော့ပေ။

ဆံနွယ်ခွေခွေများ အုပ်မိုးသွားအောင် ခြေထောက်ကို အုပ်မိုးငုံ့ကိုင်နေသော မျက်နှာပိုင်ရှင်ကို တောင်းပန်ရန် သူခြေလှမ်းစတင်လှမ်းမိသည်။

သို့သော် သူ ခြေနှစ်လမ်းပင် မပြည့်လိုက်ရ။

ရုတ်တရက် ထိုခဲလုံးကိုပင် ဆံနွယ်ခွေခွေပိုင်ရှင်က ပြန်ကောက်ပြီး သူ့ကို မော့ကြည့်သည်။

ပြေးထွက်သွားပြီဖြစ်သော သူ့ဆီက ဒေါ်သငွေ့များက သူမမျက်နှာပေါ်တွင် ဖြန့်ကျက်နေသည်။

တွန့်တိုးတက်နေသော နှုတ်ခမ်းငေ ာ့ပေါ်က အပြုံး ဘမဲ့ပြုံးလား၊ ရွဲ့ပြုံးလားဆိုတာကို သူ မဆန်းစစ်မိသေးခင်မှာပင်…

"ဒီမှာ ကျွန်မခြေထောက် တော်တော်နာသွားပြီ၊ အဲဒါရှင့်ကြောင့်ဆိုတာ ရှင်ငြင်းခံနော်"





မတောင်းပန်ရသေးခင်ပင် ပထမဦးဆုံး ကျဆုံးမှုအဖြစ် သူမက ဝန်ခံခိုင်းနေသေးသည်။

"ဟုတ်ပါတယ်၊ ကျွန်တော် ကိုယ့်ဘာသာကိုယ် စိတ်တိုပြီး ခဲလုံးကို ကန်လိုက်တာပါ။ မင်းကို ထိပါစေဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ မဟုတ်ပါဘူး"

ယခုထိ သူမလက်ထဲကခဲကို မချသေးသလို သူလည်းသူမရဲ့ ခပ်လှမ်းလှမ်းမှာပင် ရှိနေသေးသည်။

"ကောင်းပြီလေ၊ သက်ရောက်မှုတိုင်းမှာ တန်ပြန်တဲ့ သက်ရောက်မှုရှိတယ်တဲ့ အဲဒီသဘောအတိုင်း ကျွန်မလည်း…"

သူမ စကားအဆုံး သူ ဘယ်လိုမှကို မထင်မှတ်ထားသောအပြုအမူကို မျက်စိက မြင်လိုက်သလို ခြေသလုံးရိုးဆီမှ နာကျင်မှုကလည်း သက်သေလက်ငင်းပြလိုက်သည်။

"အား"

ချက်ချင်း ခြေသလုံးရိုးကို နာကျင်စွာပွတ်၍ "တောက်" ပြင်းပြင်းခေါက်ပြီး သူမကို ပြန်ကြည့်မ းငယ်ထော့နေသော ခြေလှမ်းများဖြင့် ကျောခိုင်းလျှောက်လှမ်းနေပြ စိတ်ချက်ဖွယ် တွေ့လိုက်ရသည်။

"ဟာ…ဒီမိန်းမ ရူးနေလား မသိဘူး"

စိတ်တိုတိုဖြင့် နောက်ထပ်ခဲတစ်လုံးကို ကန်ပစ်လိုက်ချင်

သော်လည်း နာကျင်မှုက ခွင့်မပြုသဖြင့် ချုပ်တည်းထားလိုက်ရသည်။

ပထမဦးဆုံးအကြိမ်အဖြစ် မိန်းမတစ်ယောက်ကို အသံတိတ်မေတ္တာပို့လိုက်ပြီး ခြေထောက်ကို ပြန်ကြည့်မိစဉ် ညှိုရဲတက်လာသော ဒဏ်ရာကို တွေ့ရသည်။

နာကျင်မှုကြားက သူမအား ကြိတ်ချီးကျူးမှုကိုတော့ စိတ်ထဲမှာ သတ်မှတ်လိုက်ရသည်။

"အား လက်သံပြောင်ပြီး၊ တော်တော်လက်တည့်တဲ့မိန်းမပဲ"

(လောကမှာ အမှားတွေအတွက် တောင်းပန်မှုတွေသာရှိနေရင် အမှားတွေက ပိုပြီးကြီးစိုးလာလိမ့်မယ်၊ အမှားအတွက် အပေးသင့်ဆုံးအရာက ပြစ်ဒဏ်ပဲလို့ ကျွန်မ ခံယူထားခဲ့တယ်။ ဒါကြောင့် ရှင်စိတ်တိုခြင်းရဲ့အမှားအဖြစ် ကျွန်မ အပြစ်ပေးခဲ့တာပဲ။) နောင် သူ့ကို ဖွင့်ဟပြောခဲ့သော သူမ ခံယူချက်ကြောင့် သူ ပခုံးတွန့်သွားခဲ့ဖူးသေးသည်။

❀❀❀

နောက်တစ်ကြိမ် သူမနဲ့ ထပ်ပြီးတွေ့ဆုံပုံသည် ပထမအကြိမ်ကဲ့သို့ပင် ကဗျာမဆန်ခဲ့ပြန်ပေ။

ဒီတစ်ကြိမ်တွင်လည်း သူမက အထက်စီးဖြစ်နေပြန်ပြီး သူ့ဘက်ကတော့ ထုံးစံအတိုင်း ပေါ့ဆမှုတစ်ခုကြောင့် ရှုံးခဲ့ရပြန်သည်။

သူငယ်ချင်းတစ်ယောက်၏ မွေးနေ့ပွဲအတွက် လက်ဆောင်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကုန်တိုက်တစ်ခုသို့ ပစ္စည်းဝယ်ရန် သွားခဲ့ခြင်းဖြစ်သည်။

လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို သူ့နေရာနဲ့သူ စနစ်တကျ ရောင်းချနေသော လင်းထင်ထင်ကုန်တိုက်ကြီးထဲက ပစ္စည်းများကို မြင်ရပေမယ့် စိတ်ကြိုက်ပစ္စည်းကို မတွေ့မိပြန်။

တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် မှန်ကြည့်ရောင် အလှခန်းလေး ထဲအရောက်တွင်တော့ သူ့စိတ်ကြိုက်ဖြစ်မည့် ပစ္စည်းကို တွေ့ရသည်။

နိုင်ငံခြားဖြစ် မျက်မှန်အမျိုးမျိုးတာ နံရံကပ်မီးလုံးများအောက် တွင် တဖိတ်ဖိတ်ဝင့်ကြွားလျက်။

ကိုင်းအရောင်အမျိုးမျိုးထဲမှ စိတ်ကြိုက်တစ်မျိုးပြီးတစ်မျိုး ယူကြည့်ပြီးနောက် တစ်သောင်းခွဲတန် မျက်မှန်တစ်ခုကို ယူရန် စိတ်ကူး လိုက်သည်။ သို့တိုင် သူ့တွင် တစ်သောင်းသာ ထည့်လာမှန်းသိသဖြင့် ထိုမျက်မှန်ကို နောက်မှပြန်လာဝယ်ရန် စိတ်ကူးပြီး ပြန်အပေး၊ မျက်မှန် လေးသည် အရောင်းစာရေးလက်ထဲ မရောက်မီ လွတ်ကျသွားသည်။

"ဟာ…ကျသွားပြီ"

သူ့ခြေထောက်နားကို ကျသဖြင့် ခြေတစ်လှမ်းနောက်အဆုတ် သစ္စာဖောက်ခြေထောက်တစ်ဘက်က ယိုင်ပြီး ထိုမျက်မှန်လေးပေါ်သို့ ထိထိမိမိ ပိမိသွားသည်။

ကွဲကြေသံ ဖျိုးဖျိုးဖျစ်ဖျစ်ကို တစ်ဒင်္ဂမျှ ကြားလိုက်ရပြီး နောက်…

"တကယ်ပဲ မျက်မှန်ကွဲသွားပြီရှင်"

စိတ်မကောင်းဖွယ် အရောင်းစာရေးမလေး၏ စကားကြောင့် သူ့ပေါ့ဆမှုကို ပြန်သတိရမိသည်။

"ကျွန်တော် လျော်ပေးပါ့မယ်"





ဝိုင်းအုံလာသော စာရေးမလေးများ၏ စီစီညံညံအသံလေး များကြားတွင် သူ့အသံက အနည်းငယ် ဟိန်းထွက်နေသည်။

"မမချစ်နွယ်ဆီ ခေါ်သွားပေးလိုက်လေ"

တခြားစာရေးမလေး၏ အသံအဆုံး မျက်မှန်ကောင်တာ တာဝန်ကျ အရောင်းစာရေးမလေးက သူ့ကို ဘောက်ချာတစ်ခုဖြင့် အခြားအခန်းတစ်ခုဆီကို ခေါ်သွားလေသည်။

မျက်မှန်တန်ဖိုးကို ပြည့်မီအောင် မပါခဲ့သော ပိုက်ဆံအတွက် ထိုအချိန်ထိ သူ ခေါင်းမစားခဲ့သေးပေ။

"ကျွန်မတို့ဆိုင်က တစ်စုံတစ်ခုကြောင့် ဆိုင်မှာပျက်စီးသွား ခဲ့တဲ့ပစ္စည်းကို ဒီကုန်တိုက်ရဲ့ မန်နေဂျာဆီမှာ လျော်ပေးရပါတယ်၊ ရောင်းဈေးထက်လျော့ပြီး ယူထားပါတယ်"

စကပ်တို အပြာရောင်ရင့်ရင့်နှင့် ကုတ်အင်္ကျီဆင်တူ ဝတ်ဆင် ထားသော အရောင်းစာရေးမ၏ ဦးဆောင်မှုဖြင့် မန်နေဂျာအခန်းသို့ ရောက်ရှိခဲ့သည်။

ဆံနွယ်ခွေခွေများဖြင့် ခေါင်းငုံ့စာရေးနေသော မန်နေဂျာ အမျိုးသမီး၏ မော့ကြည့်သောအကြည့်ထဲတွင် သူ့ကို စိုးစဉ်မျှ မှတ်မိ ဟန်မရှိသော်လည်း သူ့ဘက်ကတော့ ကောင်းမွန်စွာ မှတ်မိနေသည်။

ဒီထက်ပိုပြီး သေချာသည်မှာ စာရေးစားပွဲအောက်က စကတ် အပြာရောင်အနားအဆုံးတွင် အဖြူရောင်ပတ်တီးပါးပါးက သက်သေခံ

နေသောကြောင့်ပင်။

"ဒီမှာ မမ၊ ဒီလူကြီးမင်းရဲ့ လက်ထဲက တစ်သောင်းခွဲတန် မျက်မှန်တစ်ခုကျပြီး နင်းမိလို့ ကွဲသွားရတယ်၊ အဲဒါ အလျော်ပေးဖို့ အတွက်..."

"ကောင်းပြီလေ၊ ညီညီ့ ကောင်တာပြန်သွားလို့ရပြီ၊ မမ ဆက်လုပ်လိုက်မယ်"

အရောင်းစာရေး လှမ်းပေးသော ဘောင်ချာကိုကြည့်ပြီး သူမ က လယ်ဂျာစာရင်းစာအုပ်တစ်အုပ်ကို ဖွင့်ထည့်နေသည်။ ဒီအချိန်ထိ တစ်ခုခုကိုပြောဖို့ သူကြိုးစားနေသော်လည်း အချည်းနှီးသာ ဖြစ်နေ သည်။

"တစ်သောင်း လေးထောင့်ငါးရာ ကျပါတယ်ရှင်၊ ငါးရာ ကတော့...ပေါ့"

ထိုအချိန်ကျမှပင် ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး ပါလာသည့် ပိုက်ဆံကို ရေကြည့်မိတော့သည်။

သူ့လက်ထဲက ပိုက်ဆံများကိုကြည့်ပြီး လိုသလောက် မပြည့် မှန်း သူမ သိသာစေရန် ခပ်ဖြည်းဖြည်းပင် အသံထွက်ရေမိသေးသည်။

"အဲ...တစ်သောင်းနဲ့ လေးရာပဲ ပါတယ်။ ကျွန်တော် နောက်တစ်ခေါက်ပြန်လာပြီး ပေးပါ့မယ်"

သူ့စကားအဆုံး သူမ မျက်ခုံးနှစ်ဘက် အပေါ်သို့ တွန့်တက်





သွားပြီး...

"ဘာပစ္စည်းကို လူကြီးမင်းအနေနဲ့ သက်သေထားခဲ့နိုင် မလဲ"

သွားပြီ...သူ့ရဲ့ဂုဏ်သိက္ခာကို ထိပါးစေသော စကားလုံး ဖြစ်နေသော်လည်း သူမဘက်က မှန်နေသည်။

"နာရီ၊ ဆွဲကြိုး၊ ဟန်းချိန်းကလွဲရင် တစ်ခုခုပေါ့။ အဲဒါတွေ က အတူတွေလည်း ဖြစ်နိုင်တာပဲ"

သူမ စကားကြောင့် သူမ မျက်နှာကို အငွေ့ထမတတ် ဒေါသမျက်နှာဖြင့် သူ ကြည့်လိုက်ပြီး...

"ခင်ဗျားဗျာ..."

ဒေါသအရှိန်ဖြင့် ပြန်ပြောလိုက်ချင်သော်လည်း သူ့ လည် ချောင်းထဲက စကားတွေက ထွက်မလာခဲ့ပေ။

သူ့ကုမ္ပဏီနှင့် သုံးလမ်းသာခြားသဖြင့် ကားကိုလည်း မယူ လာခဲ့မိပြန်။

"ကဲ...ကုမ္ပဏီကို ဖုန်းဆက်ပြီး ပိုက်ဆံလာပို့ခိုင်းမယ်၊ ကျွန်တော့်ကို ဖုန်းသုံးခွင့်ပေးမလား"

"ရတယ်လေ၊ ဆက်ကြည့်ပေါ့"

ထိုအချိန်ထိ သူမသည် သူ့ကို အထင်သေးနေဆဲပင်။

သူ့ကို လျှော့တွက်သော သူမလေသံကို လျစ်လျူရှုဖို့ ခဲယဉ်း

လှလွန်းသည်။

သူမ စားပွဲခုံပေါ်ရှိ ဖုန်းခလုတ်များကို နှိပ်ပြီး ပိုက်ဆံပို့ပေးရန် ကုန်တိုက်အမည်ကို ပြောအပြီး…

"နေဦး၊ သူ့ကို ခင်ဗျားအမည်ပြောပြီး လာခိုင်းရမှာလား"

"မလိုပါဘူး၊ မန်နေဂျာအခန်းလို့ မေးပြီးလာရင် ရပါတယ်"

တိုပြတ်သော သူမ စကားသံထဲတွင် စိတ်တိုမှုတွေ မပါဝင်သကဲ့သို့ ကြည်လင်မှုလည်း ပျော်ဝင်မနေပေ။

ဖုန်းခွက်ကိုချပြီး သူမနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံပေါ်သို့ ထိုင်ချတော့မှ သူမမျက်နှာကို သေသေချာချာကြည့်မိသည်။

အလယ်ကွဲ ဆံပင်ရှည်က ပခုံးကျော်ကျော်နားတွင် တွန့်ခွေနွယ်လိပ်နေသည်။ မျက်ခုံးနက်နက်က ထင်းရှူးစွာနေရာယူထားသဖြင့် သူမကို လှသည်ဟုတော့ သတ်မှတ်နိုင်သည်ဟူ၍ ယူဆမိသည်။

သေသပ်ပိရိသော နှုတ်ခမ်းအနားသတ်လိုင်းများက ပြတ်တောင်းမာကျောသော စကားလုံးများကို ထုတ်ပြောတတ်သူအဖြစ် ထောက်ခံနေသေးသည်။

အဲ…နှာတံကျတော့ စင်းဖြောင့်ဖြောင့်နှင့်။

သူ့အတွေး မဆုံးလိုက်ရသေးခင် သူမက ဖျတ်ခနဲ သူ့ကို မော့ကြည့်လာသဖြင့် ကမန်းကတန်း အကြည့်တွေကို ရုတ်သိမ်းလိုက်ရသည်။





"ဘယ်တော့ ပိုက်ဆံလာပေးမှာတဲ့လဲ"

"နောက်ငါးမိနစ် အလွန်ဆုံးလို့ ထင်တာပဲ၊ နေပါဦး ခင်ဗျားကို ကျွန်တော် မြင်ဖူးသလိုပဲ"

မှတ်မိနေသည်ဆိုသော စကားထက် ပို၍ရိုးသားသော စကားလုံးကို ရွေးချယ်ပြောလိုက်သော်လည်း သူမဘက်က တုံ့ပြန်လိုက်သောစကားကြောင့် ရိုးသားချင်သော သူ့စိတ်ကို အပြစ်ဖို့ရတော့သည်။

"ကိုယ့်ကို မကြာသေးခင်ကမှ ဒဏ်ရာတစ်ခုရအောင် လုပ်ဖူးတဲ့သူ့ဟာစ်ယောက်ကို မြင်ဖူးသလိုပဲဆိုတော့ ရှင်တော်တော် မှတ်ဉာဏ်နည်းသေးတာပဲ။ ကျွန်မကတော့ အချိန်မရွေး ရှင် ကျွန်မကို ရန်ပြုနိုင်တယ်ဆိုပြီး သတိထားနေရတယ်"

သူမ စကားကြောင့် အနည်းငယ် အောက့်သက်သက်အပြုံးကို အူကြောင်ကြောင် ပြုံးဖြစ်သေးသည်။ ပြီးတော့မှ…

"အဲဒီနေ့က ကျွန်တော်တောင်းပန်မလို့ဘဲ၊ ခင်ဗျားဘက်က မထင်မှတ်ဘဲ အလျင်စလို"

သူမသည် သူ့စကားမှန်သမျှကို အမြဲတမ်း အကုန်ပြောခွင့် မပေးခဲ့သူ ပီသစွာ…

"မလိုပါဘူး၊ တောင်းပန်ရင်လည်း ကျွန်မ ကျေနပ်မှာမှ မဟုတ်တာ၊ အမှားတစ်ခုအတွက် တောင်းပန်မှုတွေသာ အနိုင်ရနေရင် အမှားတွေကပိုပြီး ကြီးဆိုးလာလိမ့်မယ်။ အမှားအတွက် အပေးသင့်ဆုံး

အရာက ဖြစ်ဒဏ်ပဲလို့ ကျွန်မ ခံယူထားတယ်။ ဒါကြောင့် ရှင့်စိတ်တို့မှုရဲ့အမှားအဖြစ် ကျွန်မ အပြစ်ပေးခဲ့တာပဲ"

သူ့ ပခုံးတစ်ဘက်က သူမ စကားကြောင့် တွန့်သွားရသည်ကို ခေါင်းငုံ့စာရေးပြီး ပြောနေသော သူမ သိမည်မဟုတ်။

ထူးခြားသည်ကတော့ "သိပ်နာနေလား ကို" ဟု တဖွဖွ မေးပြီး ဆေးလိမ်းပေးသော သူ့ရဲ့ချစ်သူ လွှာကို ထိုအချိန်မှာ သူ သတိမရနေခြင်းပင်။ လွှာရဲ့ နေ့စဉ် ဂရုစိုက် ဆေးလိမ်းပေးမှုကြောင့် သူ့ဒဏ်ရာပျောက်သွားရသော်လည်း သူမဆီမှာတော့ ကျန်ရှိနေဆဲပင်။

ဘုကျကျ သူမစကားကြောင့် စကားမဆက်တော့ဘဲ ဆိတ်ငြိမ်နေစဉ် ပိုက်ဆံလာပို့သော ဒရိုင်ဘာရောက်လာသည်။

သူမအား ပိုက်ဆံချေအပြီး အခန်းအပြင်ရောက်မှ သူ့မှာ ဆန္ဒတစ်ခု ပြင်းပြစွာရခဲ့သည်။

"သူမနာမည် ဘယ်သူပါလိမ့်"

ကုတ်အင်္ကျီအပြာရောင်ပေါ်က ရွှေရောင်စာလုံးပြားလေးကို မဖတ်ခဲ့မိခြင်းကို နောင်တမရတော့။

ကောင်တာထဲရှိ စာရေးမတစ်ယောက်အား လွယ်လင့်တကူ မေးရခဲ့သည်ပဲ။ ပြဿနာဖြစ်နေချိန်က တစ်ကြိမ်ကြားရသော်လည်း ကိုယ့်အပူနှင့်ကိုယ်မို့ သတိမထားမိခဲ့။

ယခုတစ်ကြိမ်တွင်တော့မှု သူ သေချာစွာ မှတ်သားလိုက်နိုင်





သည်။ သူမ အမည်က သူမကဲ့သို့ နွဲ့နှောင်းစွာ လှပမနေပေ။ "ချစ်နွယ်" တဲ့။

ရဲရင့်စွာ ထူးဆန်းသောနာမည်အဖြစ် သူမ စိတ်ဓာတ်နှင့်တော့ လိုက်ဖက်နေသည်။

❀❀❀

သူ့မှာ လှပလွန်းသော၊ အများက နတ်သမီးဟူ၍ပင် တင်စားခေါ်ရလောက်သော "မြရုပ်လွှာ"ဆိုသည့် မိန်းကလေးတစ်ယောက်ကိုလည်း ပိုင်ဆိုင်ထားသေးသည်။

သူငယ်ချင်းအားလုံး၏ "နတ်သမီးရဲ့သခင်"ဟူသော တင်စားချက်ကို သူ့ကိုယ်သူ မဆန်းစစ်မိသေးခင်အထိ ဂုဏ်ယူစရာအတိပြီးနေသည်။

လွှာက သိပ်လှပြီး သူ့ကို သိပ်ချစ်သည်လေ။

ဒါပေမယ့် လွှာက ပညာကလွဲပြီး တခြားနေရာများတွင် ထက်မြက်စူးရှခြင်း မရှိပေ။ စာအတော်ဆုံးနှင့် အဲလှဆုံးဟူသော ဂုဏ်ပုဒ်ကို ဆေးတက္ကသိုလ်တွင် ပိုင်ဆိုင်ထားရုံမျှနှင့် လုံလောက်





နေသည်။

လွှာ့ကို သိပ်ချစ်လား မချစ်လားဆိုတာကိုတော့ သူ့ကိုယ်သူ ယခုတိုင် မဆန်းစစ်မိသေး။

သေချာတာကတော့ သွေးဆူရှိန်းမြသော ရင်ခုန်မှုမျိုးကို လွှာ နဲ့ပတ်သက်ပြီး ယခုအချိန်အထိ မဖြစ်ပေါ်ဘူးခဲ့။

အင်းလေ လွှာ့အလှကိုက နွေးထွေးရှိန်းမြရုံလေးပဲကိုး။

နှစ်ဘက်လူကြီးများ သဘောတူထားသလို သူ့ကိုလည် အလျော့ပေးတတ်သော "လွှာ့"ကို တွယ်တာနေသည်ကတော့ သူ့ဘ က ခိုင်လုံနေသည်။ သို့သော်လည်း လွှာနှင့်ပတ်သက်သော သူ့ရဲ့ခံစား ကိုတော့ သူကိုယ်တိုင် အားမရနိုင်သေးပေ။ ဒီထက်ပိုပြီး သွေးခ မြန်ဆန်သော ရင်ခုန်သံမျိုး ဖြစ်ပေါ်ချင်သည်။ ဒါပေမယ့် သူကိုယ်တို ကိုက...

"ကလင် ကလင် ကလင်"

စူးရှတိုးငြင်းသော ဖုန်းသံကြောင့် အတွေးစတွေကိုဖြတ်ပြ ဖုန်းခွက်ကို ကိုင်လိုက်သည်။

"ကိုလား"

ချိုကြည်နူးမြသော အသံသည် လွှာကလွဲ၍ မည်သူ မဖြစ်နိုင်။

"လွှာ ပြောလေ"

"ကို…လွှာဦးနှောက် ခဏလေး ဆေးချင်တယ်၊ အခုလွှာကို လာခေါ်နော်၊ လှည်းတန်းမှာ တစ်ခုခုသွားစားရအောင်"

သူ့ကို အမြဲတမ်း ကလေးငယ်တစ်ယောက်လို ပူဆာတတ်ပြီး စိတ်ကောက်တတ်သည်မှာ လွှာရဲ့ အကျင့်ပင်။ စိတ်ကောက်တိုင်း သူ မချော့ရခင် ဦးစွာပြန်ချော့သူမှာလည်း လွှာပင် ဖြစ်နေတတ်သည်။

"ကို တစ်နေ့လုံး ပင်ပန်းထားလို့ နားချင်နေတယ် လွှာရဲ့၊ မနက်ဖန်မနက်မှ သွားစားရအောင်နော်"

"ဟာကွာ မရဘူး၊ လွှာ အခုစာတွေမှတ်ရလွန်းလို့ ဦးနှောက်တွေ ရှုပ်ထွေးနေသလိုပဲ၊ ကိုနဲ့တွေ့ရင် အဲဒါတွေ ပျောက်သွားမှာ၊ လာခေါ်နော်၊ ကို နောက်ဆယ်မိနစ်"

သူ့အတွက် အချိန်ကိုပါ သတ်မှတ်ပေးပြီး ဖုန်းချသွားပြီဖြစ်သည်။ နောက်ဆယ်မိနစ်အတွင်း သူ လိုက်မလာပါက သူ့အမေဆီကို ဖုန်းဆက်ပြီး တိုင်ဦးမည်။ သူ့အမေကလည်း သူ့ကို သွားဖို့ တိုက်တွန်းမည်။

"လွှာ စုတ်လေး"

ပါးစပ်မှ တိုးတိုးရွတ်ပြီး တီရှပ်အပြာဖျော့ဖျော့ကို ကောက်လဲလိုက်သည်။

အိမ်နေရင်း ဘောင်းဘီတိုကိုလဲဖို့ မှန်ရှေ့ရပ်လိုက်စဉ် ခြေသလုံးဆီမှ ပန်းရောင်ဖျော့ဖျော့မျှသာ ကျန်ရှိနေသောဒဏ်ရာကို တွေ့ရ





သည်။

"ကေဝင်ပုပ္ပားက နဖူးက အမာရွတ်မြင်တိုင်း မဟော်သဝေကို သတိရတယ်တဲ့၊ ငါကတော့ ခြေသလုံးက ဒဏ်ရာကိုမြင်တိုင်း 'ချစ်နွယ်' ကို သတိရတော့မလို ဖြစ်နေပြီ"

ပြောင်ပျက်ပျက်နှင့် အတွေးထဲ မတော်တဆဝင်ရောက်လာတတ်သော သူမကို မောင်းထုတ်ဖို့ မကြိုးစားမိခဲ့ခြင်းသည် သူ့ကိုယ်သူ လျှော့တွက်ခဲ့ခြင်းသာဖြစ်ကြောင်း နောင်မှ သိခဲ့ရလေသည်။

❀❀❀

လွှာသည် အဘယ်မျှ ကလေးဆန်သနည်းဟု ပြောရလျှင်
လှည်းတန်းမှာ တစ်ခုခုစားရအောင်ဟုပြောခဲ့သော်လည်း ထိုတစ်ခုခု
သည် "ဝက်သားတုတ်ထိုး" ဟူသော သွားရည်စာဖြစ်နေခြင်းပင်။

"လာပါ လွှာရာ၊ ရှမ်းခေါက်ဆွဲပဲ စားမယ်"

"ဟင့်အင်း ကို၊ လွှာ တုတ်ထိုးစားချင်နေတာကြာပြီ၊ မေမေ
ကလည်း ပေးမစားလို့ ကိုနဲ့ လာစားတာ၊ လာပါ ကိုရာ၊ စားကြည့်
စမ်းပါ၊ ကောင်းတယ်ကွ၊ ပူပူနွေးနွေးနဲ့ အီအီလေး"

လွှာ့ဘက်က အားပါးတရလေသံနှင့် လိုလားနှစ်ခြိုက်စွာ
အမွှန်းတင်နေသော်လည်း သူ့ဘက်ကတော့ ဖုန်တထောင်းထောင်
ထနေသော ကားလမ်းမ၊ အငွေ့တလူလူထွက်နေသော ဝက်သားဗန်း





တစ်ယောက်ပြီးတစ်ယောက် ထိုးနှစ်ကာ အားပါးတရစိမ်စားနေသော
အချဉ်ရည်ပုလင်း။

"မစားဘူး လွှာ၊ လွှာစားချင်ရင်စား၊ ကိုတော့ ရွံတယ်၊
လွှာလဲ ဆရာဝန်လောင်းတစ်ယောက်ပဲကွာ"

သူ ဘယ်လောက်ပြောပြော လွှာကတော့ ဝက်သားတုတ်ထိုး
ဆိုင်ရှေ့ရှိ ခုံပုလေးပေါ်သို့ ထိုင်ပြီးသားဖြစ်နေသည်။

ဝက်သားတုတ်ထိုးတစ်ချောင်းကို လွှာ ကောက်ကိုင်လိုက်ချိန်
တွင် သူ့ခြေလှမ်းတွေကလည်း ရှမ်းတောင်တန်းဆိုင်ရှိရာသို့ ဦးတည်ပြီး
သား ဖြစ်နေသည်။

လှပသော နှုတ်ခမ်းနီရောင် မပျက်အောင် ဝက်သားတုတ်
ထိုးကို တစ်ခုပြီးတစ်ခု လွှာစားနေချိန်တွင် သူကလည်း ရှမ်းခေါက်
ဆွဲတစ်ပွဲကို ခုံမင်နှစ်ခြိုက်စွာ စားနေပြီဖြစ်သည်။

ဟဲ…ဘယ်လောက်များ ကိုးလိုးကန့်လန့်နိုင်တဲ့ လွှာလဲလို့။

ရှမ်းခေါက်ဆွဲတစ်ပွဲကို အဆုံးသတ်၍ တစ်ရှူးဖြင့် နှုတ်ခမ်း
ကိုသုတ်ပြီး ဆိုင်အတွင်း ဝေ့ကြည့်လိုက်စဉ်…

"ချစ်နွယ်"

သူ့ နှုတ်ခမ်းလှုပ်ရုံလေးသာ ထွက်သွားသောလေသံကို သူမ
ကြားနိုင်မည် မဟုတ်သော်လည်း သူမ သူ့ကို ကြည့်နေမိသည်။

ဒါပေမယ့် သူမ အကြည့်တွေသည် စူးရှလွန်းသည်၊ လှို့ဝှက်

လွန်းသည်၊ နက်နဲသိပ်သည်းလွန်းသည်။

သူ့ရဲ့ ယောင်နနအပြုံးကို သူမ တုံ့ပြန်ပြုံးမည်ဟု ထင်ခဲ့သော်လည်း သူမ ပြန်မပြုံးပြခဲ့ပေ။

ထို့ကြောင့်လည်း သူ့ခြေလှမ်းတွေက သူမ စားပွဲဆီ အလိုအလျောက် ရောက်သွားခဲ့ရသည်။

"ချစ်နွယ် ကျွန်တော့်ကို မှတ်မိရဲ့လား"

ခေါင်းမော့ကြည့်လာသော သူမအပြုံးက လှောင်ပြောင်သရော်မှုအပြည့်ဖြင့်။ ပြီးတော့...

"မင်း ကောင်မလေးကို သွားခေါ်သင့်ပြီ"

"ခင်ဗျာ"

သူမ၏ အစအဆုံးမရှိသော စကားကြောင့် သူကြောင်သွားသလိုဖြစ်နေစဉ်...

"မင်းကို တုတ်ထိုးဆိုင်က မင်းကောင်မလေးကို သွားခေါ်နိုင်းတာ၊ တို့ကို စကားပြောလို့ရမယ့် အကျိုးကျေးဇူးက မင်းကောင်မလေးကို ချော့ဖို့ မလုံလောက်ဘူး"

သူနဲ့ လွှာရဲ့ အဖြစ်အပျက်ကို အစအဆုံးကြားခဲ့မြင်ခဲ့ဟန်တူသော သူမစကားကို ယခုမှပင် သူ သဘောပေါက်မိတော့သည်။

လွှာကို မေ့လျော့စွာဖြင့် သူမကို ဘာဖြစ်လို့ သူ စကားလာပြောရတာပါလိမ့်။





သူ့ကိုယ်သူ မဆန်းစစ်မိခင်ပင် သူမက ရှမ်းခေါက်ဆွဲကို တူဖြင့် စိမ်ပြေနပြေ မွှေနေသည်။

"မင်းနဲ့ စက္ကန့်ပိုင်းလေးပဲ စောပြီး ဆိုင်ထဲကို တို့ရောက်တာ၊ မင်းကောင်မလေးကို အလျော့ပေးဖို့ သင့်တယ်။ အရုပ်ကလေးလို လှတဲ့ အမျိုးသမီးလေးဟာ မင်း အထိန်းအသိမ်းညံ့လို့ သူများနောက်ပါသွားမယ်နော်"

သူမရဲ့ ခနဲ့တဲ့တဲ့စကားအဆုံး သူသည် ချစ်နွယ်ကို ကျောခိုင်းပြီး ဖြစ်နေသည်။

"တော်တော် သူများကိစ္စကို စွက်ဖက်ချင်တဲ့ မိန်းမ"

စိတ်ထဲကကြိတ်ပြီး တိုတောင်းစွာ မှတ်ချက်ချမိခြင်းဖြစ်သည်။ တစ်စုံတစ်ရာရဲ့ လှုံ့ဆော်မှုကြောင့်ဟု ထင်မိသော်လည်း တစ်စုံတစ်ရာသည် လွှာလား၊ ချစ်နွယ်လားဆိုတာကို ပြတ်သားစွာ သူမသိချင်တော့။

လွှာနဲ့ ပတ်သက်ပြီး ချစ်နွယ်၏ စွက်ဖက်မှုကို စိတ်မဆိုးသော်လည်း သူ့အပေါ် ဝေဖန်ပြစ်တင်လျှော့တွက်မှုကိုတော့ မကျေနပ်နိုင်ခဲ့။

ပြောင်ရှင်းသပ်ရပ်နေသော မျက်ခုံးနက်နက်နှင့် မိန်းမရှေ့မှ သူ့ခေါ်သမျှသည် ပြန့်ဖွတ်ဝင်းစင်နေသော လွှာရှေ့သို့ ရောက်သည့်တိုင်အောင် မပြေပျောက်နိုင်ခဲ့ပေ။

"လွှာ နောက်တစ်ခါ ကို့စကား နားထောင်ဖို့ စိတ်ကူးမရှိရင် ကိုယ့်ကို မခေါ်နဲ့"

သူရဲ့ ပြတ်သားသော စကားအဆုံး လွှာသည် သူ့မျက်နှာ ထန်ထန်ကိုကြည့်ရင်း မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ကာ ဝမ်းနည်းခဲ့သည်။

သူ့ဘဝတွင် ပထမဦးဆုံးအကြိမ် မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး အခြားမိန်းမတစ်ယောက်အပေါ်တွင် အပြစ်ပုံခဲ့ခြင်းဖြစ်ကြောင်း သိနေသော်လည်း တစ်ကိုယ်ကောင်းဆန်စွာဖြင့် သူ့ကိုယ်သူ ဝန်မခံခဲ့ပေ။

❀❀❀



သူသည် သူ့ကို သွေးဆူလွယ်စေသော သူမနှင့်ဆုံရသော အချိန်တိုင်း ဒေါသထွက်ရလေ့ရှိသော်လည်း ထိုဒေါသများသည် ပြေလွယ်ပျောက်လွယ်နှင့် သူမအပေါ် ပုံကျနေလေ့ မရှိပေ။

တစ်နည်းပြောရလျှင် သူမနှင့် စကားပြောရမည်ကိုပင် သူ့ဘက်က လိုလားနေပေသေးသည်။

အမြဲတမ်း သူအနိုင်ရမည်ကို ကြိုတင်သိနေသော လွှာနဲ့ စကားပြောချိန်ထက် အနိုင်အရှုံး မသေချာသော သူ ရှုံးမည့်ဘက်သို့ အလေးသာလေ့ရှိသောကစားပွဲကိုသာ တောင့်တနေမိသည်မှာ ထူးဆန်းနေလေတော့သည်။

ယခုလည်း ဂျပန်ကုမ္ပဏီတစ်ခုမှ သူမတို့ကုန်တိုက်အတွက်

တစ်ဦးတည်းကိုယ်စားလှယ်ယူ၍ မြန်မာပြည်တွင် ဖြန့်သော မိတ်ကပ် ပြပွဲအတွက် လွှာကို သရုပ်ပြပေးရန် ကမ်းလှမ်းခြင်းခံရသည်။

"လွှာနဲ့အတူ အလှမယ်နှစ်ယောက်လည်းပါတယ် ကိုရဲ၊ သူတို့က လွှာ အလှမယ်မဟုတ်ပေမယ့် လွှာ့သတင်းကြောင့် လာပြီး အကူအညီတောင်းတာတဲ့၊ ကုန်တိုက်မှာပဲ ကျင်းပမှာ ကိုရဲ၊ ကို လိုက်ခဲ့ရမယ်နော်"

တက်ကြွသော လွှာရဲ့အသံသည် အလှသတင်းကျော်ဇောမှု အတွက် ဂုဏ်ယူထယ်ဝါနေသည်။ ကုန်တိုက်ဟူသော အသံကြား ရုံမျှနှင့် သူ့စိတ်အာရုံသည် သူမဆီသို့ပင် ခဏမျှ လွင့်ပျံချင်ချင် ဖြစ်သွားမိသေးသည်။

မီးမောင်းဆလိုက်များဖြင့် ကြည်လင်တောက်ပသော ပြခန်း သည် ယခင်က သူ့ကို ကောင်းကောင်း အရှက်ခွဲခဲ့သောနေရာတစ်ခု အဖြစ် သူ ထပ်ခြေမချချင်သည့် စိတ်ကူးမျိုးဖြစ်နေသင့်သည်။ ယခု တော့ သူ့စိတ်တွေက လန်းဆန်းတက်ကြွလွန်းနေသည်။

လွှာရဲ့ဧည့်သည်အဖြစ် လိုက်ပါခဲ့ရသော်လည်း လွှာနဲ့ သူနဲ့ State တစ်ခု ခြားနေသည်။

လွှာကို မိတ်ကပ်ခန်းထဲ ပို့ပေးပြီးသည်နှင့်တစ်ပြိုင်နက် သူ့ မျက်လုံးတွေ လွတ်လပ်သွားရသည်။

အပြာရင့်ရင့်ဇတ်စုံများဖြင့် မဟုတ်တော့သော်လည်း ပန်းနု





ရောင်ဝတ်စုံများကြားတွင် သူမကို တွေ့ရလိမ့်မည်ဟု လွယ်လင့်တကူ မျှော်လင့်ခဲ့မိသော်လည်း ရှာမတွေ့ခဲ့ပေ။

တဖြည်းဖြည်း ငြီမ့်ညောင်းသော အနောက်တိုင်းတေးသွား များနှင့် နေရာယူနေကြပြီဖြစ်သော ပရိသတ်များနည်းတူ သူလည်း စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။

အသင့်ချထားပေးသော ဆန်းကစ်ဘူးထဲမှ အအေးကို ဖန်ခွက် ထဲထည့်ပြီး စင်ပေါ်မှ လွှာ့အလှကိုသာ အာရုံစိုက်ဖို့ ကြိုးစားလိုက် သည်။

ပြောင်ရှင်းသန့်စင်နေသော လွှာ့မျက်နှာပေါ်တွင် မိတ်ကပ် စက်များဖြင့် တို့ထိလိမ်းခြယ်ပေးနေသည်မှာ ပျင်းရိဖွယ်ပင် ကောင်း သေးတော့သည်။

သွားပြီ Blue Sky ကို လိုက်ခဲ့ရခြင်းအတွက် သူ့ဘက်က ဆန္ဒတွေ မပြည့်နိုင်တော့။

စိတ်ပျက်စွာ ဖန်ခွက်ထဲက အအေးကို မော့ချလိုက်ချိန်တွင် ဖန်ခွက်အရိပ်ဘေးမှ ပန်းနုရောင်ဖျော့ဖျော့က. လျှပ်ပြက်သလို ထင်လာ သည်။

လူတစ်ယောက်မှ မရှိသော သူ့စားပွဲတွင် ဧည့်သည်တစ် ယောက် တိုးနေပြီကော။

အမှတ်တမဲ့ လှမ်းကြည့်မိစဉ်…

သူ့ရှင်သည် လှိုက်ခနဲ ဖြတ်ခနဲ ကြည်နူးရိပ်ဖြတ်ဖုံးသွားသည်။

“မြင်ဖူးပါတယ်လို့ ကြည့်နေတာ၊ ရှင့်ကိုမြင်မှ ရှင့်ကောင်မလေးမှန်း မှတ်မိတော့တယ်”

သူမဘက်မှ ထူးခြားစွာ သူ့ဆီသို့ လိုလိုလားလား စကားဆိုလာသဖြင့် …

“ကိုယ့်ကို မကြာသေးခင်ကမှ စကားတွေနဲ့ အနိုင်ပိုင်းတတ်တဲ့သူကို ကိုကတော့ မြင်တာနဲ့ မှတ်မိနေတယ် ချစ်နွယ်”

“ကျွန်မကလဲ ကျွန်မဆီမှာ ကြွေးတင်နေတဲ့ လူတစ်ယောက်ကို ဘယ်မေ့ပါ့မလဲ၊ အဲဒီကြွေးတင်အောင်လုပ်သွားတဲ့ ရှင့်ကောင်မလေးကိုသာ မမှတ်မိတာ”

သူမ နှုတ်ခမ်းက ရယ်လာသဖြင့် စကားပြောလျှင် သိပ်လှလှန်းနေသည်။ ထိုသိပ်လှလွန်းသော နှုတ်ခမ်းကပင် သူ့ကို နားမလည်စေသော စကားများထွက်လာနိုင်စေသည်။

“ဘာရယ်၊ အကြွေး၊ ဟုတ်လား၊ မင်းဆီမှာ ကိုအကြွေးဝယ်ထားတာ ဘာမှမရှိဘူးနော်၊ မျက်မှန်ဖိုးကိုတောင် အကြွေးမရလို့ လက်ငင်းအကြေချေခဲ့ဖူးကယ်လေ”

သူမက လှိုက်ဖိုက်သိပ်သည်းစွာ ပြုံးပြီး…

“ရှင်ဟာ မှတ်ဉာဏ်နည်းရုံမက မေ့လျော့ပျောက်ပျက်တတ်





တဲ့အကျင့်ပါ ရှိနေတာကိုး”

သူသည် ဒီတစ်ခါတော့ သူမ စကားတွေကို ဒေါသမထွက်တော့၊ ကျေနပ်လှိုက်လှဲစွာဖြင့် သူမနှုတ်မှစကားကိုသာ မျှော်လင့်နေမိတော့သည်။

“ဆိုစမ်းပါဦး၊ ဘယ်အချိန်က မင်းဆီမှာ ကိုယ် ကြွေးတင်သွားရတာလဲ”

“ကြည့်စမ်းပါဦး၊ ရှင့်ကောင်မလေးက လှလာလိုက်တာ၊ မပြင်ခင်က ပကတိအလှနဲ့ အခုပြင်လိုက်တဲ့ အလှနှစ်မျိုးစလုံးက ဘယ်သူမျှ မယှဉ်နိုင်အောင် လှလွန်းတယ်နော်၊ ရှင် သိပ်ကံကောင်းတာပဲ၊ ဟော…သူ ကျွန်မတို့ဝိုင်းကို လှမ်းကြည့်နေပြီ”

သူ့အမေးကို မဖြေဘဲ လွှာ့အလှကို သူမက ချီးမွမ်းခန်းဖွင့်နေသေးသည်။ မျက်စိမှိတ်ထားရာမှ မျက်လုံးဖွင့်၍ ပရိသတ်ဘက်ဝေ့အကြည့်တွင် လွှာ့အကြည့်တွေက သူတို့ဝိုင်းဆီ ဝေးခနဲ ဝိုက်ခနဲ။

“ထားစမ်းပါကွာ၊ ကိုမေးတာ ဖြေပါဦး၊ လွှာ့ကို ဘယ်အချိန်ကြည့်ကြည့် ရပါတယ်၊ လွှာက ကိုယ့်ချစ်သူပဲ”

သူ့စကားကြောင့် သူမ မျက်နှာက ပြုံးတေ့တေ့ဖြစ်သွားပြီး…

“ရှမ်းတောင်တန်းဆိုင်ထဲမှာ ရှမ်းခေါက်ဆွဲဖိုး အကြွေးလေ”

“ဟာ…သေလိုက်ပါတော့ကွာ၊ ကို အဲဒီလောက်မေ့လျော့သွားရတယ်လို့၊ အဲဒါ မင်းကြောင့်ကွ”

ဒေါသဖြင့်ထွက်သွားခဲ့သော သူသည် ထိုနေ့က ရှမ်းခေါက်ဆွဲဖိုး မရှင်းခဲ့မှန်း ယခုမှ သတိရတော့သည်။

ရှက်ရယ်သံဟဟဖြင့် သူပြောစဉ် သူမက လှှာကိုပဲ ကြည့်နေသည်။

ဒီတော့လည်း သူမကို သူ လွတ်လွတ်လပ်လပ် ကြည့်ခွင့်ရခဲ့တာပေါ့။

ပန်းရောင်ဖျော့ ရင်ဖုံးအင်္ကျီလက်ရှည်ပေါ်တွင် ရွှေရောင်ရင်ထိုးလေးတစ်ခု ဝင်းဖန့်စွာ နေရာယူထားလျက် ဆံနွယ်ခွေခွေများကို ခပ်မြင့်မြင့် စုစည်းထားသဖြင့် သူမ မျက်နှာက ကျော့ရှင်းသေသပ်နေသည်။

မျက်ခုံးထင်းထင်းနှင့် မျက်လုံးတောက်တောက်ကလွဲရင် သူမမျက်နှာပေါ်တွင် ပြောင်ရှင်းနေသည်။ အနည်းဆုံး ပန်းနုရောင် နှုတ်ခမ်းနီဖျော့ဖျော့ဖြစ်ဖြစ် သူမ ဆိုးခဲ့ဖို့သင့်သည်။

နှုတ်ခမ်းနီအရောင်ရင့်ရင့်များကို ခပ်ထူထူဆိုးလေ့ရှိသော လှှာနှုတ်ခမ်း ထူပြည့်ပြည့်ကို သူ စွဲမက်မနေသည်မှာ ယခုမှလား။ ထိုအချိန်ကတည်းကလား။ သေချာနေသည်မှာ သူမနှင့်တွေ့ချိန်မှစ၍ သူ့အသိတွေအားလုံး လင်းလက်လာရခြင်းပင်။ အထူးသဖြင့် သူ့နှလုံးသားပင် ဖြစ်လိမ့်မည်။

မကြာခင်ပင် သူမဘေးသို့ ကောင်မလေးတစ်ယောက်





ရောက်လာပြီး ခပ်တိုးတိုး တစ်စုံတစ်ရာလာပြောစဉ်…

"ကဲ…တို့ညည်းသည်တွေကို လိုက်ရှင်းပြစရာတွေရှိလို့ ခွင့်ပြုဦး၊ ကြုံမှ ထပ်အကြွေးတောင်းတာပေါ့"

သူ့ဆီက တုံ့ပြန်စကားကိုပင် နားမထောင်တော့ဘဲ ခပ်သွက်သွက် ထထွက်သွားသည်။

ပရိသတ်ဆီမှ လက်ခုပ်သံပါးပါး ကြားရပြီး မကြာမီပင် လှှာလည်း သူ့ဆီ တန်းတန်းမတ်မတ်လျှောက်လာသည်။

"ကို ပျင်းနေပြီလား၊ စောစောက ဘယ်သူလဲဟင်"

ပြေပြစ်လှပသော မိတ်ကပ်ပါးပါးပေါ်တွင် လှှာက တင့်တယ်စဖွယ် ပြုံး၍မေးသည်။

သူကလည်း ပီရိသေသပ်စွာ ပြုံး၍ လိပ်ပြာမလုံစွာနှင့်…

"ကိုယ့်ကြွေးရှင်လေ၊ သူ့ကို ကိုယ်ကြွေးနည်းနည်းဆပ်စရာရှိနေတယ်"

ဝိုင်းစက်အံ့ဩသွားသော လှှာမျက်လုံးလေးများကို အေးစက်ရီဝေစွာကြည့်၍ သက်ပြင်းတစ်ချ ချမိတော့သည်။

❀❀❀

နောက်တစ်ကြိမ် သူမနဲ့ ထပ်တွေ့ဆုံရန် သူ့ရဲ့ ရင်းနှီးမှုက တော့ အနည်းငယ်ဆန်းနေသော်လည်း ခပ်ရိုးရိုးနည်းကိုပင် သူ သုံးခဲ့ခြင်း ဖြစ်သည်။

"ဟာ…ကွဲသွားပြီ"

ဒီတစ်ခါ ကြားရသောအသံသည် သူ့အတွက် အချိုလွင်ဆုံး လှိုင်စင်သံပင်။ ကျကွဲသွားသော ကြွေစကလေးများသာ စကားပြော တတ်မည်ဆိုလျှင် တမင်ချခွဲလိုက်သော သူ့ကို ကျိန်ဆဲကောင်း ကျိန်ဆဲ နိုင်သည်။

"ဘောက်ချာပေးလေ၊ မန်နေဂျာဆီ သွားလိုက်မယ်"

အုံ့ညှိသွားသော အရောင်းစာရေး၏မျက်နှာ၊ ပြီးတော့…





"ဩော်…လူကြီးမင်းက တစ်ခါလျှော်ဖူးပြီ ထင်တယ်"

"စိတ်ချ၊ နောက်ထပ်လဲ ကျွန်တော်လာလျှော်ချင် လျှော် ရဦးမှာ"

သူ့လက်ထဲသို့ ဘောက်ချာစာရွက်ကို မထည့်ဘဲ ဦးခေါင်း ခေါ်သွားရာနောက်သို့ ဒုတိယအကြိမ် သူခြေချရပြန်သည်။ ဒီတစ်ခါ တော့ ပထမတစ်ခါနှင့် ခြားနားစွာ ဆန့်ကျင်စွာ ပေါ့ပါးသွက်လက် လျက်။

တံခါးတွန်းအဖွင့် Air Condition ၏ လေငွေ့အေးအေးက သူ့မျက်နှာကို ဝေ့အပက်၊ သူမ မျက်နှာကြည်ကြည်က မျက်မှန် လှမ်းအကြည့်၊ ကြည်နူးဖွယ်ပဲ ကောင်းဘိတော့။

ဘောက်ချာကို လှမ်းယူပြီး သူ့ကိုမွေ့ကြည့်စဉ် ပခုံးနှစ်ဘက် ကျုံ့၍ ပြုံးပြလိုက်မိသည်။

"ကို အကြွေးလာဆပ်တာလေ"

သူမရှေ့ရှိ ထိုင်ခုံပေါ်တွင် ထိုင်ချရင်း ပြောလိုက်စဉ်…

"ပန်းအိုးတစ်လုံးက ကြားခံကွဲရတာကိုတော့ စိတ်မသက် သာစရာပဲ"

"မင်းကိုတွေ့ဖို့ ဒီတစ်နည်းပဲ ရှိတာကိုး၊ တို့အကြွေးကို သံသရာမီ မပါချင်ဘူးလေ"

မျက်လုံးစွင့်၍ တော့ပင်ကိုင်ထားသောလက်ကို တစ်ချောက်

ဖျောက်ချိုးရင်း ဆိုဖာနောက်မှီပေါ်သို့ မှီချလိုက်သေးသည်။

"မလိုပါဘူးကွာ၊ တို့မှ အကြွေးမတောင်းသေးဘဲ"

"ဒါပေမယ့် ကို ဆပ်ချင်နေပြီလေ"

သူ့နှုတ်တွေက စိုးရွံ့မှုမရှိ သွက်လက်နေသည်မှာ ထူးဆန်းနေသေးတော့သည်။

"ကဲ....မင်းစားခဲ့တာ ( )ကျတယ်"

သူ ပိုက်ဆံသက်သက်ပေးဖို့လာသည် မဟုတ်မှန်း သူမ သိနေနိုင်တာပဲ"

"ကိုက ဒီနည်းနဲ့ မဆပ်ချင်ဘူးလေ၊ ကိုစားခဲ့တာ မင်း ရှင်းပေးခဲ့တဲ့အတွက် မင်းစားတာကို ကို ပြန်ရှင်းပေးချင်တယ်"

ဒီတစ်ခါတော့ ပခုံးတွန့်လိုက်သည်မှာ သူမ ဖြစ်နေသည်။

"တို့ လက်မခံရင်ကော"

မရဘူးလေ ချစ်နွယ်၊ ကို ဘာကိုလိုချင်မှန်း သေချာသိနေပြီလေ။

"ဒါဆိုရင် Blue Sky ကုန်တိုက်ကပစ္စည်းတွေ တစ်နေ့ တစ်ခါကို လာဖျက်ဆီးပေးရမှာပေါ့"

"အိုး...ရှင့်ကို ကျွန်မက လူတုံးလေးမှတ်တာ၊ ရှင်က လူလည်ကြီးပဲ"

သူမ ဟက်ဟက်ပက်ပက်ရယ်သည်မှာ နီရဲသောခံတွင်းကိုပါ





လှုပ်တစ်ပြက် မြင်လိုက်ရသေးသည်။ လက်ချောင်းလေးများဖြင့် ပါးစပ်ကို ကာကွယ်ပြီး ၂လှုပပရယ်ဖို့ လွှာလို မစဉ်းစားတတ်ဘူး ထင်ရဲ့။

"ကဲ...ရှင့်မှာ အချိန်တွေ သိပ်ပေါများနေပေမယ့် တို့အတွက် အချိန်က ရှားပါးစေနည်းလွန်းလှတယ်၊ လုပ်စရာစာရင်းတွေ ရှိသေးတယ်၊ မင်းပြန်တော့"

တကယ့်ကိုပဲ သူမက စာရင်းတွေ ပြန်လုပ်နေသည်။ ပြောင်ရှင်းရှင်းနဖူးပေါ်က ဆံညွှန့်ချန်ချန်ကို လေဖြင့်မှုတ်ဆော့ ကစားလိုက်ချင်သေးသည်။

"ပြန်တော့လေ၊ ရှင် ဒီကိုလာရတဲ့ ရည်ရွယ်ချက်ပျက်သွားပြီ မဟုတ်လား"

အတင်းနှင်နေပြီမို့ ပန်းအိုးဖိုးပိုက်ဆံကို စားပွဲပေါ်တင်ပေးရင်း...

"ကောင်းပြီလေ၊ ကိုကတော့ ကြွေးရှင်က ကြွေးဆပ်ဖို့ လက်မခံမချင်း လာနေဦးမှာပဲ"

"အရူး"

သူမရှေ့မှ လှည့်အထွက် မှန်တံခါးအဖွင့်တွင် ကြားဖြစ်အောင် ကြားလိုက်ရသော စကားကြောင့် မှန်တံခါးရှေ့တွင် အားပါးတရ ပြုံးမိလိုက်သည်။

ထို့နောက် မှန်တံခါးကို လက်ခလယ်ဖြင့် သုံးချက်ခေါက်ပြီး

နှုတ်ဆက်ထွက်လာလိုက်သည်။

သူသည် လက်ရှိအခြေအနေအားလုံးကို လျစ်လျူရှုကာ ရည်ရွယ်ချက်အသစ်ကို အကောင်အထည်ဖော်မှန်းမသိ ရှေ့တိုးနေခဲ့သည်ကိုတော့ စိတ်ပျက်ဖွယ် သူကျေနပ်နေမိသည်။

❀❀❀

နေ့[illegible]တစ်နေ့အတွက် ကံဆိုးဖွယ် စားစာခံရသောပန္နည်းလေးမှာ ဖန်ကြည်ခွက်လှလှလေးဖြစ်၍ သူမ မျက်နှာသည်လည်း ကြည်လင်လဲ့ပြုံးနေခဲ့သည်။

"ဖန်ခွက်ဖိုး ၁၂၀၀ ချေပြီးရင် ပြန်တော့၊ တို့ ထမင်းစားချိန် ထမင်းစားရဦးမယ်"

ထမင်းဘူးကို သူ့ရှေ့တွင် ဖွင့်၍ ပြောင်ပြောင်တင်းတင်း သူမ စားနေသောအခါ သူလည်း ပွင့်ပွင့်လင်းလင်းပင် သူမကို ကြည့်နေလိုက်သည်။

"ရှင့်ကို သနားတယ် သိလား၊ အချိန်တွေကို တန်ဖိုးရှိရှိ အသုံးမချတတ်သေးလို့"

ထမင်းဘူးကိုပိတ်ပြီး နှုတ်ခမ်းဖျားကို လက်သုတ်ပဝါဖြင့် တို့ထိရင်း သူမ ပြောသဖြင့်…

"တို့အတွက် ဒီအချိန်တွေက တန်ဖိုးရှိနေတာပဲ"

သူ့စကားကြောင့် တိုးညင်းညင်း ရယ်ပြီးနောက်…

"ရှင့်ကောင်မလေးနဲ့ စိတ်ကောက်နေကြတယ် ထင်တယ်၊ ဘယ်မိန်းကလေးတမှ ကို့ချစ်သူကို ရက်ရက်ရောရော အလှူပေး စွန့်လွှတ်မှာ မဟုတ်ဘူးနော်"

သူမ စကားကြောင့် လွှာ့ကို သတိရမိသော်လည်း သူ့ခြေလှမ်းတွေက အနည်းငယ် ကျုံ့စပြုနေပြီဖြစ်သည်။

"ကလင် ကလင် ကလင်"

ဖုန်းမြည်သံက ချထားသော သူ့ရဲ့ Hand Phone မှ ဖြစ်နေ၍ သူ့ကုမ္ပဏီမှ အရေးကြီးကိစ္စတစ်ခုအတွက် ဆက်ခြင်းဖြစ်နေသည်။

"ကဲ…အချိန်ကို တန်ဖိုးရှိရှိ သွားအသုံးချလိုက်ဦးမယ်၊ ဒီနေ့တော့ မင်း အကြွေးပြန်လိုချင်လည်း ကိုမဆပ်နိုင်သေးဘူး"

တံခါးကို နောက်ပြန်ပိတ်ပြီး မှန်တံခါးကို လက်ဖြင့်ခေါက်စဉ် အရောင်းစာရေးတချို့က သူ့ကို ပြုံးစိစိကြည့်နေသည်ကို တွေ့ရသည်။

ပြောင်စပ်စပ် ဘဲနှုတ်သီးပုံ မတ်ခွက်လေးကို နောက်တစ်နေ့





အတွက် ပစ်မှတ်သတ်မှတ်ဖို့ Blue Sky မှအပြန်တွင် ရွေးချယ်လိုက်သည်။

❀❀❀



ဘဲဥ္ဆုတ်သီးလေး ပွဲကြွေအပြီးတွင် စိမ်းပြာရောင် ခာတ်ပုံဘောင်လေး၏ အလှည့်ဖြစ်နေသည်။

ဗိုင်ဘာ ခာတ်ပုံဘောင်လေးဖြစ်၍ တမင်လွှတ်ချသည့်တိုင် ထိုပစ္စည်းလေးက ကွဲအက်သွားခြင်းပင် မရှိ။

အံ့သြနေသော အရောင်းစာရေး၏ရှေ့တွင်ပင် ကြောင်တောင်တောင်နိုင်လှစွာ လက်နှစ်ဘက်ဖြင့် ဖိချေချိုးဖွဲ့ရတော့သည်။

"ဘယ်လိုကြီးမှန်းလဲ မသိဘူး"

ခပ်တိုးတိုးရေရွတ်သံကို မကြားယောင်ဆောင်၍ သူမ အခန်းထဲအရောက်...

"အိုကေ...မင်းအကြွေးကို တို့ ဒီနေ့ လက်ခံမယ်၊ နာရီဝက်





အချိန်အတွင်း နေ့လည်စာတစ်ခုခုနဲ့ အကြွေးဆပ်ပေါ့"

စကာတ်တိုတိုအစား လုံချည်အပြာရောင် အပွင့်စိပ်စိပ်ကို လှဲလှယ်ဝတ်ပြီးသား တွေ့ရသည်။

"မင်းမှာ ပိုက်ဆံပေါတိုင်း ဖြုန်းနေနိုင်ပေမယ့် Blue Sky ရဲ့ပစ္စည်းတွေ အကျိုးမဲ့ပျက်စီးနေတာတော့ တို့ ကယ်တင်သင့်တယ်"

ကြီးကျယ်ရန်ကော။ အဲဒါ မင်းကြောင့်လို့ စိတ်ထဲမှာ တိုးတိုးပြောရင်း သူမနောက်မှ လိုက်ခဲ့လိုက်သည်။

"ဒီလိုမှန်းသိရင် ခာတ်ပုံဘောင်လေးကို တမင်ကျိုးသွားအောင် မချိုးခဲ့ပါဘူးဗျာ။ ဒါကြောင့် ထင်တယ်၊ သူကလဲ တမင်အားနဲ့ပစ်ချတာတောင် မကျိုးဘူး၊ ဘာရမလဲကွ၊ တို့လက်ရဲ့ ချိုးခြေအားကိုတော့ သူ မခံနိုင်ပါဘူး"

"ကိုယ်သာဆိုရင်တော့ တို့ကို ချိုးဖွဲ့တဲ့အတွက် မင်းလက်ကို ဒဏ်ရာရသွားအောင် ရူးနှစ်ဝင်ပစ်လိုက်မှာ"

တစ်ခါမှ သူ့ကို အကောင်းမပြောတတ်သည်မှာ သူမ ဝသီထင်ရဲ့။ သို့သော် သူ့ကို အချိန်ပေး အရေးယူပြုသည့်အတွက်တော့ လိုက်လှဲစွာ ဝမ်းသာရသည်။

အနီးဆုံးဆိုင်အဖြစ် Glaxy ကိုရွေးပြီး အမြန်ဆုံးရမယ့် အစားအစာများကို မှာယူလိုက်သည်။

"နောက်နေ့ မင်း တို့ဆီ မလာနဲ့တော့"

အမှတ်မထင် သူမ စကားကြောင့်…

"ဘာဖြစ်လို့လဲ ချစ်နွယ်"

"တို့ မိန်းမတစ်ယောက်ရဲ့ စွပ်စွဲမှုကို မခံနိုင်ဘူး"

ကဲ…သူ ဘာတတ်နိုင်မလဲ၊ ကုန်လွန်ခဲ့ပြီးတဲ့ အချိန်တွေထဲက စ်ပျက်ခဲ့တဲ့အရာတွေကို ချေဖျက်နိုင်ရင် ကောင်းလေစွလို့ ပဋ္ဌလက် ဘန်ဆန် တွေးပစ်လိုက်ချင်သည်။

"ကို မိန်းမနှစ်ယောက်ကို ရန်မတိုက်ပေးပါဘူး"

စိတ်ပျက်စွာ သူပြန်ဖြေစဉ်…

"တို့ကလဲ စစ်မြေပြင် အဖြစ်မခံနိုင်ပါဘူး"

မစဉ်းစားချင်သော အချက်များကို အစဖော်ပေးနေသည့် အတွက် စူးရှရှဒဏ်ရာကို ရင်တွင်းတစ်နေရာမှ တမြည့်မြည့် ခံစားနေရ သည်။

"ကို မလာချင်အောင် ကြိုးစားဖို့၊ မင်း တစ်ခုခုလုပ်နိုင်ရင် ကောင်းမယ်"

ပြင်းပြစွာ ဆန္ဒတစ်ခုကို သူမမျက်ဝန်းအား စေ့စေ့ကြည့်၍ လေးနက်စွာ ပြောလိုက်သည်။

"တို့ကို လာချပေးတဲ့အထဲမှာ ခဲလုံးမပါဘူးလေ၊ ဓားပဲပါ တယ်၊ စိတ်နာဖို့အတွက် အသက်တစ်ချောင်း မရင်းကောင်းပါဘူးကွာ၊ မင်းကောင်မလေးရဲ့ အလှမှာ ခံစားကြည့်လိုက်စမ်းပါ"





တကယ့်ကိုပဲ သူမ လေးလေးနက်နက်ပြောနေတာလား။ ခံစား မှုကင်းစွာ ပေါ့ပျက်ပျက်ပြောနေတာလား မဝေခွဲတတ်။

ဒါပေမယ့် သူမ မျက်ဝန်းထဲမှာ သူ့ကို အထင်ကြီး ယုံကြည် ရိပ်များ စွန်းထင်းမနေသည်မှာ လုံးဝသေချာနေသည်။

"တို့ အကြွေးလဲကျေပြီ၊ မင်းလည်း ကြွေးသစ်ချဖို့ မင်း ကောင်မလေးဆီ ပြန်သွားလိုက်ပါ၊ မင်းကို သူက အရင်းအမြင် အတိုးပါ အဆစ်ထည့်ပေးမယ်ထင်ရဲ့"

ရှေ့တိုးသော သူ့ခြေလှမ်းများကို သူမက ရိပ်မိသိရှိစွ ရိုက်ချိုးဖို့ ကြိုးစားခဲ့သေးသည်။

သို့သော် သူ့ခြေလှမ်းများက ဆူးမြွန်းသောလမ်းကိုပင် ရဲရင့်စွာ ခြေချဖို့ ခိုင်မြဲသန်မာနေသည်ကို ဘာသာပဲသိနေသည်။

ယ္ပိဋ္ဌဓဒ်

မိဘနဲ့ သားသမီးဆိုတာ ဘယ်ပြတ်လို့ရပါ့မလဲကွယ်။ အခြေအနေအရ အဆက်အသွယ်ပြတ်ထားတာ၊ ပြတ်နေတာမျိုးပဲ ရှိတယ်။ မေမေကတော့ သမီးကို မွေးပေးရုံတစ်ခုပဲ တတ်နိုင်တယ်။ အခြေအနေအရ မေမေရဲ့သမီးအဖြစ် ဖုံးကွယ်ထားရတာကို နားလည်ပေးပါကွယ်။ မေမေ မိသားစုတစ်ခုလုံးရဲ့ ဘဝကြီး ပြိုကွဲပျက်စီးမယ့်အခြေအနေမျိုး သမီးမဖန်တီးပါစေနဲ့လို့ မေမေဆုတောင်းရမှာပဲ။ သမီးတစ်ယောက်ရဲ့ မေမေလို့ ခေါ်ဆိုခွင့်နဲ့ မိခင်တစ်ယောက်ရဲ့ စိတ်ချမ်းသာမှုကို လှဲလှယ်ရတဲ့အတွက် မေမေစိတ်မကောင်းပါဘူး။ မေမေ့ကို ကတိပေးစမ်းပါ သမီးရယ်၊ သမီးဟာ ခေါ်မြတ်လေးငုံရဲ့သမီးပါလို့ ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူးလို့လေ။

မိခင်တစ်ယောက်နဲ့ သမီးဖြစ်သူတို့ရဲ့ ဒုတိယမြောက် တွေ့ဆုံချိန်မှာ ပြောတဲ့စကားတွေလေ။

အူဝဲလို့ အော်ပြီး လောကထဲဝင်လာကတည်းက သူ့မိခင်က သူမကို နှုတ်ဆက်ခွဲခွာလို့။

သူမကို ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ အဒေါ်ဖြစ်သူက သူ့ကို ထပ်မံစွန့်ခွာသွားချိန်တွင် သူမတစ်ယောက်တည်း ထီးထီးကျန်ခဲ့သည်။

သူမနဲ့ မိခင်ဖြစ်သူရဲ့ တွေ့ဆုံချိန်ကို လှပကြည်နူးစွာ မျှော်လ တားခဲ့သော်လည်း သူမကို သမီးတစ်ယောက်ပါလို့ ပွင့်ပွင့်လင်းလ မကြေငြာရဲသော မိခင်ရှေ့တွင် သူမ မျှော်လင့်ချက်တွေ တစ်စစီ…

ဖေးမတွယ်တာသူ မဲ့ခဲ့တဲ့ သူမဘဝကို ပုံစံခွက်ထဲကရုန်းထွ ဖို့ ကြိုးစားရင်း သူမ နှလုံးသားတွေက မာကျောအေးစက်လာခဲ့သည်

မိခင်က ဖခင်ရဲ့ ပစ်ပယ်ခံ၊ သူမက မိခင်ရဲ့ လျစ်လျူရှု ဒီတော့ သူမကလည်း လောကကို ဟားတိုက်ရယ်မောရုံမှတစ်ပါး…

❀ ❀ ❀



သိပ်ပြီး အထီးကျန်လွန်းတော့လည်း တစ်ခုခုကို မှီတွယ်ရာအဖြစ် ဆွဲငင်ရစ်ပတ်လိုက်ချင်သည်။

ဘဝအတွက် အားထားဖော်ချစ်သူတစ်ယောက်ကို မျှော်လင့်မိသော်လည်း သူစိမ်းတစ်ယောက်ထံမှာ သူမအချစ်တွေကို မြှုပ်နှံပစ်ဖို့ သူမ မာနတွေက ခွင့်မပြုပြန်။

သို့သော် အစဉ်သဖြင့် ကြည်လင်တောက်ရှန်းနေသော မျက်ဝန်းတစ်စုံကိုဖြင့် သူမ မှတ်မိနေသည်။

စိတ်တိုသည့် အချိန်မှာတောင် သူ့မျက်လုံးတွေထဲတွင် အမှားတစ်ခုအတွက် နောင်တကို မတွေ့ရ။

ထူးဆန်းတိုက်ဆိုင်စွာ သူမနဲ့ ကြုံခဲ့ရသောအချိန်အချို့သည် သူ့အကျက် အနှောင့်အယှက်ဖြစ်ကောင်းဖြစ်နိုင်စရာ အချိန်များ ဖြစ်ခဲ့

သော်လည်း သူကတော့ဖြင့် ထိုအချိန်များကို မေ့လျော့စွာ…။

သူ့ကိုတွေ့တိုင်း အပူအပင်မဲ့စွာ စိတ်ဆန္ဒအတိုင်း လုပ်ချင်တာကို မှားသည်မှန်သည်ထက် ဖြစ်အောင်လုပ်နေသည်ကိုက သူမအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးပင်။

မလာခဲ့နဲ့တော့ဟူသော စကားကို သူမကိုယ်တိုင်ပြောခဲ့သလို မျှော်လင့်နေမိသူမှာလည်း သူမပင် ဖြစ်နေသည်။

မဖြစ်သင့်ပါဘူးကွယ်၊ တကယ်ကို သူ့မှာ သက်ဆိုင်သူ အမျိုးသမီးလေးတစ်ယောက် ရှိနေတာပဲ။

"ကလင်…ကလင်…ကလင်"

ဖုန်းမြည်သံကြောင့် အတွေးများကို ဖြတ်ပြီး ဖုန်းကိုင်လိုက်စဉ်…

"ဟလို…ချစ်နွယ်လား"

ဖုန်းဖြင့် ရင်းနှီးဖူးသော အသံများထဲတွင် ထိုအသံ မပါဝင်ဖူးပေ။

"ဟုတ်ပါတယ် ရှင်"

စိတ်ဝင်စားစွာ ဖြေမိစဉ်…

"ချစ်နွယ်…ကိုဘယ်သူလဲဆိုတာ အလျင်အမြန်စဉ်းစားလိုက်ပါလား၊ အဖြေကိုသိရင် မင်းပျော်သွားလိမ့်မယ်"

ပျော်သွားလိမ့်မယ်တဲ့၊ မဖြစ်နိုင်လိုက်တာ။ လောကမှာ သူမ





ပျော်တတ်ခဲ့တာ ကြာပြီပဲ။

"စိတ်မကောင်းပါဘူးရှင်၊ မပျော်မှာတော့ အမှန်ပဲ၊ အဖြေ ိုလည်း သိချင်တဲ့ဆန္ဒ မရှိပါဘူး"

စိတ်ရင်းအတိုင်း ပြန်ဖြေလိုက်စဉ် တစ်ဖက်မှ အနည်းငယ် ိုးညင်းသောရယ်သံကို ကြားရပြီး…

"Blue Sky ရဲ့ ဖျက်ဆီးရေးတာဝန်ခံဆိုရင်"

အိုး…သိပြီ။ သေလိုက်ပါတော့၊ ခုတင် ရှင့်အကြောင်း တွေးနေတာလို့ ပြန်ဖြေလိုက်ရင် ရှင်လည်း ပျော်နိုင်တာပဲ။

သူမလား။ အင်း…တော့ လှိုက်ခနဲ ခုန်သွားသား။ ပျော် ာတော့ ဟုတ်မယ်မထင်ဘူး၊ စိတ်လှုပ်ရှားတာ ထင်ရဲ့။

"မင်းကို ကို သိပ်သတိရနေတယ်"

လှိုက်လှဲတိုးဖျော့သော အသံလှိုင်းတွေက သူမ နားစည်ထဲ ို ညင်သာစွာ ဖြတ်သန်းစီးဆင်းလို့။

အလိုက်သင့်ကလေး သူမ ရင်ခုန်ပေးဖို့ကိုတော့ နှလုံးသားက မေ့လျော့စွာ ဖန်တီးပေးနေသည်။

"တို့နဲ့ မင်းကြားမှာ အာကာစွမှ မရှိဘူးလေ"

တိုပြတ်သော သူမစကားကို သူနားလည်ကောင်း နားလည် လိမ့်မည်။

"တို့ မင်းကို တွေ့ချင်တယ်"

မဖြစ်နိုင်ဆုံးဆန္ဒကို ဘာဖြစ်လို့ ထုတ်ဖော်ရတာလဲ။

"ဆန္ဒဆိုတာ တစ်ခါတလေ လက်တွေ့ဘဝနဲ့ မအပ်စပ် တတ်ပါဘူး"

"ဒါပေမယ့် လက်တွေ့ဘဝဆိုတာ ဆန္ဒတွေအတွက် လှုပ် ရှားနေတာပဲလေ"

"ဘယ်သူ့ကိုမှ မထိခိုက်နိုင်တဲ့ ဆန္ဒမျိုးကိုသာ အကောင် အထည်ဖော်သင့်တာပဲ"

"ဒါဆို အဲဒီဆန္ဒကို အကောင်အထည်မဖော်လို့ စိတ် မကောင်းဖြစ်ရတဲ့လူ အနည်းဆုံး တစ်ယောက်ရှိနေမယ်ဆိုရင်"

"အကောင်အထည်ဖော်လိုက်လို့ စိတ်မကောင်းဖြစ်ရမယ့် လူကလဲ အနည်းဆုံး တစ်ယောက်ရှိနေနိုင်ပါတယ်။ ဥပမာ မင်း ကောင်မလေးပေါ့"

သူမတို့ရဲ့ အခြေအတင်စကားလေးအဆုံး "ကျွတ်" ခနဲဟူသော စိတ်ပျက်သံကို ဖုန်းထဲမှ ခပ်သဲ့သဲ့ကြားရသည်။

"မင်း စိတ်ဝင်စားမယ်ဆိုရင် အဲဒီအကြောင်းတွေ ပြော ချင်တယ်"

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ စိတ်မဝင်စားပါဘူး"

မလိုအပ်ဘဲ ဖုန်းခွက်ကို ခွပ်ခနဲမြည်အောင် ချလိုက်သေ လည်း ထိုဖုန်းခွက်လေးပေါ်တွင် သူမ လက်တွေက နွေးထွေးရှိန်း





စွာ ကိုင်ထားဆဲ…။

လွတ်လပ်စွာ ရင်ခုန်တမ်းမောခွင့်ကို ခဏလေးပဲ သူမ တောင်းတပါရစေ။

သူမ ဘဝကို သူမအတွက်ပဲ အသက်ရှင်ခွင့် လိုချင်သည်။ တစ်စုံတစ်ယောက်သော သူ့အတွက်ကတော့ဖြင့်…

❀❀❀

သူမဘဝအတွက် အကောင်းဆုံးအဖော်သည် စာအုပ်များဟု သတ်မှတ်ယူဆပြီးချိန် နောက်ပိုင်းသည် သူမအတွက် အားလပ်ချိန် မှန်သမျှသည် စာအုပ်များနှင့်သာ ကုန်ဆုံးနေခဲ့သည်။

သူမ၊ပိုင် တိုက်ခန်းကျဉ်းကျဉ်းလေးထဲတွင် စာအုပ်များက သေသပ်စီရီစွာ နေရာယူလျက် သူမရသော ပိုက်ဆံများသည်လည်း တစ်ပတ်တစ်ခါ လိုချင်သောစာအုပ်များအတွက် ကုန်ကျရင်း…

ပန်းဆိုးတန်း၊ အင်းစိန်၊ လှည်းတန်းမှစ၍ စာအုပ်အဟောင်း ဆိုင်များစွာသည် သူမ ကျင်လည်ရာနေရာအဖြစ် အမြဲတမ်း ပြည့်စုံ သာယာနေသလိုပင်။

တစ်ပတ်တစ်ရက် နားရက်ကိုပင် တွန့်တိုခြင်းမရှိ၊ စာအုပ်





လျှောက်ဝယ်ခြင်းဖြင့် ကုန်ဆုံးရသည်ကိုက သူမအတွက် ဝါသနာ တစ်ခုပင်။

ယခုလည်း သူမ ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းကို လွန်ခဲ့ သော တစ်နာရီလောက်ကတည်းက ရောက်နေခဲ့သည်။

ဖတ်ကောင်းမည့်စိတ်ကြိုက်စာအုပ်များကို ရွေးချယ်ဖတ်ရှု ရင်း အချိန်တွေနှင့်ပတ်ဝန်းကျင်ကို မေ့လျော့နေသည်။

ရုတ်တရက် သူမဘေးသို့ လူတစ်ယောက်တိုးကပ်လာမှု ကြောင့် စာအုပ်ထဲ စိတ်ဝင်စားနေရာမှ လှည့်ကြည့်လိုက်စဉ်…

မှတ်မိသိရှိနေသော မျက်ခုံးစိမ်းတန်းညီညီက စာအုပ်တစ် ကို သူမကဲ့သို့ပင် သဲသဲမဲမဲဖတ်ရှုနေသည်။

ထိုင်ရွေးရင်း တစ်ယောက်နှင့်တစ်ယောက် ထိလာတာကိုပင် သိသည့်ပုံမပေါ်ပေ။

သူ့အား ခေါ်လိုက်ဖို့ထက် စိတ်ဝင်စားစွာ ခိုးကြည့်နေပုံကိုပဲ ရွေးချယ်လိုက်စဉ် သူ့မျက်လုံးတွေက ရိပ်မိသိရှိစွာ သူမထံ ဖျတ်ခနဲ ရောက်လာသည်။

"ဟာ…ချစ်နွယ်"

သူ့အသံက လှိုက်လှဲတုန်ခါမှု အပြည့်။ အံ့သြသွားရာမှ ဝမ်းသာသွားသောပုံစံသည် ဖုံးမရ ဖိမရ နိုင်ပေါ်လွင်လွန်းလှသည်။

"ဒီတစ်ခါ တိုက်ဆိုင်မှုကိုတော့ ကိုယ် ကျေးဇူးအတင်ဆုံး

ပဲ သိလား"

သူမ ခပ်တည်တည်ပြုံးနေဖို့ ဦးနှောက်တွေက အသိပေးနေသည်။

"တို့ စာအုပ်လာကြည့်တာ"

"ကိုက စာအုပ်လာဝယ်တာ၊ နှစ်အုပ်တော့ ရပြီးပြီ"

သူ့ပေါင်ပေါ်က စာအုပ်နှစ်အုပ်သည် အဖုံးဖုံးထားသဖြင့် မည်သည့်စာရေးဆရာ၏ စာအုပ်မှန်း မသိနိုင်ပေ။

ဝါသနာတူတစ်ယောက်ကို ခင်မင်ရင်းနှီးခွင့်ရှိနေသော်လည်း သူမက နောက်လှည့်ရန် အသင့်ပြင်ပြီးဖြစ်နေသည်။

"မင်း ကောင်မလေးရော မပါဘူးလား"

သူမ အမေးကြောင့် ပြေလျော့သွားသော အပြုံးမျက်နှာကို ခဏသာ မြင်ခွင့်ရလိုက်ပြီးနောက်...

"လွှာက စာအုပ်တွေကို ကိုယ့်လောက် စိတ်မဝင်စားဘူးလေ"

ထိုမေးခွန်းကို မေးမိခြင်းရဲ့ ရလာဘ်တစ်စုံတစ်ရာက နှလုံးသားကို ခပ်ဖွဖွနာကျင်သွားစေသည်။

"ချစ်နှယ်က စာအုပ်တွေဖတ်တာ ဝါသနာပါလို့လား"

"အဲဒီဝါသနာက ကျွန်မအတွက် အသင့်လျော်ဆုံးပဲလေ"

လေးတွဲ့စွာပြန်ဖြေပြီး ထိုင်နေရာမှ ထလိုက်သည်။



ဒီနေ့အဖို့ သူမအတွက် စိတ်ဝင်စားစရာစာအုပ်ကို တွေ့နိုင်တော့မည် မဟုတ်ပေ။

စိတ်ရဲ့ချုပ်တည်းရာသာ မရှိလျှင် သူမ အနည်းဆုံး သူနဲ့တစ်ခုခုသွားစားဖြစ်မည် ထင်သည်။

"ကို့အတွက်ကတော့ စာအုပ်ဖတ်ခြင်းအပြင် နောက်ထပ်ဝါသနာတစ်ခု တိုးနေပြီ သိလား"

ဟင့်အင်း၊ မသိချင်ပါဘူး။ လူပျော့လေးတစ်ယောက်ရဲ့ ချည်နှောင်မှုကို သူမက ဘာဖြစ်လို့ မခံနိုင်ရမှာလဲကွယ်။

"နောက်ဆုတ်မယ့် ခြေလှမ်းတွေအစား ရှေ့တိုးမယ့် ခြေလှမ်းတွေကို ဖန်တီးတဲ့ ဝါသနာလေ"

လှည့်ထွက်လာသည့်တိုင်အောင် သူ့အသံက နောက်ပါးကကပ်တွယ်လာသည်။

သူသာ အရိပ်တစ်ခုဆိုရင် ထိုအရိပ်ကို ဖမ်းချေဖျောက်ဖျက်မည့်သူမှာ သူမသာ ဖြစ်မည်ထင်သည်။

ထိုမျှအထိ သူမ အတ္တတွေကို ချိုးနှိမ်ဖို့ ကြိုးစားခဲ့သေးသည်။

မေမေ ကြိုက်တတ်မယ်ထင်သောအရာများကို တွေးတော
စဉ်းစားရခြင်းက သူမကို ဦးနှောက်စားစေသော်လည်း သူမကတော့
ပထမဦးဆုံး မိခင်တစ်ယောက်အား ဦးစားပေးမှုအဖြစ် သွက်လက်
ကြည်နူးနေမိသည်။

ချောကလက်ဆိုရင်ရော၊ အင်း မေမေ ခေါ်လေးရှာပေ့ လာ
တုန်းက ညနေဘက် ထမင်းစားပြီးရင် ချောကလက်လေး မြုံ့နေ
တတ်သား၊ ဒါပေမယ့် မေမေတို့အတွက် ချောကလက်က အလှုံပယ
ရှိနေမှာ၊ ဘာဖြစ်လဲကွယ်၊ ဒါက သူ့သမီးကန်တော့တဲ့ ချောကလက်
ဆိုပြီး မေမေက ခုံနုံမင်မင်ကို စားမှာပါ။





မေမေကြိုက်မည်ထင်သော မုန့်မျိုးစုံကို စိတ်ကြိုက်ဝယ်ပြီး သွားချိန်တွင် သူမ လက်ထဲတွင် Shopping အိတ်တစ်ခုပင် ပြည့်နေပြီဖြစ်သည်။

မေမေသာ သူမကိုတွေ့လျှင် အံ့ဩမှုအပြည့်ဖြင့် သမီး ဟု လိုက်လိုက်လှဲလှဲ ခေါ်မည်။

သူမကလည်း "မေမေ"လို့ ခေါ်ပြီး မေမေ့ကို လှမ်းဖက်ပြီး နှင်းဆီရောင် မေမေ့ပါးကို နမ်းမဝစွာ မွှေးကြူပစ်လိုက်မည်။

ရုပ်ရှင်ထဲကလို သူမနဲ့ မေမေတွေ့ဆုံပုံကို အနွေးကွက်များဖြင့် မျက်စိထဲမြင်ယောင်စိတ်ကူးရုံမျှဖြင့် သူမ ရင်ထဲတွင် နွေးထွေးပျော်ရွှင်မှုတွေဖြင့် ပြည့်နှက်နေသည်။

သီတင်းကျွတ် ရုံးပိတ်ရက် မတိုင်မီ စာရေးမလေးများအား Bonus ထုတ်အပေးတွင် မိဘများအား ကန်တော့ရန်အတွက် ထိုဆုငွေများကို ရည်ရွယ်ထားကြောင်း ပြောသံကို သူမ ကြားခဲ့ရသည်။

သူမရင်ထဲတွင် မက်မောလှိုက်လှဲစွာ တမ်းတမိတာက…

"မေမေ"

ကမ္ဘာပေါ်တွင် သူမ၏ ကျန်ရှိနေသော၊ တစ်ယောက်တည်းသော ဆွေမျိုးသားချင်းအဖြစ် မေမေရှိနေတာပဲ။

မေမေမှာထားသလို သူမဟာ ဒေါ်မြတ်လေးငုံ့ရဲ့ သမီးအဖြစ် မြဲသိပ်နေတာပဲ။ ဒါပေမယ့် မေမေရော သူမရော အဲဒီလို့ဖွက်

ချက်ကို နားလည်စွာ ပေးနိုင်တဲ့ အခွင့်အရေးအဖြစ် သူမ မေမေ့ကို သွားကန်တော့ရန် စီစဉ်လိုက်ခြင်းဖြစ်သည်။

မေမေ ရှိမရှိ ဖုန်းဖြင့် အရင်ဆက်သွယ်ဖို့ စိတ်ကူးမိ၍ ဖုန်းခေါ်လိုက်စဉ်…

"ဒေါ်မြတ်လေးငုံနဲ့ စကားပြောချင်လို့ပါရှင်"

"ဪ…ခဏလေးနော်၊ ခေါ်ပေးပါ့မယ်။ ဘယ်သူလို့ ပြောပေးရမလဲဟင်"

ဖော်ရွေပျူငှာသောအသံ ဖြစ်လင့်ကစား ထိုအသံက ရင်ထဲ ပဲ့တင်ရိုက်သွားသည်။

"ကျွန်မက သူ့သမီးလေ"

ရင်ထဲမှ အကျယ်ကြီးအော်ပြောလိုက်သောအသံက လည်ချောင်းထဲတွင် ပျောက်ကွယ်ပြီး နှုတ်ခမ်းများတွင် ပြောင်းလဲသွားရသည်။

"သူ့မိတ်ဆွေရဲ့ သမီးပါရှင်"

အဲဒီလို သူမ အမြဲလိမ်နေရတော့မှာလား မေမေ။

မေမေနဲ့ နားလည်မှုယူအပြီး ပထမဦးဆုံးအကြိမ်ဖြင့် မေမေ့ အသံကို မျှော်လင့်တပ်မက်စွာ သူမ ငတ်မွတ်နေခဲ့သည်။

"ဟဲလို"

"မေမေ"





အဖျားမှာ လှုပ်ခတ်သွားတဲ့ သူမအသံကြောင့် ခဏမျှ မေမေ့ဘက်မှ တိတ်ဆိတ်သွားပြီး…

"ချစ်နှယ်လား၊ ဘာကိစ္စရှိလို့လဲကွယ်"

ဘာကိစ္စရှိလို့လဲကွယ် ဟူသော မေမေ့အသံက စိတ်ပျက်သံ ရောစွက်နေသလိုပင်။

"သမီး မေမေ့ကို လာကန်တော့ချင်လို့ အဲဒါ…"

"ဪ…နားလည်ပြီလေ၊ အခု ဒီမှာမအားကြဘူး၊ အပြင်ထွက်မလို့ ပြင်နေတာ"

မေမေရယ်၊ မေမေ့စကားထဲမှာ မေမေနဲ့သမီးဆိုတဲ့ နာမ်စားပုဒ်လေးတွေ ထည့်ပြောပေးဖို့ သမီးမျှော်လင့်နေတယ်…။

"ချစ်နှယ်၊ အန်တီပြောတာတွေ မေ့သွားပြီလား"

ဘုရားရေ…သူမ ပြောနေတာ သူမရဲ့မေမေပါ။ အန်တီဆိုတဲ့ သူစိမ်းတစ်ယောက် မဟုတ်ပါဘူး။

ဝမ်းနည်းမှုများက စိမ့်တက်အိုင်ထွန်းလာစဉ်…

"ကျေးဇူးပဲ အန်တီ၊ ကျွန်မကောင်းဆိုမှုတွေကို ကျွန်မတာသာပဲ ပြန်ရုပ်သိမ်းပါတယ်၊ အန်တီတို့ အပြင်ထွက်မယ့် ကိစ္စလေးတစ်ခု ကျွန်မကြောင့် နှောင့်နှေးသွားရရင် တောင်းပန်ပါတယ်"

အန်တီ…အန်တီတဲ့။

သူမ အသက်အစိတ်ထဲရောက်နေပြီဖြစ်သော်လည်း သူမ

ဘဝတွင် မိခင်ရှိရက်နဲ့ အဒေါ်ဖြစ်သူ၏ ရင်ငွေ့ဖြင့် ကြီးပြင်းခဲ့ရသည်။ "ဒေါ်လေး" ဟူသော အခေါ်အဝေါ်တစ်မျိုးတည်းဖြင့် ကြီးပြင်းလာရ သော သူမအဖို့ "မေမေ" ဟူသော ခေါ်သံကို မွတ်သိပ်စွာ တောင့်တ မိတာ မှားသလားကွယ်။

သူမအတွက် နှစ်သိမ့်ဖော်ဟာ မေမေ မဟုတ်တဲ့ အန်တီ တဲ့လား၊ လူ့လောကထဲကို ရက်စက်စွာ ရင်ဆိုင်ဖို့ မွေးထုတ်ပေးခဲ့တာ သူမရဲ့ မေမေပါနော်။ ပိုင်ဆိုင်ထားပြီးဖြစ်တဲ့ ရိပ်မြုံကို မပြိုကွဲစေဖို့ စတေးခံရသူက သူမ တစ်ယောက်တည်းဆိုတော့…

ကြည်လင်နေသော အမြင်အာရုံတွေကို မျက်ရည်စတွေက ဝေ့ဝဲဖုံးကွယ်ဖို့ နေရာယူလာစဉ်…

တစ်ယောက်တည်း ကျင့်သားရလာပြီဖြစ်တဲ့ ဘဝမှာ ဘာဖြ လို့ သူမ ပျော့ညံ့ချင်လာရတာလဲ၊ မှီတွယ်ရာဆိုတာ သူမဘဝမှ ဆိတ်သုဉ်းနေတာပဲ၊ မလိုပါဘူး။

မျက်ရည်များကို ဇွတ်အတင်း သိမ်းဆည်းပြီး ဖုန်းရှေ့ ထွက်လာခဲ့သည်။

ယိုင်နဲ့နဲ့ ခြေလှမ်းများကို သယ်ယူရင်း လက်ထဲက ပစ္စည် များကို နာကြည်းမှုအပြည့်ဖြင့် ငုံ့ကြည့်လိုက်မိသည်။

"မင်းတို့က တို့နဲ့ အမေရဲ့ကြားမှာ မလိုအပ်တော့ဘူးတဲ့" အရှုးတစ်ယောက်ပမာ ခပ်တိုးတိုးရေရွတ်ရင်း သူမ မျက်





ကို အပြုံးများဖြင့် ပြန်အားဖြည့်ထားလိုက်သည်။

တကယ့်ကို လောကကြီးက မတရားတာပါကွယ်။

မှိုင်းညို့နေသော ပတ်ဝန်းကျင်တွင် မိုးဖွဲစိတ်စိတ်လေးက စိုစွတ်စွာ ကျဲဖြန့်နေသည်။

တစ်ချက်တစ်ချက် ဝှေ့ဝိုက်တိုက်သော မိုးကုန်လေကြောင့် စိမ့်ခနဲ အေးသွားရသည်။

ဂျင်းကုတ်အင်္ကျီကို ရင်ဘတ်လုံအောင် ဆွဲစေ့ပြီး ထီးဖွင့်လိုက်စဉ် မိုးစက်များက ဖဲထီးပွင့်လေးပေါ်သို့ ဖွားခနဲ။

တစ်နေ့တစ်နေ့ အလုပ်သွား၊ အလုပ်ပြန် ဒီလမ်းကလေးကတော့ သူမကို နွေးထွေးဆဲ၊ ကြိုဆိုဆဲ။

မကြာခင်ပင် Blue Sky ၏ ရှေ့သို့ ရောက်လာပြီဖြစ်၍ ထီးပိတ်ပြီး လှမ်းအဝင်တွင်…





"မမ ဒီမှာ"

ကုန်တိုက်ရှိ လုံခြုံရေးဝန်ထမ်းကောင်လေး၏ မဝံ့မရဲ လှမ်းခေါ်သံကြောင့် ကြည့်လိုက်စဉ်…

အို့ နီရဲစိုဝါနေသော နှင်းဆီပန်းစည်းလေး။

"မမအတွက် လူတစ်ယောက် လာပေးသွားတာ"

"ဘာရယ်၊ တို့အတွက် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီမှာလေ မမ၊ နာမည်တောင် ရေးထားသေးတယ်"

ပဟေဠိပန်းစည်းကို လှမ်းယူလိုက်ပြီး သေသေချာချာ ကြည့်လိုက်မိသည်။

Chit Nwe

Have a nice day တဲ့။

ကြွေရောင် ကတ်ဖြူဖြူလေးတွင် ရွှေရောင်စာလုံးလေးက ထင်းခနဲ ဖြူလွလွဖဲကြိုးလေးက လှပစွာ စည်းနှောင်ထားတာမို့ သူမစိတ်ကို ပန်းစည်းလေးက အောင်မြင်စွာ ဖမ်းစားသွားသည်။

ပန်းစည်းပိုင်ရှင်အား စိတ်ကူးဖြင့် ပုံဖော်လိုက်စဉ်…

အကယ်၍ သူများ ဖြစ်နေရင်ကော…

တိတ်တခိုးဆန္ဒဖြင့် နေရာချထားမိစဉ် သူမက နှလုံးသားကို ချက်ချင်း ချုန်းအုပ်ပစ်လိုက်သည်။

ပိုင်ရှင်ရှိပြီးသား လူတစ်ယောက်ကို သူမ စိတ်ကူးယဉ်ခွင့်ပင် မရှိဟု သတိပေးလိုက်သည်။

သူမဘဝမှာ သူမ ပိုင်ဆိုင်ခွင့်ရှိသည်မှာ သူမနှင့် စာအုပ်တွေပဲဖြစ်လိမ့်မည်။ လောလောဆယ် ဟောဒီ နှင်းဆီပန်းစည်းလေးလည်း ပါလိမ့်မပေါ့။

တစ်လကြာမျှ ပန်းဆက်ခြင်းလုပ်ငန်းကို မပျက်မကွက် လက်ခံရလာသောအခါတွင်တော့ သူမကိုယ်တိုင် ခေတ်သစ်ဗျတ္တကို သိချင်စိတ် ပြင်းပြလာတော့သည်။

သူမရဲ့ တိတ်ဆိတ်သောရင်ခုန်သံကို ပန်းစည်းလေးမှတစ်ပါး မည်သူမျှသိခွင့်မရှိတာမို့ လွတ်လပ်စွာ ရင်ခုန်တမ်းမောမိသည်။

"နေပါဦး သူက ဘယ်အချိန်လာပေးတာလဲ"

ဝန်ထမ်းကောင်လေးအား ကွင်းဆက်လိုက်ရန် သေချာစွာ မေးလိုက်သည်။

"မမ မလာခင် ၁၀ မိနစ်အလိုလောက်ဆို ရောက်လာ

တာပဲ''

သိပ်ကို ကြိုးပမ်းစရာမလိုသော တရားခံဖမ်းမှုအတွက် နောက်တစ်နေ့နံနက်စောစောကို သူမ ရွေးချယ်လိုက်သည်။

မိုးနှင်းငွေ့များကြားတွင် သူမသည် ပန်းဆက်သူကို မြင်လိုစောဖြင့် တက်ကြွလန်းဆန်းနေသည်။

ဒီတစ်ခါတော့ လောကသည် သူမအတွက်လှပနေပြန်သည်။

ကြည်လင်သော မိုးငွေ့ပါးပါးအောက်တွင် အငှားကားတစ်စီးဖြင့် Blue Sky ၏ ခပ်လှမ်းလှမ်းတွင် သူမ ရှိနေသည်။

စတစ်ကာကပ်ထားသော နောက်ခန်းမှန်မှတစ်ဆင့် အနည်းငယ်ရှင်းနေသော လမ်းမပေါ် စောင့်ကြည့်နေလိုက်သည်။

ကံကောင်းစွာ သူမ သိပ်မစောင့်လိုက်ရပေ။

သူမ ကားရှေ့တွင် အစိမ်းရင့်ရောင် ပါဂျဲရိုးတစ်စီး ဆိုက်လာပြီ။

ကားထဲမှ အနက်ရောင်မျက်မှန်တပ်ထားသော အမျိုးသားတစ်ယောက် ဆင်းလာသည်။

ထိုသူ့လက်ထဲတွင် မပြောင်းလဲသော အရောင်အနီရင့်သွေးနှင်းဆီပန်းစည်းက လှပစွာ နေရာယူထားသည်။

ကားပေါ်မှ လျှင်မြန်စွာဆင်းလိုက်ပြီး သူမ ခြေလှမ်းတွေက ထိုလူနောက်မှ ထပ်ကြပ်မကွာ။





ပန်းချင်းယှဉ်အနေအထား အရောက်တွင်တော့ သူမရဲ့ ခေတ်သစ်ဗျူဟာကို သေချာစွာကြည့်လိုက်သည်။

သူမ၏ စူးစမ်းသောအကြည့်ကြောင့် ထိုသူလည်း သူမကို ပြန်ကြည့်နေသည်။

သူမကို ပြတ်သားထင်ရှားစွာ မြင်နေရသော်လည်း ထိုသူ၏ အမူအရာသည် အံ့သြဖွယ် ပြောင်းလဲမသွားသလို ထိုလူ့ခြေလှမ်းတွေကလည်း ရပ်တန့်မသွားခဲ့။

သေချာပါတယ်၊ ဒီပန်းစည်းဟာ သူမဆီ နေ့တိုင်းရောက်ခွင့်ရတဲ့ ပန်းစည်းမျိုးပဲ။

''ရှင် ဒီပန်းစည်းကို ဘာအတွက် ယူလာတာလဲဟင်''

သိလိုစောဖြင့် သူမ မေးလိုက်စဉ်…

''အမျိုးသမီးတစ်ယောက်ကို ပေးဖို့ပါ''

သူမကို ခပ်သွက်သွက်ပြောပြီး သူ့ခြေလှမ်းတွေက Blue Sky ရှိရာသို့ ဦးတည်နေသည်။

တစ်ခုခု လွဲချော်နေတာ သိပ်ကို သေချာနေသည်။

မျဉ်းပြိုင်ခြေလှမ်းနှစ်ခုလုံး Blue Sky ၏ အပေါက်ဝအရောက်တွင်တော့…

သူမကိုကြည့်ပြီး အံ့သြနေသော ပန်းစည်းပိုင်ရှင်ကို ကြည့်ပြီးယောင်နနပြုံးနေသော လုံခြုံရေးကောင်လေး၏မျက်နှာကို တွေ့ရသည်။

"ညီလေးရေ၊ ထုံးစံအတိုင်း ချစ်နှယ်ကို ပေးပေးပါဦးနော်"

သူမကို တစ်ချက်လှမ်းကြည့်ပြီး တုန့်နှေးစွာ ပန်းစည်းလေးအား လှမ်းအယူတွင် သူမလက်တွေက ကောင်လေးထက်မြန်ဆန်စွာ ပန်းစည်းလေးကို လှမ်းယူလိုက်သည်။

"ချစ်နှယ်ဆိုတာ ဘယ်သူလဲဆိုတာရော ရှင်သိလို့လား"

စိတ်ရှုပ်ထွေး အုံ့သြမှုဖြင့် သူမအသံက ပြတ်တောင်းမာကျောနေသည်။

"သိစရာ မလိုဘူးလို့ ကျွန်တော့်ဆရာက မှာလိုက်တာပဲ၊ မသိချင်တော့ပါဘူး၊ အဲဒါလေးသာ ပို့ပေးပါဗျာ"

သူမအမေးကို ဖြေပြီး ထိုသူက သွက်လက်စွာပင် လှည့်ထွက်သွားသည်။

"ဒီမှာ နေပါဦး"

မာဆတ်သော သူမအသံကြောင့် ခြေလှမ်းတွေ တုံ့သွားပြီး သူမကို ပြန်လှည့်ကြည့်လာသည်။

"ရှင့်ဆရာ ဘယ်သူဆိုတာကို ကျွန်မလဲ မသိချင်တော့ဘူး၊ ဒါပေမယ့် ရှင့်ဆရာကိုတော့ ပြောလိုက်စမ်းပါ၊ ဒီနေ့ ပန်းစည်းကို ချစ်နှယ်လက်ထဲ သေသေချာချာထည့်ခဲ့ပါတယ်လို့"

• သူမ စကားကြောင့် ပျက်လွင့်သွားသောမျက်နှာကို ဆက်မကြည့်မိတော့။





အောင်မြင်စွာ သူမအား လှည့်ဖျားစွမ်းဆောင်နိုင်သော ပန်းဆက်သူကိုသာ သူမ ရှုံးနိမ့်မှုအတွက် ဒေါသဖြစ်သွားမိသည်။

"နေ့တိုင်း သူပဲ လာပေးတာ မမရဲ့၊ ဘယ်လိုလူမှန်း မသိပါဘူး၊ အူကြောင်ကြောင်နဲ့"

သူမ ကဲ့သို့ပင် နားမလည်နိုင်စွာဖြင့် ကောင်လေးက ညည်းတွားတိုင်တမ်းလာစဉ်…

"နောက်နေ့တွေ တို့နာမည်နဲ့ ဘာလာပေးပေး မယူရဘူး သိလား"

စိတ်တိုမှုတွေက ဦးတည်ရာမဲ့ပြန့်ပွားစဉ် ပထမဆုံး တရားခံက လုံခြုံရေးကောင်လေးဖြစ်ပြီး ဒုတိယတရားခံကတော့ လှပနေသော ပန်းစည်းလေးဖြစ်နေသည်။

"နင်လဲ သွားတော့၊ နှင်းဆီဆိုတာ ရဲရင့်တယ်၊ ပွင့်လင်းတယ်၊ လျှို့ဝှက်နက်နဲတဲ့ အဓိပ္ပာယ်မဟုတ်ဘူး"

ခပ်တိုးတိုး ရေရွတ်ပြီး Blue Sky ရှေ့ရှိ အမှိုက်ပုံးထဲသို့ လွှင့်အပစ် သူ့ရင်ထဲတွင် လှိုက်ခနဲ ဟာဆင်းမှုက သိသိသာသာ။

တစ်လကြာမျှ ရင်းနှီးခဲ့ရသော ရနံ့ပြင်းပြင်းက တောင်းပန်ခယစွာ နှာခေါင်းထဲ တိုးဝှေ့ဝင်လာသော်လည်း သူမ ထပ်မလှည့်ကြည့်တော့။

အစိမ်းရင့်ရောင် ပါကျဲရိုးကားလေးက ခပ်ဖြည်းဖြည်း သူမ

ဘေးမှ ကပ်လိုမ့်သွားစဉ် အနာဂတ် မကောင်းသော ပန်းစည်းလေး
အားတစ်လှည့်၊ သူမကိုတစ်လှည့် ကြည့်သွားသည်။



သူမသည် သူမ၏ နံနက်စောစောအချိန်များကို ထိုနေ့
အတွက် သူမ ကံကောင်းမည်လော၊ ကံဆိုးမည်လောဟူသော မှန်းဆ
ချက်များဖြင့် နှီးထွေး၍ တစ်နေ့တာအစီအစဉ်များကို ရွေးချယ်တတ်သူ
ဖြစ်သည်။

သူမ၏ ညဦးပိုင်းအချိန်များတွင်တော့ ပြီးခဲ့ပြီး တစ်နေ့တာ
အခြေအနေများ သုံးသပ်စိစစ်ခြင်းဖြင့် အဆုံးသတ်သူဖြစ်သည်။

ထိုနေ့က သူမ မရေးဆွဲထားသော အစီအစဉ်တစ်ခု မမျှော်
လင့်ဘဲ တိုးခဲ့ရသည်။

နံနက်ခင်း၏ သင်းပျံ့သော မိုးနံ့ကို ရှူရှိုက်ရင်း လမ်းလျှောက်
ရသည်ကို သူမ မက်မောလှသည်။ သူမ၏ ခြေလှမ်းတိုင်းတွင် ထို

နေ့အတွက် အားမာန်များကို ထည့်သွင်းထားသဖြင့် အမြဲတမ်း ဖျတ်လတ်သွက်လက်နေသည်။

ကံဆိုးခဲ့သည့် အတွေးဆိုးများကို တွန်းတိုက်စွာ မစဉ်းစားတတ်သည်မှာတော့ သူမ ကျင့်သားရနေပြီဖြစ်သည်။

အေးမြလတ်ဆတ်သော လေပြည်ထဲဝယ် နှင်းဆီနံ့က ရောပါလာစဉ် သူမ ရုတ်တရက်အံ့ဩသွားသည်။

တဖျတ်ဖျတ်ခြေသံမှတစ်ပါး ဘေးဘီဝဲယာတွင် လူမတွေ့ရ။

သို့သော်လည်း မွှေးမြသော ရနံ့ကတော့ဖြင့် သူမကို ဖျားယောင်နေဆဲပင်။

ခြေလှမ်းများကို တုံ့ခနဲရပ်လိုက်စဉ် အရိပ်ဖြူဖြူတစ်ခုက ဘွားခနဲ သူမဘေးတွင် ယှဉ်၍ ရပ်လာသည်ကို တွေ့ရသည်။

"ချစ်နွယ်"

တိုးငြင်းသော ဒီအသံကို သူမ မေ့ထားခဲ့သည်မှာ သိပ်မှ မကြာသေးဘဲ။

ခိုကပ်နေသော ရွှေ့ဆံပင်များက နဖူးပေါ်ကွင်း သပ်ရပ်တင့်တယ်စွာ နေရာယူထားသဖြင့် နံနက်ခင်းတွင် သူ့အသွင်က သန့်စင်ကြည်လင်နေသည်။

"ဩော် ..."

နာမည်တောင် မသိသေးသော သူတစ်ယောက်ကို မေ့လျော့





ဖို့ ကြိုးစားခဲ့သည်မှာ သူမ တရားသည်ဟု မှတ်ချက်ချမိသည်။

"ကျွန်တော့် ပန်းသေးတွေအတွက် လာတောင်းပန်တာပါ"

ဒါဆို ဒါ ရှင့်လက်ချက်ပေါ့။

အို ... ကြည့်စမ်းပါဦး၊ ရှင်လို လူတစ်ယောက်မှာ ခပ်လှလှ အတွေးတွေ ရှိနေတတ်တာ အံ့ဩပါရဲ့။

သူမရဲ့ ရင်ခုန်သံကို ညို့ယူဖမ်းစားနိုင်တဲ့ ပန်းတို့ရဲ့ သခင်ပဲ ဒါတဲ့လား။

"မနေ့က ကျွန်တော့်တာပည့်လေး ပြန်ပြောပြောချင်း ကျွန်တော် ဖုန်းဆက်တောင်းပန်ဖို့ပဲ၊ ဒါပေမယ့် ကျွန်တော် ချစ်နွယ်ကိုလဲ သိပ်တွေ့ချင်နေတဲ့အတွက် လူကိုယ်တိုင်လာခဲ့တာပါ"

မတွေ့ရတာ ကြာပြီမို့လားတော့မသိ။ သူ့ [illegible]ပ်က အနည်းငယ် အရင်ကထက် ပိုနူးညံ့နေသယောင်ပင်။

"လောကမှာ ကျွန်တော့်အပေါ် စိတ်ဆိုးမှာကို စိုးရိမ်တဲ့ လူ နှစ်ယောက်ပဲရှိတယ်"

ဘေးချင်းယှက်လျှက် စကားပြောလာစဉ်လည်း နှင်းဆီနံ့က သင်းပျံ့နေဆဲပင်။

"ဘာလဲ ရှင့်ကောင်မလေး အပါအဝင် နောက်တစ်ယောက်လား"

"မဟုတ်ဘူး ... ကိုမေမေနဲ့ ချစ်နွယ်၊ အရင်က မေမေတစ်

ယောက်တည်းအတွက်ပဲကို စိုးရိမ်တတ်တာ၊ မကြာသေးခင်ကမှ…"

ဆက်မပြောနဲ့တော့၊ ယိုင်နဲ့ဖို့ အားသာနေတဲ့ သူမ နှလုံးသား တွေကို တင်းထားစမ်းပါရစေ။

"ချစ်နှယ် နှင်းဆီပန်းတွေကို ကြိုက်တယ်ထင်လို့ မနက်စောစော ခြံဝိုင်းဘက်က သွားဝယ်ပြီး ပို့ခိုင်းရတာ"

နှင်းသီရာဇဝင်ကို ဆက်နားထောင်စမ်းပါရစေ။

တိုးတိတ်တိတ် ရင်ခုန်သံကို ဒီတစ်ခါတော့ သူမ လျစ်လျူရှုထားလိုက်ဦးမယ်။

"နှင်းဆီမှ မဟုတ်ပါဘူး၊ ရနံ့ရှိတဲ့ ပန်းဆိုရင် ခံစားလို့ရပါတယ်၊ ဒါပေမယ့် နှင်းဆီကျတော့ အသွေးရောအရောင်ပါ စိတ်ကို ကြည်နူးတက်ကြွစေတယ်လေ၊ ရဲရင့်လန်းဆန်းစေတယ်လို့တော့ တို့ထင်တယ်"

"ဒီတစ်ခါ ကို ပန်းပေးရင်ရော၊ မင်း လက်ခံဦးမှာလား"

ပန်းပေးရင် အရှုံးပေးတာတဲ့။

သူ သူမကို အရှုံးပေး အညံ့ခံဖို့ ရည်စူးထားလေရော့သလား။

"ဖြူစင်တဲ့အဓိပ္ပာယ်အတွက် သင်္ကေတအဖြစ် သတ်မှတ်လို့ရရင် လက်ခံတာပေါ့"

ဘာဖြစ်လို့ သူမက သူ့ထက်ဦးအောင် အရှုံးပေးဖို့ ကြိုးစားလိုက်ရတာလဲကွယ်။





သူမ စကားအဆုံးတွင် နောက်ပစ်လျှောက်လှမ်းနေသော သူ့လက်အစုံက ရှေ့သို့ လွင့်ပျံ့လာသည်။

နူးညံ့ညင်သာသော အကြည့်တွေကို သူ့မျက်ဝန်းတွေမှာ တပ်ဆင်ထားပြီး လှိုက်လှဲနွေးထွေးသောအပြုံးက တိမ်မူး ရှုးသွပ်ချင်စဖွယ် ညို့ငင်နေသည်။

ဖြူလွစိုစွတ်သော နှင်းဆီပန်းစည်းလေးက အေးမြမွှေးပျံ့စွာ သူမရှေ့တွင် စွင့်ကားမော့ကြည့်လျက်။

"ကြည်လင်ငြိမ်းချမ်းခြင်း အထိမ်းအမှတ်အဖြစ်ကို…ယူလာတာ"

ရှင့်မှာ ဘယ်လိုအစွမ်းသတ္တိတွေနဲ့ သူမစိတ်ကို ဖြားယောင်းဖို့ ကြိုးစားနိုင်ရတာလဲ။

နှင်းဆီဖြူရဲ့ ဖြားယောင်းမှုကို လက်ခံပြီး နမ်းရှိုက်ထွေးပွေ့ခွင့်ကို ဖန်တီးနိုင်တာ ပန်းကြောင့်လား၊ ပန်းသခင်ကြောင့်လားကွယ်"

ငြိမ်းချမ်းလိုက်ပါဘိတော့။

တုန်ခါမောလျစွာ သူမ အသံထွက်ရေရွတ်မိစဉ် သူကတော့ ကျေနပ်စွာ ပြုံးလျက်ပင်။

"မင်းမျက်နှာမှာ ဒီအချိန်ဟာ မာနအကင်းစင်ဆုံးပဲ၊ ဒါပေမယ့် ကိုက အဲဒီမာနလေးနဲ့ပဲ မင်းအလှကို ခံစားချင်တာ"

"နေပါဦး၊ နံနက်ခင်း လက်ဖက်ရည်ပွဲလေးတစ်ခု တို့ကို

ခွင့်ပြုနိုင်မလား"

"ရပါတယ်၊ ပန်းဖိုးတွေအတွက် ကို့ ကျွေးမယ်လေ"

ကဲ…ကစ်ခါတစ်ခါ ပျော့ညံ့သွားရတာကိုက သူမရဲ့ အားနည်းချက်ပင်။ တင်းမာဖို့ ကြိုးစားရင်း လိုက်လျောပြေလျော့မိတာကို သတိထားမိသော်လည်း သာယာမှုအတွက် သူမ မိုက်မဲလိုက်ချင်သည်။

အဖော်ကင်းမဲ့နေတဲ့ သူမဘဝမှာ အဖော်ဆိုတာကို မှတ်သိပ်စွာ တောင့်တတတ်နေတာ လျော်ကန်သင့်မြတ်သည်ဟုပင် ခွတ်အတင်း သူမကိုယ်သူမ ကာတွယ်ပစ်လိုက်သည်။

"ပြီးတော့ ကို တစ်ခု မင်းဆီက တောင်းရလိမ့်ဦးမယ်"

"တောင်းကြည့်လေ"

"မင်း သုံးသုံးနေတဲ့ ရှင့်ကောင်မလေးဆိုတဲ့ အသုံးအနှုန်းကို တဆိတ်ပြင်ပေးစမ်းပါ၊ သူက ကိုယ့်ကောင်မလေး မဟုတ်ဘူး၊ ကိုကသာ သူ့ကောင်လေးဖြစ်ချင် ဖြစ်နိုင်တာ"

"အိုး…ဟိုး၊ အရယ်ရဆုံး ပြက်လုံးတစ်ခုပါ၊ ကဲပါ၊ ဘယ်သူက ဘယ်သူ့ကို ဘယ်နည်းနဲ့ ပတ်သက်နေနေ တို့စိတ်မဝင်စားဘူး၊ ဒါပေမယ့် မင်း အိမ်ထောင်မရှိဘူးဆိုရင်ပေါ့"

ဒီတစ်ခါ ရယ်လိုက်သည်က သူဖြစ်နေပြီး အနိုင်ပိုင်းပြောလိုက်သေးသည်။





"လူပျိုစစ်ကြောင်း ထောက်ခံချက်လိုအပ်ရင် ကိုလုပ်ပေးပါ့မယ်"

"လဲ သေလိုက်ပါလား"

သူမ စကားအဆုံး နှစ်ယောက်စလုံး လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်စဉ် ခိုတချို့ ထပျံသွားကြသည်။

"နေဦး၊ ကို မသေခင် နာမည်မှတ်ထားလိုက်ဦး၊ တော်ကြာနာရေးမှာ ရှာရခက်နေမယ် 'ညီသစ်ဆင်း'တဲ့"

သူသာ သူမနဲ့ သူငယ်ချင်းတစ်ယောက်ဆိုလျှင် သူ့ကျောတွင် သူမ နာအောင်ထုထည့်လိုက်ချင်သည်။ ယခုတော့ လက်ကိုင်ပဝါကို လုံးချေပြီး ကြိတ်ရယ်ရသည်မှာ ပင်ပန်းလှန်းလေစွ။

ထိုနေ့က သူမ ဒိုင်ယာရီထဲတွင် ရည်ရွယ်ချက်မဲ့စွာဖြင့် နှင်းဆီဖြူတစ်ပွင့်ကို ညှပ်ထားမိသည်။ ရနံ့မပြယ်သေးသော နှင်းဆီပွင့်လေးက သူမကို လှောင်ရယ်ပြစဉ် စာအုပ်ကို ဖိပိတ်ပစ်လိုက်သည်။

သူမသည် မေမေနှင့်ပတ်သက်၍ ဒဏ်ရာအမျိုးမျိုးကို ရဖူးသော်လည်း ထိုဒဏ်ရာများကို အောင်မြင်စွာ ကုစားနိုင်ခဲ့သည်ချည်းဖြစ်သည်။

သို့သော် ယခုအခါတွင်မူ အရင်က ရခဲ့သော မကျက်သေးသော ဒဏ်ရာပေါ်တွင် မေမေက ထိုးချက်ပြင်းပြင်းဖြင့် ဆူးနစ်စေခဲ့ပြန်လေသည်။

ရင်ထဲ၌ ကိတ်တဆိတ်ရခဲ့သော ဒဏ်ရာသည် ဆူညံများပြားလှသော လူများ၏အလယ်တွင် မထင်မှတ်စွာ ရခဲ့ခြင်းဖြစ်ပြီး ထိုဒဏ်ရာကပင် သူမကို ပြန်လည်ထိန်းချုပ် အသက်သွင်းခဲ့ခြင်းပင်ဖြစ်သည်။





ရုံးပိတ်ရက်တွင် ထုံးစံအတိုင်း စာအုပ်တန်းမှအပြန် သူမတစ်ခုခုကို ဆာလောင်လာချိန်တွင် အနီးဆုံးဆိုင်သည် ရေခဲမုန့် အပေါအဝင် အအေးမျိုးစုံရောင်းသောဆိုင်ဖြစ်နေသည်။

ရေခဲမုန့်ကို နှစ်ခြိုက်သော သူမအဖို့ ဆာလောင်မှုအတွက် အကောင်းဆုံးအစာအဖြစ် ရွေးချယ်ပြီး ချောင်ကျကျခုံတွင် နေရာယူလိုက်သည်။

ဝယ်လာသောစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ထုတ်ကြည့်ပြီး ပီတိဖြစ်ရသည်ကို အကြိမ်ကြိမ် သူမ ခံစားခဲ့ဖူးသည်။ အစပိုင်းလေးတွေကို မြည်းပြီး ဖတ်ရန်ချန်ထားရသည်ကိုက သူမအတွက် အရသာရှိလွန်းလှသည်။

ယခုလည်း စာအုပ်များကို ခဏမျှ မြည်းစမ်းအပြီး ဆိုင်အတွင်းသို့ သူမ ဝေ့ကြည့်လိုက်စဉ် သူမ မျက်လုံးအစုံက တစ်နေရာတွင် အဆုံးသတ် ရပ်တန့်သွားသည်။

ချို့ရှင်ကြည်လင်သော မျက်နှာပေါ်တွင် အရေးအကြောင်းလေးမျှပင် မထင်သေးအောင် မေမေက နုပျိုနေသေးသည်။

မေမေ့ဘဝကို လှပအောင် ထောင်မတ်ပေးခဲ့သော မေမေ့အိမ်ထောင်ဖက် အမျိုးသားကြီးသည်လည်း မေမေကဲ့သို့ပင် နုပျိုလျက်။

သူမ အကြည့်တို့ကို ထိုစားပွဲတွင်သာ ရပ်တန့်နေတာမို့ ပြန်ကြည့်လာသော မေမေ၏အကြည့်ကိုသာ ဆုပ်ကိုင်ဖမ်းမိလျက်

သား ဖြစ်နေသည်။

မွှင့်လင်းဝမ်းသာစွာ သူမ ပြုံးပြလိုက်သော်လည်း တုံ့ပြန်သော အပြုံးကို သူမ ထိတ်လန့်စွာ မရခဲ့ပေ။ အေးစက်သောအကြည့်၊ နားမလည်နိုင်သောအကြည့်တစ်မျိုးကိုသာ ရရှိပြီး ခေါင်းမြန့်လွှဲသွားသည်ကိုသာ ဝမ်းနည်းဖွယ် ဆုံလိုက်ရတော့သည်။

ထိုအချိန်မှစ၍ ခေါင်းပြန်ငုံ့ပြီး ဝမ်းနည်းစိတ်ဖြင့် ခွက်ထဲရှိ ရေခဲမုန့်ကို ချေမွ မွှေနှောက်နေမိသည်။

သူမ ခုံရှေ့တွင် မေမေ့ခြေတစ်စုံကို လာရပ်နိုးနှင့် သူမ အကြာကြီး စောင့်နေခဲ့သည်။ သူမ ပခုံးကိုပုတ်ပြီး "သမီး" ဟု ခေါ်မည့် မေမေ့အသံချိုချိုကို မျှော်လင့်မိသည်။

သို့သော် ထုံးစံအတိုင်း သူမ မျှော်လင့်သမျှကို လောကကြီးက ဘယ်တုံးက မှ မပေးခဲ့ပြန်ပေ။

ဖိနပ်မြင့်မြင့်တစ်စုံ၏ ထွက်ခွာနတ်အသံကိုသာ ခံပြင်းစွာ သူမ ကြားလိုက်ရသည်။

လှည့်ကြည့်ချင်သည့် စိတ်တွေကို ဖွတ်အတင်းတားမြစ်စဉ် သူမမျက်ရည်တွေက ဖွားခနဲ။

သူမနဲ့ မေမေ့ကြားထဲမှာ သာယာတဲ့မိသားစုတစ်ခုက ဘာဖြစ်လို့ ကြားခံနေရတာလဲ...။

မေမေကရော၊ သမီးတစ်ယောက်အတွက် ဂုဏ်သိက္ခာဆိုသော





အရာကို ဘယ်အချိန်ထိ ထိန်းသိမ်းထားရှိဦးမှာလဲ။

သူမသည် မေမေဆီမှ အခွင့်အရေးတစ်ခုကိုသာ လိုချင်ပါသည်။ ထိုအခွင့်အရေးသည် မေမေ့အတွက် သိပ်ရက်စက်ရာကျသော်လည်း သူမအတွက်တော့ သိပ်ကိုအဖိုးတန် မြတ်နိုးလွန်းရသော အခွင့်အရေးသာဖြစ်လိမ့်မည်။

ချစ်နှယ်ဘဝမှာ ကစ်ယောက်တည်း မဟုတ်ဘူး၊ မေမေဆိုတဲ့ မြတ်နိုးဖွယ်၊ နွေးထွေးဖွယ် မိခင်တစ်ယောက်ရှိပါတယ်လို့ ကြေညာပေးဖို့လေ။

ဒါပေမယ့် ဒါက သူမဘဝအတွက် သိပ်ကိုအန္တရာယ်ကြီးမားလွန်းနေသည်။ ဒါပေမယ့် သူမ ကစ်ခုခုနဲ့ လဲကောင်းလဲပေးနိုင်ဖို့ ကြိုးစားရန် စိတ်ဆုံးဖြတ်လိုက်သည်။

သို့သော် ထိုအရာသည် သူမ နလုံးသားဖြစ်လိမ့်မည်ဟု ကံဆိုးစွာ လုံးဝ မမျှော်လင့်ထားခဲ့ပေ။

ညီသစ်ဆင်းနဲ့ ရင်းနှီးပြီးနောက်ပိုင်း အချိန်အချို့ကို ရှိုးအိဝင်းထပ်နေသော အခြေအနေဖြင့် ပြည့်နှက်နေလိမ့်မည်ဟု ယူဆထားခဲ့သော်လည်း ခြားနားစွာဖြင့် စိတ်မျက်ခေါင်းရှုပ်ဖွယ် ရင်ဆိုင်ခဲ့ရလေသည်။

ထိုနေ့သည် သူမအတွက် ကံကောင်းသောနေ့ထဲတွင် မပါဝင်ခဲ့သောနေ့အဖြစ် "မြရုပ်လွှာ"(နောင်တွင် သူသိခဲ့ရသည်)က ဖန်တီးပေးခဲ့ခြင်းပင် ဖြစ်လေသည်။

"မမ ဒီမှာ ပန်းအိုးဖိုး လျော့မလို့တဲ့"

သာမန် ပန်းအိုးတစ်လုံးကို သာမန်ဈေးဝယ်သူတစ်ယောက်က သာမန်မဆော်တာဆဖြင့် ကျူကွဲခြင်းဟု သူမ ထင်မိသော်လည်း တစ်ခါ





မြင်ရုံဖြင့် မှတ်မိစေသော အလှတချို့ကို ပိုင်ဆိုင်ထားသူအဖြစ် မြင်မြင်ချင်းပင် သူမ မှတ်မိလိုက်သည်။

"သမီး ပြောပြပါတယ်၊ ဒါ မမ ဝယ်ပြီးသားအကြိုက်ဆုံး ပန်းအိုးပါ၊ မမ မယူရသေးလို့ ပြထားတာပါလို့ ပြောပါသေးတယ်၊ သူက မဝယ်ဘူး၊ ခဏလေးကြည့်ရုံပဲ ကြည့်မယ်ဆိုလို့ ထုတ်ပေးလိုက်တာပါ။ အဲဒီမှာ ကျကွဲပြီး…"

အဆောတလျင် ရှင်းပြချက်များ မဆုံးမီ တစ်စုံတစ်ခုကို သူမ အလိုလိုနားလည်ပြီးသား ဖြစ်သွားသည်။

"ကိစ္စမရှိပါဘူးကွယ်၊ ကိုယ့်ပစ္စည်းကို စောစီးလုံခြုံစွာ မသိမ်းထားမိတဲ့ မမအပြစ်ပဲ၊ ရပါတယ်၊ သမီးသွားလို့ရပြီ"

အရောင်းစာရေးမလေး ထွက်သွားသည်နှင့်တစ်ပြိုင်နက် အဲယားကွန်းလည်သံမှအပ ဘာသံမျှ မကြားရအောင် တိတ်ဆိတ်သွားသည်။

"ဟုတ်တယ်၊ သိပ်ကြိုက်တဲ့ပစ္စည်းကို လုံလုံခြုံခြုံ သိမ်းထားဖို့ လိုတယ်ဆိုတာ ကျွန်မလဲ သိပါတယ်လေ။ ဒါပေမယ့် တချို့က အဲဒီလို သူများဦးပြီးသားပစ္စည်းကိုမှ လိုချင်တတ်ကြတယ်လေ"

ဘုရားရေ…မိန်းမလှလေးက သူမကို တိုက်ခိုက်အလဲထိုးဖို့ လာခဲ့တာထင်ရဲ့။

လှပလွန်းတဲ့မျက်နှာနဲ့ မလိုက်ဖက်လွန်းလှစွာ မဲ့ရွဲ့ပြောနေပုံက

ကြိုတင်သယ်ယူလာခဲ့သော အထုပ်တစ်ထုပ်ကို ယခုမှဖွင့်ချပြသည့်နှယ် မာန်ပါလွန်းနေသည်။

"ထိုင်ပါ…မ…"

"မြရုပ်လွှာပါ၊ ကိုက ပြောမပြသေးဖူးလား"

"မလိုဘူးလေ၊ တို့က လူပိုမခင်တတ်ဘူး။ ကဲပါ၊ အလုပ်ခန်းမှာ အလုပ်ကိစ္စပဲ ပြောရအောင်"

ဘောက်ချာစာအုပ်ထဲတွင် ပန်းအိုးတန်ဖိုးကို ရေးထည့်ပြီးသည့်တိုင်အောင် မြရုပ်လွှာဘက်က အခြေအနေမထူးလာပေ။ သူမနှင့်စကားပြောရန်သာ စိတ်စောနေပုံရသည်။

"ကိုနဲ့ ဆိုရင်တော့ ဒီအခန်းထဲမှာ အလုပ်ကိစ္စပဲ ပြောတာလား"

အိုး…သူမကို မြရုပ်လွှာက စိန်ခေါ်ဖို့ ကြိုးစားနေတာကိုး။

"ဒီအခန်းက ဘယ်စကားပြောလို့ ကောင်းပါ့မလဲ၊ ကောင်းတဲ့နေရာ၊ ဥပမာ ဆိတ်ငြိမ်တဲ့ စားသောက်ဆိုင်မျိုးမှာပေါ့၊ အဲဒီမှာပဲ စကားပြောတယ်လေ၊ ဘာလဲ မြရုပ်လွှာတို့ကို အဲဒီလို စကားပြောစေချင်လို့လား၊ ဝမ်းနည်းပါတယ်ကွယ်၊ ဒီနေ့ တို့အတွက် မင်းနဲ့စကားပြောဖို့ အချိန်မရဘူး၊ ပန်းအိုးဖိုး ချေပြီးရင် မင်းနဲ့တို့ ကိစ္စပြီးပြီလေ"

"ဟာ…ဘယ်ဖြစ်မလဲ၊ ဒီကနဲ့ စကားပြောဖို့ ပန်းအိုးတစ်လုံး





ဖိုးတောင် ရှင်းထားရတာ"

"ဒါဆိုရင် ပန်းအိုးဖိုးမပေးဘဲ မင်းပြန်နိုင်တယ် မြရုပ်လွှာ၊ ပန်းအိုးက တို့ ဝယ်ပြီးသားလေ၊ တို့နဲ့ မထိုက်တန်လို့ လွဲသွားရတဲ့ ပစ္စည်းအတွက် တန်ဖိုးဆိုတာကို ထည့်တွက်ပြီး မနှမြောချင်တော့ဘူး၊ မင်းရော"

ဒီတစ်ခါတော့ သူမ စကားက ထိသွားသည်ထင်၏ မြရုပ်လွှာ၏ကိုယ် မတ်ခနဲဖြစ်သွားသည်။ ထို့နောက် ဆက်၍ပင်…

"ကိုယ်နဲ့ မထိုက်တန်လို့ လွဲသွားရတယ်ဆိုတဲ့ နေရာမှာ ကိုယ့်ထက် ပိုမြင့်မြတ်တဲ့၊ ပိုတန်ဖိုးကြီးတဲ့နေရာကို ရောက်သွားတယ်ဆိုရင်တော့ ကျေနပ်စရာပေါ့၊ ဥပမာ မချစ်နှယ်က ဒီပန်းအိုးလေးကို ဧည့်ခန်းမှာထားမယ်လို့ ရည်ရွယ်ချင် ရည်ရွယ်ထားမယ်၊ ဒါကိုတခြားတစ်ယောက်က ဝယ်ပြီး ဘုရားခန်းမှာ ထားမယ်ဆိုရင် ပိုမြင့်မြတ်သွားတာပေါ့။ အခုတော့ အမှိုက်ပုံးထဲရောက်သွားမှာဆိုတော့ ဒီလိုပဲလေ၊ ကိုကို ကျွန်မက မြင့်မြတ်ကြီးကျယ်တဲ့နေရာကို ခေါ်သွားချင်တာ၊ အမှိုက်ပုံးထဲ မဟုတ်ဘူးလေ"

မြရုပ်လွှာ ပစ်မှတ်က သူမကို ဒက်ခနဲထိမှန်သွားသည်။ ခံပြင်းသော ဒေါသစိတ်ကို လှပစွာ ချေဖျက်နိုင်ဖို့ ကြိုးစားလိုက်ပြီး…

"ခေါ်ချင်တဲ့သူက ဘယ်လို ဘယ်လိုပဲခေါ်ခေါ် လိုက်ချင်

တဲ့သူက ဆန္ဒရှိမှ ဖြစ်တာပါ။ သူက ကလေးမှမဟုတ်တာ၊ ကလေး ဆိုရင်လည်း ကောင်းသား၊ ကလေးဆိုတာ အမှိုက်ပုံနားမှာ ပျော်တတ် ပြီး အမြင့်ကို ကြောက်တယ်လေ”

သရေပွဲဖြင့်သာ သူမ အဆုံးသတ်လိုသော်လည်း မြရုပ်လွှာ ဘက်ကတော့ အနိုင်ကိုသာ မက်မောလွန်းနေသည်၊

“ကျွန်မ ဘယ်သူလဲဆိုတာတော့ ခုလောက်ဆို သိရောပေါ့၊ ညီသစ်ဆင်းဆိုတဲ့ ကိုနဲ့ လူကြီးချင်း သဘောတူထားတဲ့ သာဒ် အမ်ဘီ ကျောင်းသူ ‘မြရုပ်လွှာ’ တဲ့၊ တစ်ကောင်ကြွက် မျက်နှာမွဲ မဟုတ်ဘူး နော်”

တစ်ကောင်ကြွက် မျက်နှာမွဲ ဟုတ်လား။ ဒီအသုံးအနှုန်းကို ဘာဖြစ်လို့ ရက်စက်စွာ သုံးရတာလဲ။

“ပြောစမ်း မြရုပ်လွှာတို့ကို တစ်ကောင်ကြွက် မျက်နှာမွဲလို့ မင်း ပြောလိုက်တာလား”

ပခုံးနှစ်ဘက်ကို ကိုင်လှုပ်ဆွဲဆောင့်ချင်လာအောင် မြရုပ်လွှာ ပုံစံက ပြောင်တင်းမိုက်ရိုင်းလွန်းနေသည်။

“သိဘူးလေ၊ ဟုတ်နေလို့လား၊ ဆောရီးနော်၊ ကိုက ဒါတွေ ကို မသိသေးဘူးထင်ရဲ့”

“ဒီမှာ မြရုပ်လွှာ၊ မင်း ငါ့အလုပ်ခန်းထဲက အခုထွက်သွား လိုက်ပါ၊ ဝတ္တရားနှောင့်ယှက်မှုနဲ့ မင်းကို Sacurity လက်ထဲ မအပ်





ခင်ပေါ့”

“အပ်ကြည့်လေ၊ မြန်မာပြည်ရဲ့ ပလတ်စတစ်စာဂျရီ အထူး ကုဆရာဝန်ကြီး ဦးမျိုးမင်းနဲ့ ကုမ္ပဏီဒါရိုက်တာ မြတ်လေးငုံတို့ရဲ့ တစ်ဦးတည်းသောသမီးကို ထိရဲ ထိကြည့်ပေါ့”

ဒီတစ်ခါတွင်တော့ သူမ မြရုပ်လွှာကို အပြင်ကို ဆွဲထုတ် ပစ်ချင်စိတ်ထက် သတ်ပစ်ချင်စိတ်က ပိုပြီး အားသာသွားရသည်။

သတ်မည်၊ ဒါပေမယ့် တဖြည်းဖြည်းနဲ့ အကြိမ်ပေါင်းများစွာ သတ်မည်။

အရူးတစ်ယောက်ကဲ့သို့ သူမ ဆိုးရွားစွာ မျက်နှာပျက်ယွင်း နေပုံကို မြရုပ်လွှာ အားပါးတရ ကြည့်နေသည်။

မြရုပ်လွှာ မင်းဟာ ငါ့ရဲ့ဘဝတစ်ခုလုံးဆီက အဆီအနှစ် တွေကို စုပ်ယူဝါးမြိုနေသူပဲ။ မေမေရဲ့သွေးတွေကို သူမဆီက ဖောက် ထုတ်ပြီး မေမေ့အချစ်တွေကို လုယူထားခြင်းအတွက် မင်းကို ကံကောင်းခွင့် မပေးတော့ဘူး မြရုပ်လွှာ။

“ကောင်းပြီလေ၊ ဒီပွဲမှာ မင်းက စ စိန်ခေါ်တာနော်၊ အစ ကတော့ ညီသစ်ဆင်းကို ရိုးရိုးခင်မင်နေတဲ့ တို့ရဲ့စိတ်ကို ဖောက်ထုတ် ပေးမလို့ပဲ။ ဒါပေမယ့် မင်းဆီက အချက်နှစ်ချက်ကြောင့် တို့ ဆုံးဖြတ် ချက်တွေ ပြောင်းလိုက်ပြီ။ တစ်ချက်က မင်းရဲ့ ရင့်သီးတဲ့ တစ်ကောင် ကြွက် မျက်နှာမွဲဆိုတဲ့ စကားကြောင့် ညီသစ်ဆင်းဆီက အချစ်ကို

ရယူပြီး နှစ်ကောင်ကြွက်ဖြစ်အောင် လုပ်ပြလိုက်ရုံလေးပဲ၊ နှစ်အချက်ကတော့ နည်းနည်းရိုက်ချက်ပြင်းတယ်နော်၊ မင်းခံနိုင်ရည်ရှိအောင်ကြိုးစားထား၊ မင်းဟာ ဦးမျိုးမင်းနဲ့ ဒေါ်မြတ်လေးငုံတို့ရဲ့ သမီးဖြစ်နေတဲ့အတွက် ညီသစ်ဆင်းကို မင်းဆီက လုံးဝခွဲထုတ်ပြီး သူ့ဘဝကိုပါယူဖို့ ဆုံးဖြတ်လိုက်ပြီ။ တစ်ချိန်မှာ မင်းသိရမှာက တို့ဟာ တစ်ကောင်ကြွက် မျက်နှာမွဲတစ်ယောက်မဟုတ်ဘူးဆိုတာ သက်သေပြမယ်ဆိုတာကိုပဲ၊ မင်းအတွက် အရင်းအနှီးက သိပ်ကြီးတယ်နော်၊ အမြတ်များမှဖြစ်မှာ"

အံကြိတ်လိုက်သော 'မြရှပ်လွှာ' ၏ နှုတ်ခမ်းပေါ်တွင် မထီသောအပြုံးက စိန်ခေါ်မှုကို လက်ခံလျက်…

"စောင့်ကြည့်ပေါ့။ ဒီတစ်ခါ ချစ်နွယ်ကြိုက်တဲ့ ပန်းအိုးကို တမင်ခွဲပစ်ခဲ့တယ်၊ နောက်တစ်ခါ မချစ်နွယ်ရဲ့ အသည်းနှလုံးဖြစ်မလား၊ ဂုဏ်သိက္ခာဖြစ်မလား စောင့်ကြည့်ရုံပဲ"

ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး ပထမဦးဆုံးအကြိမ် အရှုပ်ခွဲခံရခြင်းဖြစ်သလို သူမဘက်မှလည်း ပထမဦးဆုံးအကြိမ် စိန်ခေါ်ခဲ့ခြင်းပင်ဖြစ်သည်။ ပစ်မှတ်နှစ်ခုအတွက် ကျည်တစ်တောင့်တည်းကို သူမ သုံးခဲ့ခြင်းဖြစ်ပြီး ထိုကျည်သည် သူမနှလုံးသားထဲသို့ပင် သူမကိုယ်တိုင် ပစ်သွင်းရမည်ဟု စိုးစဉ်းမျှပင် မတွေးခဲ့မိပေ။



မြရှင်ဇွာ

ကံကောင်းခြင်းတွေ ပြည့်နှက်နေသော လူတစ်ယောက်သည် ကံဆိုးမှုတစ်စုံတစ်ရာအတွက် ဖြေသိမ့်သင့်သည်ဟု အရင်က သူယူဆခဲ့ဖူးသည်။

သို့သော် ထိုကံဆိုးမှုသည် သူမ၏ ကံကောင်းခြင်းများစွာကို ချေဖျက်မည့် နှတ်ဆိုးမှန်းသိလိုက်ရချိန်တွင် သူမအတွက် အရာရာသည် နောက်ကျပြီးဖြစ်နေသည်။

သူမဘဝအတွက် နှတ်ဆိုးတစ်ကောင်သည် လောကကို ထိမထင်တတ်သော "ချစ်နှယ်"မည်သော မိန်းမပျိုတစ်ယောက် ဖြစ်လိမ့်မည်ဟု ကြိုတင်မမျှော်လင့်ခဲ့ပေ။

သို့သော် သူမသည် နှတ်ဆိုးနှင့် မိုက်မဲစွာ ကစားခဲ့သူသာ ဖြစ်လေသည်။

မထုံတတ်တေးနှင့် မပြတ်သားတတ်သော ယောကျ်ား တစ်ယောက်သည် သူမ ချစ်သောသူဖြစ်သည်။

သူ့ကို သူမ အလွယ်တကူ ရင်းနှီးခွင့်ရခဲ့သလို သူကလည်း သူမနှင့် ထိုနည်းတူစွာပင်။

ကွဲပြားရသော အချက်အနေနဲ့ကတော့ သူမနဲ့ပတ်သက်ပြီး သူမ ဂုဏ်သတင်းတွေအတွက် သူ အမြဲဂုဏ်ယူနေရတာတ်ပြီး သူနှင့် ပတ်သက်၍တော့ သူမ စိတ်အမြဲ အနှောင့်အယှက်ဖြစ်နေရတာတ်ခြင်း ပင်။

"ကိုကို မေးစရာရှိတယ် ဝန်ခံမလား"

သူမရှေ့တွင် ထိုင်နေသော ကိုသည် သူမ စကားအတွက်





တစ်ခုခု တုန့်လှုပ်သင့်နေသော်လည်း ခြားနားစွာ တည်ငြိမ်လျက်...

"မှန်တာဆိုရင်တော့ ဝန်ခံရတာပေါ့"

အဲဒီ အမူအရာတွေက ချစ်နွယ်ဆီက ရခဲ့တာထင်ရဲ့။

ဒါပေမယ့် ကို့အမူအရာတွေကိုတော့ သူမ မြတ်နိုးသည်။

"ကို မနက်တိုင်း ပန်းသွားဝယ်တဲ့ခြံဘေးက တိုက်မှာ လွှာ ယူငယ်ချင်းနေတယ်လေ။ သူက နှင်းဆီပန်းတစ်စည်းတစ်စည်း မနက်တိုင်း ကိုလာဝယ်တယ်လို့ ပြောတယ်"

"ဩော်...ဟုတ်တယ်လေ"

"ဒါဆို ကို နောက်ထပ်ဆက်ပြီး ဝန်ခံဦး၊ မဆုံးသေးဘူး၊ သေချာတာတစ်ခုက အဲဒီပန်းတွေဟာ လွှာဆီကိုရော၊ ကို့မေမေဆီကို ရော၊ ကုမ္ပဏီရုံးခန်းကိုရော မရောက်ဘူးနော်"

"လွှာရယ် ဒီလောက်သိနေမှတော့ ဘာဖြစ်လို့ ကို့ကို မေးနေ သေးလဲကွာ၊ လွှာဘာသာပဲ ပြောလိုက်တော့ပေါ့"

သူမနဲ့ ပတ်သက်တိုင်း ကိုစိတ်မရှည်တတ်သည်ကို သိထား ခြင်းဖြင့် ကို့သည်းညည်းခံရန် ဝန်မလေးတော့ပေ။

"မဟုတ်ဘူး၊ ကို့ဆီက ဝန်ခံစကားကို ကြားချင်တာ၊ ကို့ ပည့်လေးကို မေးကြည့်တော့ မိန်းမတစ်ယောက်ဆီကို သွားပို့နိုင်း ဆို"

"သေချာတာပေါ့ လွှာရဲ့၊ ကို ပန်းပေးရကျိုးနပ်တယ်သိလား"

သူက အဲဒီပန်းတွေကို အမြဲတမ်း လက်ခံတယ်"

ကဲ သေလိုက်စမ်း မြရုပ်လွှာ။ တခြားအမျိုးသမီးတစ်ယောက်အတွက် သိပ်တက်ကြွနေတဲ့ ချစ်သူကို ဝင့်ကြွားရှိသရွေ့ ချစ်နေဦးပေါ့။

လှိုက်တက်လာတဲ့ ဝမ်းနည်းအံ့သြမှုဖြင့် ကို့ကို ကြည့်မိစဉ် ကိုက ရက်တရက် ပြုံးနေရာမှ သူမကိုကြည့်ပြီး အနည်းငယ် တည်ပစ်လိုက်သည်။ ပြီးနောက်…

"အဲဒီအမျိုးသမီးက ဘယ်သူ၊ ဘာလုပ်တယ်၊ ဘယ်မှာနေတယ်ဆိုတာကိုတော့ ကို့ကို မမေးနဲ့တော့ လွှာ၊ မေးလဲ ကိုဖြေမှာမဟုတ်ဘူး။ ကို မိန်းမနှစ်ယောက်ကို ရန်တိုက်မပေးချင်ဘူး၊ အရွေးသဖြင့် တစ်ယောက်ဟာ ကိုယ့်ကို ချစ်နေသူဖြစ်ပြီး၊ တစ်ယောက်ကကို ချစ်နေတဲ့သူ ဖြစ်နေလို့ပဲ"

ပြောပြီးပြီးချင်း ထထွက်သွားတဲ့ ကို့နောက်ကျောကိုကြည့်ပြီး သူမ တစ်ခုခုကို အော်ဟစ်လိုက်ချင်သည်။

ကိုပြောတဲ့ မိန်းမနှစ်ယောက်အနက် တစ်ယောက်က သူမဖြစ်နေပြီး တစ်ယောက်က ချစ်နွယ်ဖြစ်နေသည်ဆိုတာ သေချာသိနေသော်လည်း အဲဒီနှစ်ယောက်အနက် ဘယ်သူ့ကို ကိုယ်က ချစ်နေသလဲ ကွယ်။

ပြောလိုက်စမ်းပါ ကို။

သူမကို ကြည့်ပြီး "လွှာ့ကိုသာ ချစ်တာပါလို့" ပြောလိုက်





စမ်းပါ။ အဲဒီတစ်ချက်တည်းနဲ့ သူမဘဝရဲ့ ကံကောင်းမှုများစွာကို လဲလှယ်ချင်ပါရဲ့။

"သိပ်လဲမလှပါဘူးဗျာ၊ Blue Sky ကုန်တိုက်က မန်နေဂျာအမျိုးသမီးလို့ ပြောတာပဲ။ ဒါပေမယ့် မျက်နှာကြောကတော့ တင်းတယ်နော်၊ မမလောက် မလှဘဲနဲ့ ဆရာကဘာဖြစ်လို့ ပတ်သက်ချင်ရတာလဲ မသိပါဘူး၊ ဒါကို ဆရာ့မေမေသိရင်လဲ အတော်စိတ်ဆိုးမှာ သေချာတယ်၊ မမဘက်ကလည်း ဆရာ့ကိုထိန်းပေါ့ မမရယ်"

ကို့ တပည့်ဖြစ်သူရဲ့ စကားသံတွေကို ပြန်ကြားယောင်စဉ် သူမ ဒေါသရဲ့ ဦးတည်ရာသည် တစ်ယောက်သောသူထံသို့ ရောက်ရှိသွားသည်။

တစ်ခုခုကို လျှင်မြန်စွာ ဆုံးဖြတ်တတ်သော သူမအကျင့်အတိုင်း ချက်ချင်းပင် Blue Sky ဆီသို့ သူမ ရောက်သွားခဲ့လေသည်။

* * *

ချစ်နွယ်နှင့် စိန်ခေါ်ပွဲအပြီး သူမဘက်မှ ကြိုတင်ပြင်ဆင်မှု
များနှင့်အတူ တိုက်ကွက်အချို့ကို လှုပ်ရှား သူမဖန်တီးခဲ့ရသည်မှာ
မျှော်စရာလည်းကောင်း၊ စိတ်ညစ်စရာလည်းကောင်းလှသည်။

အနိုင်ရလိုမှု တစ်စုတည်းကို မျှော်လင့်ထားတဲ့ သူမအတွက်
ခြေလှမ်းတိုင်းသည် ပင်ပန်းလွန်းနေတော့သည်။

"ကို လွှာ ဈေးဝယ်ထွက်ချင်တယ်၊ ကို အဖော်လိုက်ပေး
နော်"

"ဟာ…ကို မအားဘူး လွှာရ၊ ဒီမှာ မေမေ ကြိုခိုင်း
ထားတဲ့ နိုင်ငံခြားဧည့်သည်တွေ လေဆိပ်သွားကြိုရဦးမယ်"

"ဘယ်အချိန် ကြိုရမှာလဲ ကို"





"၁၀ နာရီလောက် ဖြစ်လိမ့်မယ်"

"ကိစ္စမရှိပါဘူး ကို၊ အန်တီဆီ လှမ်းဖုန်းဆက်လိုက်မယ်၊
ဘယ်နာရီလောက် လွှာ ကို့ကို ခေါ်သွားချင်တယ်လို့"

ဆက်ပြင်းဦးလေ ကို။

သူမဘက်က တောင်းဆိုတိုင်းကို ငြင်းတတ်မသော်လည်း
နောက်ဆုံးတော့ လက်လျှော့ရသည်ချည်းပင်။

သူမဘက်က တစ်ခုတည်းသောလက်နက်အဖြစ် ကို့ မေမေ
ကို သုံးတတ်သော်ငြား ကိုကလည်း ဆူပူတိုက်တောင်းတတ်သောစိတ်နှင့်
သူမဆီ ရောက်လာရမြဲပင်။

"ဧည့်သည်တွေကို ကြိုပြီးတာနဲ့ လွှာ့ဆီလာဖို့ အချိန်လုံ
လောက်ပါတယ်နော်၊ ဒီနေ့ ဈေးဝယ် သွားနေမယ့်နေရာက ပျော်ဖို့ကောင်း
ပါတယ် ကိုရယ်၊ ကို့စိတ်ကြိုက်ဖြစ်မယ့်နေရာ ရွေးထားပါတယ်
ကိုင်…"

ဖုန်းခွက်လေးကိုချပြီး အားရစွာ သူမပြုံးလိုက်သည်။

ကျွန်မဘက်က စိန်ခေါ်ခဲ့သူဆိုတော့ တိုက်ပွဲကိုလည်း
ကျွန်မကပဲ စရတော့မှာပေါ့၊ ချစ်နွယ်ပြောခဲ့သလို အစရင်းကတော့
ကြီးလွန်းလှတယ်ကွယ်။ ကျွန်မဘက်က နှလုံးသားတစ်ခုလုံး တင်
တောင်းထားရတာကိုတော့ ကို့ကိုသိအောင် ပြောမပြထားတော့ဘူး၊
ပွဲမှာ ကံတရားက ဒိုင်လူကြီးပေါ့ကွယ်။ ကျွန်မက ဘယ်တုန်းကမှ

အရှုံးဆိုတာကို ရင်မဆိုင်ခဲ့ဖူးတော့ ဒီတစ်ခါလည်း အနိုင်အတွက် မှန်းပြီး ကြိုတင်ကြည်နူးနေလိုက်ဦးမယ်။

❀❀❀



ဗိုလ်ချုပ်ဈေး တစ်ဈေးလုံးပတ်ပြီး စိတ်ကြိုက်ဝယ်ပြီးသွားချိန်တွင် သူမ၏ ဦးတည်ချက်က တစ်ခုတည်းသောနေရာသာ ကျန်တော့သည်။

"Blue Sky ကို သွားရအောင် ကို၊ လှှာ အဲဒီမှာ ဝယ်စရာလေးတွေ ရှိတယ်"

ကို့ မျက်နှာပေါ်တွင် ချက်ချင်း စိတ်ပျက်သည့်အရိပ်အရောင်က ဖြတ်ပြေးသွားသည်။

"လှှာရယ် ဒီမှာလဲ ဝယ်ရင်ရတာပဲ၊ ကုန်တိုက်ကို မသွားနဲ့တော့ကွာ"

ညည်းညူတောင်းပန်ပြီး ကို လိုက်လာသော်လည်း သူမ

ကတော့ ပစ္စည်းများကို ကားထဲထည့်ပြီး Blue Sky ကို ဦးတည်လိုက်သည်။

သူမဝင်ခေါ်လျှင် သူမကားကို သုံးလေ့ရှိပြီး ကိုဝင်ခေါ်လျှင် ကို့ကားကိုသာ သုံးလေ့ရှိသည်။ ယခုလည်း အလာတုန်းက ကို မောင်းလာတာမို့ အပြန်ကို သူမ ယာဉ်မောင်းတာဝန်ယူလိုက်သည်။ သို့မှသာ သူမ ဝင်ချင်သောနေရာကို ဝင်ရမည်ဖြစ်သည်။

"ကို အရင်က ဒီကုန်တိုက်ကို ရောက်ဖူးလား"

ကုန်တိုက်ထဲ ဝင်ဝင်ချင်း သူမ မေးလိုက်စဉ်...

"သိပ်ရောက်ဖူးတာပေါ့"

ကို့အသံက စိတ်ပျက်စွာ အရွဲ့တိုက်သံပင်ပေါ်နေသေးသည်။

သူမ ပစ်ကွင်းဖြစ်သော ဖန်ခွက်တန်းဘက်သို့ ရောက်လာစဉ် လှပသော ရောင်စုံဖန်ခွက်ကြည်များက သေသပ်ဆန်းပြားစွာ ဝယ်သူကို မျှော်လင့်နေသလိုပင်။

"လှှာ ဖန်ခွက်တွေ ဝယ်မလို့လား၊ ကွဲဦးမယ်"

သူမအတွက် စိုးရိမ်တာလား၊ ဖန်ခွက်အတွက် စိုးရိမ်တာလား၊ မဝေခွဲနိုင်သော ကို့အသံက စိုးရိမ်မှုအပြည့်။

"ဒါလောက် ဈေးကြီးတဲ့ ဖန်ခွက်တွေက တစ်ချက်ကျရုံနဲ့ ကွဲပါ့မလား ကိုရဲ့"

လှောင်ထေ့ ရယ်မောစွာ သူမ ပြောနေသော်လည်း ကို့





မျက်လုံးများက သူမ လက်ထဲက ဖန်ခွက်လေးကိုသာ စိုးရိမ်တကြီး ကြည့်နေသည်။

"စမ်းကြည့်ရအောင် ကို၊ တစ်ခါတည်းနဲ့ ကွဲမကွဲဆိုတာ လေ"

သူမနဲ့ ကို့ကို ကြည့်နေတဲ့ အရောင်းစာရေးမလေးကတော့ သူ့ပစ္စည်းလေးကို နှမြောတသစွာဖြင့် နားမလည်နိုင်စွာကြည့်နေသည်။

"မလုပ်လိုက်နဲ့ လှှာ၊ ကွဲတာပေါ့၊ ဖန်နဲ့လုပ်ထားတာပဲ လှှာ၊ နေဦး"

သို့သော် ကို့စကား မဆုံးလိုက်ပါ။

"ခလွမ်း"

သူမလက်ထဲက ဖန်ခွက်လေးက လှပစွာ ကြွခင်းလေးပေါ် ကျပြီး တစ်စစီ လွင့်ပျံကွဲကြေသွားပြီဖြစ်သည်။

ဖန်ခွက်ကွဲသံကြောင့် အနည်းငယ်လန့်သွားသော ဈေးဝယ်သူများသည်လည်း သူမတို့ကို လှည့်ကြည့်လိုက်ပြီး ခဏတွင်း ပုံမှန်ပြန်ဖြစ်သွားသည်။

"ကျွန်မ လျော်ပေးပါ့မယ်၊ တစ်ထောင်ကျော်တန် ဖန်ခွက်လေးဆိုတော့ နည်းနည်းအထိအခိုက် ခံမယ်ထင်လို့ စမ်းကြည့်တာ၊ စိတ်မကောင်းစရာဘဲ၊ ကွဲသွားတယ်လေ"

သူမအလှကို ငေးမောအားကျနေတဲ့ စာရေးမလေးက သူမ

စကားကို သဘောကျသွားသည်ထင်၊ တခစ်ခစ်ရယ်လိုက်သေးသည်။

"ဘယ်ခံပါ့မလဲ မမရယ်၊သူက အလုပ်လုပ်ထားတာ၊ ရုံးခန်းမှာ လိုက်လျော်လိုက်နော်၊ ကျွန်မ လိုက်ပို့ပေးမယ်"

မကြာခင် မှန်လုံခန်းဝသို့ ရောက်တော့မှာဖြစ်၍ သူမ ရင်ကို မတ်ခနဲကော့ထားလိုက်ပြီး ကို့ကို လှည့်ကြည့်လိုက်သည်။

ကြည့်စမ်းပါဦး၊ ကို့မျက်နှာက သူမကို အလွန်အမင်း စိတ်တို နေသည်ထင်၊ သုန်မှုန်ထိုင်းမှိုင်းနေသည်။

မှန်ခန်းထဲ ဝင်ဝင်ချင်း အထဲမှ အအေးဓာတ်က ဝေ့ဖြန်းလိုက်စဉ် ထို့ထက်ပို၍ အေးစက်သော ချစ်နွယ်၏မျက်လုံးက သူမ ကိုယ်ပေါ် ရောက်လာသည်။

"ပစ္စည်းလာလျော်တာပဲလား"

"ဆိုပါတော့"

တိုတောင်းသော ချစ်နွယ်၏အမေးက လုံးဝ နွေးထွေးလိုက်လှဲမှု မပါသော်လည်း ကို့ကိုကြည့်သော အကြည့်များတွင်တော့ ရက်ရောမက်မောမှုတွေ ပါဝင်နေသည်ဟု မလိုတမာစွာ သူမ တွေးပစ်လိုက်သည်။

"ညီသစ်ရေ၊ ကျွန်မတို့ မတွေ့ဖြစ်တာ ကြာပြီနော်" .

ရုတ်တရက် ဘောက်ချာရေးရာမှ ကောက်ကာငင်ကာ ပြောလိုက်သော ချစ်နွယ်စကားကြောင့် သူမ ကြောင်သွားသော်လည်း





ကိုက သွက်လက်စွာဖြင့်. . .

"ဟုတ်တယ်၊ ကျွန်တော် ချစ်နွယ်ဆီကဖုန်းကို စောင့်နေတာ၊ ကျွန်တော်ဆက်ရင် ချစ်နွယ် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့"

"ကြဲကြဲဖန်ဖန်ရှင်၊ ကျွန်မကလဲ ရှင့်ဆီကဖုန်းကို စောင့်နေတာ၊ ဒါနဲ့ ပြောရဦးမယ်၊ ရှင့် ပန်းခြောက်လေးတွေ ကျွန်မ သိမ်းထားတယ် သိလား"

ကြည့်စမ်း၊ သူမနှုတ်တွေက ဆွံ့အနေခြင်းကို ချစ်နွယ်က ဖန်တီးနေတာလား. . .။

"ကိုနဲ့ သူက သိနေလို့လား၊ လွှာနဲ့ မိတ်ဆက်ပေးဦးလေ"

သူမ၏ မသိဟန်ဆောင်မေးသော မေးခွန်းကို ချစ်နွယ်က မျက်လုံးများကို စင်းမှေး၍ပင် နားထောင်နေသေးသည်။

"ဩော်. . .ဟုတ်သားပဲ၊ ဒါ ကို့မိတ်ဆွေ ချစ်နွယ်၊ ချစ်နွယ် ဒါ ကျွန်တော့်မေမေ သူငယ်ချင်းရဲ့သမီး မြရုပ်လွှာတဲ့ မိတ်ဆွေတွေပဲပေါ့"

ကို့အသံက သူမနားထဲတွင် အကျယ်ကြီး ပေါက်ကွဲမြည်ဟီးသွားသည်။

ဘာတဲ့. . .မိတ်ဆွေ၊ ဟုတ်လားကို။

သူမ အံကြိတ်တင်းထားလိုက်စဉ် ချစ်နွယ်က ခပ်ပြုံးပြုံး အမူအရာနှင့် သူမကို အရသာခံ၍ပင် ကြည့်နေသည်။

သို့သော် ကို့ကို ချစ်နွယ်ရှေ့မှာ သူမ အတွန့်မတက်ရဲပေ။ ကို ပြန်သွားလိုက်လျှင် သူမ ပိုရှုံးသွားနိုင်သည်လေ။

""ဒါနဲ့ မနက်ဖြန် ကုန်တိုက်ပိတ်ရက် ညီသစ်နဲ့ကျွန်မ စာအုပ်ဆိုင်တွေ လျှောက်ကြည့်ရအောင်၊ ကျွန်မမှာ ဖတ်စရာ ကုန်နေပြီ""

""အိုကေ၊ စိန်လိုက်လေ""

သေချာသည်။ ကို သူမကို မေ့လျော့စွာ ချစ်နွယ်အတွက် မြူးတူးတက်ကြွနေသည်။ သို့သော် သူမ မလျော့ဘဲ…

""ကို မနက်ဖြန် အိမ်မှာ မုန့်ဟင်းခါးစားဖို့ရှိတယ်လေ""

""မနက်ပိုင်းပဲလွှာရဲ့ ဖြစ်ပါတယ်။ ချစ်နွယ်က နေ့ခင်းပိုင်းလေ""

နှစ်ပါးသွားကို တစ်ရက်တည်း နှစ်ကြိမ်ခင်းနိုင်သူ ကို့အား အပစ်မတင်ရက်စွာ ဖွဲချစ်နေသည်ကိုက သူမ အမှားပင်။

""လွှာတို့ ပြန်ရအောင်""

ကိုနဲ့ ချစ်နွယ် မနက်ဖြန်အတွက် အချိန်းအချက်လုပ်နေသည်ကို နားခါးစွာ ကြားရပြီးနောက် နှုတ်ဆက်ပြီးအပြန်တွင်…

""မြရုပ်လွှာ၊ နောက် ညီသစ်မပါလဲ BLUE SKYကို လာနိုင်တယ်နော်""

လဲသေလိုက်၊ သူမနှုတ်မှ တိုးတိုးရေရွတ်ကြိမ်ဆိုလိုက်သည်။ လာမှာပေါ့ ချစ်နွယ်ရဲ့။ တို့နဲ့ မင်းရဲ့ပွဲ ပြီးမှ မပြီးသေးတာ။





လောကမှာ သူ အမုန်းဆုံးအရာသည်… အရှုံးနှင့် သရေသာဖြစ်ကြောင်း ချစ်နွယ် သိပါလေစ။

❀❀❀

"ကို လွှာတို့ဟာ တကယ်မိတ်ဆွေတွေလား"

ကုန်တိုက်ရှေ့မှ ကားထွက်ထွက်ချင်း မနေနိုင်စွာ သူမ မေးလိုက်သည်။ သူမ လေသံထဲတွင် အံ့သြခြင်း၊ ဝမ်းနည်းခြင်းတွေ ရောထွေးပါဝင်နေမှန်းကို သိမှာသေချာသည်။

"ဟုတ်တာပေါ့လေ၊ ကိုတို့အဆင့်က မိတ်ဆွေတွေအဆင့်ပဲ လွှာရဲ့"

ကို့စကား ဆုံးဆုံးခြင်း သူမ ကားကိုတုန့်ခနဲရပ်ပစ်လိုက်မိသည်။

"ဘာရယ် ကို၊ မိတ်ဆွေတွေဟုတ်လား၊ လူကြီးချင်း သဘောတူနေ့စပ်ထားချက်ဟာ မိတ်ဆွေတွေအတွက်လား"





သူမ အော်ဟစ်မေးမိလိုက်သည်။

"လွှာ မင်း ဘာတွေဖြစ်နေတာလဲ၊ လွှာနဲ့ကို ဘယ်တုန်းက သမီးရည်းစား ဖြစ်ခဲ့ဖူးလဲ၊ လူကြီးတွေ စီစဉ်တာကို သဘောကျလို့ လက်ခံလိုက်တာပဲရှိတာ"

ခင်ကြိတ်ကြိတ် ကိုက ပြန်အော်ပြောစဉ်...

"ဒါပေမယ့် လွှာ့ပတ်ဝန်းကျင်က သတ်မှတ်ထားတာက တော့ မိတ်ဆွေတစ်ယောက် မကဘူးနော်"

"ပတ်ဝန်းကျင်ဆိုတာ ကိုတို့အတွက် အပြင်လူပဲ၊ သူတို့ရဲ့ သတ်မှတ်ချက်၊ ဆုံးဖြတ်ချက်တွေကို ကို ဂရုမစိုက်ဘူး"

ဒီနေ့အဖို့ ကို့ကို သူမ အနိုင်ရတော့မည်မဟုတ်မှန်း သေး နေတာမို့ သူမဘက်ကပင် စတင်ရှစ်သိမ်း အလျှော့ပေးလိုက်

သို့သော် အားမြစ်ကန့်သတ်ချက်တစ်ခုကိုတော့ သူမ မဝ ချင်ဘဲ ထုတ်လိုက်ရသည်။

"ကောင်းပြီလေ၊ ကို့ခြေလှမ်းတိုင်းမှာ လွှာဆိုတဲ့အရိပ် ကပ်ပါ လာရသလို၊ လွှာ့အနာဂတ်တိုင်းမှာလည်း ကို ပါနေရမှာပဲ၊ ကို့ခြေလှမ်း ပျက်ရင်တော့ လွှာ ကို့မေမေနဲ့ တိုင်ပြောရလိမ့်မယ်"

သူမ စကားကြောင့် မြင်ပြင်းကတ်စွာဖြင့် ကိုက ပြန်ကြည့် နေသည်။ ပြီးတော့...

"ကို တစ်ခုခုကိုတော့ ကောင်းကောင်းယုံကြည်သွားပြီး

လွှာ၊မိန်းမတစ်ယောက်ဟာ အလှတစ်ခုတည်းနဲ့ ယောက်ျားတစ်ယောက်ကို မဖမ်းစားနိုင်ဘူးဆိုဟာကိုလေ၊ ဒါဖြင့်ရင် ဘာတွေက ရှင်တို့ယောက်ျားတွေကို ဖမ်းစားနိုင်သလဲလို့လဲ မမေးနဲ့၊ အဲဒီ အဖြေကိုလည်း အခုထိ မသိသေးဘူး"

သူမနဲ့ကို ကားမောင်းရန် နေရာလဲထိုင်ပြီး ကားပြန်မောင်းထွက်လာစဉ် ခိုင်မာသောအတွေးတစ်ခုက ဝင်ရောက်လာခဲ့တော့သည်။

ကို့ဆီက အချစ်ကို မရတဲ့အတွက် သူမ နောက်ဆုတ်ပေးနိုင်သော်လည်း ချစ်နွယ်ဆီက အရှုံးကိုရဖို့အတွက်တော့ သူမ နောက်ဆုတ်နိုင်တော့ပေ။

ကို့ဆီက မသေချာသေးသော အဖြေအတွက် သူမ ဆက်ပြီး မေ...စွာ ကို့ကို တွယ်တာနေရပေဦးမည်။

"ဒါနဲ့ မနက်ဖြန်မနက် ကို အိမ်လာခဲ့ဦးနော်၊ မုန့်ဟင်းခါးစားဖို့ ဖိတ်ထားတာ မေ့မသွားနဲ့ဦး"

စိတ်ပြေလွယ်၊ ဒေါသထွက်လွယ်သော ကိုသည် ချက်ချင်းပင် စိတ်ပြေလွယ်စွာဖြင့်...

"လာခဲ့ပါမယ် လွှာရဲ့၊ ချစ်နွယ်က နေ့လယ်ပိုင်း ချိန်းထားတာပဲ"

သူမ မကြားချင်ဆုံးနာမည်ကို ထည့်ပြောလာတာမို့...





"ကို ချစ်နွယ်ဟာ လွှာ့ပြိုင်ဖက်တစ်ယောက် ဖြစ်လာနိုင်သလားဟင်"

သူမစကားကြောင့် ကားမောင်းနေရာမှ ကို အံ့သြစွာ လှည့်ကြည့်လာသည်။ ထို့နောက် တည်ငြိမ်အေးဆေးသောလေသံနှင့်ပင် သူမ နလုံးသားကို လှုပ်ယမ်းဆွဲခါသွားလေသည်။

"ဖြစ်ကောင်း ဖြစ်လာနိုင်တယ် လွှာ"

ဟိုး...အောက်ဆုံးအထိ ထိုးဆင်းစိုက်ကျသွားသော နက်နဲမှုဖြင့် သူမ မျှော်လင့်ချက်တွေ တစ်စစီ။

အို... ဘုရားသခင်၊ သူမ မရှုံးပါရစေနဲ့။

ကို့ချစ်ခြင်းတွေနဲ့ သူမ နိုင်နေပါရစေ။

ကိုနဲ့ ချစ်နွယ်တို့ရဲ့ နေ့လယ်ပိုင်း ခရီးစဉ်ကို သူမဘက်က သိပ်အားထုတ်စရာမလိုဘဲ ဖျက်ပစ်လိုက်နိုင်ခဲ့သည်။ ဒီအတွက် သူမဘက်က ဟစ်ခုခုတော့ ကျေးခဲ့ရသည်။ ထိုတစ်ခုခုသည် ကိုဖြစ်နေခြင်းကိုတော့ သူမဘက်က စိတ်မကောင်းဖြစ်မိသလို ကို့ဘက်က ခံပြင်းစွာ ရှိနေနိုင်သည်။

သို့သော် သူမ ကို့ကို သိခွင့်မပေးခဲ့ပေ။

နေ့ခင်း တစ်နာရီလောက်အချိန်တွင် ကို့ ဟမ်းဖုန်းဆီသို့ သူမ ခေါ်လိုက်သည်။

ကို့ဘက်က ညစ်ညူးညူး ဖုန်းထူးသံကြောင့်...

"ကို တစ်ခုခုဖြစ်နေတယ် မဟုတ်လား၊ လွှာ လာခဲ့မယ်၊ စိတ်ချ"





သူမ ထိုမျှသာပြော၍ ဖုန်းချပြီး ကို့အတွက်လိုအပ်သော ဆေးနှင့်ပစ္စည်းများကို ယူကာ ထွက်ခဲ့လိုက်သည်။

ဒရင်းဘက်ပေါ်တွင် နှုံးပျော့နေသော ကို့ကို သူမ သနားကြင်နာစွာကြည့်ပြီး စိတ်မကောင်းဖြစ်ရသော်လည်း ထိုလမ်းကို သူမကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်၍ နောင်တမရချင်တော့ပေ။

"ဝမ်းတွေသွားနေတာ လွှာ၊ ကို ဘာမှလဲ အစားမမှားပါဘူး၊ မနက်က လွှာကျွေးတဲ့ မုန့်ဟင်းခါးတစ်ပွဲပဲရှိတာ"

ဘယ်ကမလဲ ကို ဝမ်းနုတ်ဆေးနှစ်လုံးပါ ပါတယ်လေဟု စိတ်ထဲမှ သူမဘာသာပြောပြီး ဆေးတိုက်လိုက်သည်။

ဓာတ်ဆားရည်ကိုလည်း ရေကျက်အေးနှင့် ခပ်နွေးနွေးဖျော်ကာ ကို့ကိုတိုက်ဖို့ ပြင်ထားလိုက်သည်။

"နေပါဦး၊ လွှာက ကို ဝမ်းလျှောနေတာ ဘယ်လိုလုပ်သိလို့ ဆေးကြိုယူလာရတာလဲ"

"ဩော်...ကိုရယ်၊ ဒီရာသီမှာဖြစ်တာ ဒီရောဂါပဲရှိတာ လွှာ သိတာပေါ့"

သူမ၏ဆင်ခြေကို ကို ယုံကြည်လောက်ပါသည်။

"ဒါကြောင့် ချစ်နွယ်က ပြောတာ"

ကို့ဆီက စကားကြောင့် သူမ စိတ်ဝင်စားစွာဖြ[illegible]နေလိုက်သည်။

"ကိုကို့ သူ ဘာမှ မလုပ်ပေးလိုက်တော့ဘူးတဲ့၊ ကိုယ့်အိမ်ရောက်ရောက်ချင်း မြရုပ်လွှာ ဆေးလာတိုက်လိမ့်မယ်တဲ့၊ ကို့ရောဂါကို လွှာက ဘာမှ မမေးဘဲနဲ့ ကုပေးနိုင်မှာဝဲ့"

သေလိုက်စမ်း၊ ချစ်နွယ်က သူမအစီအစဉ်ဝေ့ဒကိုကွက်ကျော်မြင်နေတတ်ပါလား။

"နောက်ပြီး ပြောသေးတယ်၊ဆရာဝန်မလောင်းတစ်ယောက်အတွက် ဒီနည်းကို မသုံးသင့်ဘူးတဲ့လေ၊ လွှာနဲ့သူ ဘာဖြစ်ထားသေးလဲ"

တကယ်ကို နားမလည်နေတာကအပြစ်ကင်းပါတယ်ကိုရယ်။

"ဘာမှ မဖြစ်ထားပါဘူး ကိုရဲ့၊ ဟိုနေ့ကာ သူနဲ့ ကို့ကိုလွှာက တားလိုက်တာကို မကျေနပ်လို့ပြောတာ ထင်ပါတယ်၊ ကဲပါ ရော့၊ ဓာတ်ဆားရေလေးခွက်လောက် သောက်ထားဦး၊ အားပြန်ပြည့်သွားအောင်"

ဒီတစ်ခါတော့လည်း ကိုက လွှာ့လက်ထဲမှ ၁ နာခံတတ်တဲ့ ကလေးတစ်ယောက်သဖွယ် 'အေးချမ်းစွာ လိုက်နာငြ ပို့ပါလား"

ဒါဆို သူမ ရင်းရကျိုး နပ်တာပေါ့နော်။



အံ့ဩစရာကောင်းလှစွာ ချစ်နွယ်သည် သူမ၏ ကမ်းလှမ်းချက်မှန်သမျှကို တည်ငြိမ်စွာ လက်ခံနိုင်စွမ်းရှိလှသူ ဖြစ်သည်။

"အခုလာရမှာက တို့ရဲ့ခြံကို ကျွန်မ မွေးနေ့အတွက် လာရမှာနော်"

မသေချာစွာ သူမ ထပ်မေးမိစဉ် ချစ်နွယ်ဆီက အဖြေကလည်း တစ်ခုတည်းပင်။

"ဖိတ်စာထဲက အချိန်အတိုင်း၊ နေရာအတိုင်းကို တို့လာခဲ့မှာပါ။ စိတ်ချ၊ တို့က ဒီပွဲမျိုး မျှော်လင့်နေတာ"

သူမ ထင်ထားသည်က သူမ၏ကမ်းလှမ်းချက်အတွက်

ချစ်နွယ်သည် အနည်းဆုံး တုန်လှုပ်ချောက်ချားပြီး ငြင်းဆိုလိမ့်မည်ဟု မျှော်လင့်ထားခြင်းပင်။

သူမ၏ခြံထဲတွင်ပြုလုပ်မည့် သူမ၏ (၂၃)နှစ်မြောက် မွေးနေ့ပွဲကို အခမ်းအနားဆုံး အထည်ဝါဆုံးအဖြစ် ချစ်နွယ်ကို သိစေချင်သည်။ အချစ်ချင်းတူခဲ့ရင်တောင် အရာရာသာနေသော သူမ အခြေအနေကို ကြည့်ပြီးကို ရွေးချယ်မည့်သူကို ချစ်နွယ် မှန်းဆသင့်သည်။

နောက်ထပ် ရည်ရွယ်ချက်တစ်ခုက အတိုင်းအတာတစ်ခုဖြင့် သတ်မှတ်ထားသော ကိုနဲ့ သူမရဲ့ ဆက်ဆံရေးကို သူမ ပတ်ဝန်းကျင်မှ တစ်ဆင့် ချစ်နွယ် သိစမ်းချင်လှသည်။

ချစ်နွယ်ရဲ့ခြေလှမ်းတွေကို ရိုက်ချိုးမပစ်ခင် နောက်ဆုတ်သွားစေချင်သည်မှာ သူမ၏ တကယ့်ဆန္ဒပင်ဖြစ်သည်။

"ညီသစ်ရော လာမယ် မဟုတ်လား"

ချစ်နွယ် အသံကြောင့် သူမ အတွေးတွေ ပြန်ရုတ်ပြီး…

"လာရမှာပေါ့၊ သူက ကျွန်မအတွက် အရေးပါဆုံး၊ အရေးကြီးဆုံး လူတစ်ယောက်ပဲ။ လာရမှာပေါ့၊ မချစ်နွယ်လဲ ဆက်ဆက်လာနော်၊ ဒီပွဲက တကယ့်ကို ကြည့်ကောင်းမှာ"

"အိုကေ"

နှစ်ဖက်စလုံး ဖုန်းချသွားပြီမို့ အခန်းထဲ၌ ချိတ်ထားသော မိုးသားဂါဝန်အပြာရောင်ကို လှမ်းကာ ကိုယ်မှာဖိကပ်လိုက်မိသည်။





ဒီဝတ်စုံရဲ့တန်ဖိုးဟာ မင်းရဲ့ လစာပေါင်း ဆယ်ဆလောက်ရှိတယ်ဆိုတာ သိပါလေစ ချစ်နွယ်ရယ်။

အဲဒီနေ့မှာ သူမ အလှဆုံး ဖြစ်နေရပြီး အဲဒီအလှတွေနဲ့ ကိုကို ဖမ်းစားညှို့ယူဖို့ ဆုံးဖြတ်ထားသည်။

အလှဟာ အချစ်အတွက် အဓိက မကျလောပေမယ့် ယောကျ်ားတစ်ယောက်အတွက်တော့ တစ်စိတ်တစ်ပိုင်း အဓိကကျနေတာကို ဝန်ခံစေရလိမ့်မပေါ့။

ပြီး

ထိုနေ့က လှနေသည်မှာ သူမတစ်ယောက်တည်းမဟုတ်။ ချစ်နွယ်သည်လည်း သိပ်ကိုလှနေလေသည်။

သူမနဲ့ ဆန့်ကျင်ဘက် အနက်ရောင်ဂါဝန်ရှည်ကို ကိုယ်အကြပ် ဝတ်ထားသဖြင့် ကနက်သားနှင့် ထုထားသော ယမင်းရုပ်နှယ် ချစ်နွယ်အလှက ထင်းနေသည်။

ဖြူလွှသော သူမက နတ်သမီးတစ်ပါးနှယ် နုရွနေပြီး ချစ်နွယ်ကတော့ မိဖုရားတစ်ပါးနှယ် တင့်တယ်နေသည်။

"ပျော်ရွှင်စရာ မွေးနေ့ပေါ့ မြရုပ်လွှာ"

သူမရဲ့လက်ကို လှမ်းဆွဲနှုတ်ဆက်ပြီး ပရိသတ်ဘက် မျက်လုံးကစားလိုက်သည်ကို တွေ့ရသည်။ ကို့ကို ရှာနေတာ နေမှာပေါ့။





ဒီအချိန်ဆို ကိုနဲ့ ကို့မေမေက သူမ မိတ်ဆွေတွေနဲ့ အုပ်စုကျနေမှာ သေချာလှသည်။

ချောင်ကျကျစားပွဲကို ချစ်နွယ်က ရွေးထိုင်ပြီးသွားချိန်တွင် သူမက မွေးနေ့ရှင်ပီသစွာ နှုတ်ဆက်ပြီး တခြားဝိုင်းတွေဘက် ကူးလာလိုက်သည်။သေချာသည်က ချစ်နွယ်မျက်လုံးထဲတွင် သူမ၏ ခမ်းနားထည်ဝါမှုအတွက် အားကျမက်မောရိပ်တွေ ရှိနေသည်။

မကြာခင် သူမ မိဘတွေနဲ့အတူ ကိုပါရော၍ အိမ်ထဲက ထွက်လာကြသည်။

သူမ၏ ရည်ရွယ်ချက်အတိုင်း ကို့လက်ကို အတင်းဆွဲ၍ ချစ်နွယ်စားပွဲနှင့်နီးရာ သူငယ်ချင်းတွေဝိုင်းဘက် လာခဲ့လိုက်သည်။

"ဟော လာပါပြီ၊ နတ်သမီးနဲ့ နတ်သမီးသခင် ညီသစ်ရယ်၊ ရှင် ပျောက်ချက်သားကောင်းနေပါလား၊ ကျောင်းဘက်တောင်မရောက်တော့ဘူး"

သူမ သူငယ်ချင်း၏စကားကို ရယ်ပြုံးဖြေလိုက်သော ကို့မျက်လုံးများက တစ်ဘက်စားပွဲဆီ ရောက်သွားသည်။

"ကျွန်တော် မအားလို့ပါ၊ ကုမ္ပဏီကိစ္စတွေက အရမ်းအလုပ်ရှုပ်နေတယ်လေ"

"သိပါဘူး၊ လွှာနဲ့များ စိတ်ကောက်နေကြလားလို့"

"အမယ်လေး၊ မကောက်ရဲပါဘူးကွာ၊ လွှာ စိတ်မကောက်

ဘဲနဲ့တောင် ကိုက ဖွေဖောက်ချင်နေတာ၊ ကောက်များ ကောက်လိုက

ရင် ပြောမနေနဲ့တော့"

သူမစကားကြောင့် ကိုက ဆတ်ခနဲ သူမမျက်နှာကို ကြည

လိုက်သည်။

ကျွန်မ ကို့မျက်နှာကို မကြည့်ပါရစေနဲ့ကို…။

အနည်းငယ် ဒေါသရိပ်လွှမ်းသွားမယ့် ကို့မျက်နှာရဲရဲကို သူ

ကြည့်ဝံ့မည်မဟုတ်။

"ဘယ်တော့ စားရမှာလဲဟေ့"

သူငယ်ချင်းများက မရိပ်မိစွာ ထပ်ပြီး ဝိုင်းစစည်…

"စားချင်ရင် ကိုယ့်ဘာသာကိုယ် မင်္ဂလာဆောင်ကြပေါ့ဗျာ

ကဲ…နည်းနည်းလေးမှ သူမကို အလိုက်သိပေါင်းပေး

မရိပ်မိစွာ ကို့စကားက ဘုကန့်လန့် ဆန့်နေသည်။

အမြဲတမ်း စ,တိုင်း ရယ်ရွှင်နေကျ ကိုယ့်မျက်နှာက သိသ

သာသာ ပျက်ယွင်းနေသည်။

ဒါ ချစ်နွယ်ဟူသော ပယောဂမှလွဲ၍ ဘာမှမဖြစ်နိုင်ကြောင်း

သူမ သိနေသည်။

"လာ ကို၊ ဟိုဘက်ဝိုင်း သွားရအောင်"

တွဲခေါ်သွားသော သူမလက်ကို မနာအောင် အသာပုတ်ချ

ပြီး ခပ်ကျိတ်ကျိတ် ပြန်ဖြေသည်က…





"ဒါ လွှာမွေးနေ့လေ၊ လွှာနဲ့ ကိုရဲ့ မင်္ဂလာဆောင် မဟုတ်

ဘူး၊ ကို လိုက်ပြီး ဧည့်ခံစရာ မလိုဘူးလေ"

သူမကို ပြောလည်းပြော၊ ထားလည်းထား ထွက်သွားသော

ကို့ခြေလှမ်းတွေက ချစ်နွယ်ဝိုင်းဆီသို့။

သူမ တတ်နိုင်ရင် ကို့ကို အော်ပြီး အကျယ်ကြီး ငိုပစ်လိုက်ချင်

သည်။ ရက်စက်လေစွ ကို။

လွှာ ဒီနေ့ သိပ်လှတယ် လို့ပြောပြီး ရွှန်းရွှန်းစားစား သူမကို

ကြည့်နေလိုက်ပါတော့လား။

ယခုတော့ ချောင်ကျကျစားပွဲဝိုင်းက ခပ်မှောင်မှောင်အရောင်

ဝတ်ထားသော ခပ်မှိန်မှိန် အမျိုးသမီးတစ်ယောက်နှင့် ကြည်နူးစွာ…

သူမ၏ ဒေါသကို ဘယ်လိုများ လုံခြုံအောင် ဖုံးကွယ်ရပါ့။

သိပ်အကင်းပါးတဲ့ ချစ်နွယ်တော့ သူမရဲ့ ရုတ်တရက်ဒေါသကို

အရိပ်ဖမ်းမိပြီး ဖြစ်လောက်သည်။

ပွဲချိန်တစ်လျှောက်လုံး သူမ၏ ဒေါသကို မျိုသိပ်ထားဖို့

အတော်ကြိုးစားလိုက်ရသည်။ ကိစ္စမရှိ၊ ဒီနေ့အတွက် သူမ၏နည်း

ပရိယာယ်တစ်ခု ကျန်နေသေးသည်။

မကြာခင်အချိန်အတွင်း ကျရောက်လာမယ့် သူမရဲ့ အောင်မြင်

မှုတစ်ခုကို ကြည့်သွားစမ်းပါဦး ချစ်နွယ်ရယ်။

"တို့ ပြန်တော့မယ် မြရုပ်လွှာ"

ချစ်နွယ်က ပြန်ရန် စတင်နှုတ်ဆက်လာစဉ် သူမဘက်က နူးညံ့သောအပြုံးကို ဖျစ်ညှစ်တပ်ဆင်လိုက်ရသည်။

"မေ့သွားတယ်ကွာ၊ ချစ်နွယ်ကို ကျွန်မ မိဘတွေနဲ့တောင် မိတ်မဆက်ပေးမိဘူး"

"ရပါတယ်၊ မြရုပ်လွှာ မေမေတို့ကို မြင်လိုက်တာပဲ၊ သူ ဒီပွဲပြီးရင် မြရုပ်လွှာကို တို့အကြောင်း မေးမှာပါ"

ကိုသည်လည်း ချစ်နွယ်ဘေးတွင်ရပ်လျက် ပြန်ရန် အသင့် ဖြစ်နေပုံရတာမို့…

"ကိုလဲ ပြန်ချင်ပြီထင်တယ်၊ အန်တီ့က စကားကောင်း





နေတုန်း ကိုရဲ့၊ လာလေ၊ ချစ်နွယ်ကို ခြံဝလိုက်ပို့ရအောင်"

သူမတို့ လမ်းလျှောက်လာစဉ် ခြံဝမရောက်တရောက် ပန်းချုံ ရှည်ရှည်လေးဘေးသို့ အရောက်တွင်…

"ကိုက လွှာ့ကို မွေးနေ့အတွက် ဘာလိုချင်လဲလို့ မေးထားတယ်နော်"

ရပ်ပြီး သူမ မေးလိုက်တာမို့ အားလုံးလည်း ရပ်လျက်…

"ဟုတ်တယ်လေ၊ လွှာ ကြိုက်တာ ကိုယ်ဝယ်ပေးမှာပေါ့၊ ပြောလေ၊ ဘာလိုချင်လို့လဲ"

သူမဆင်သော အကွက်ထဲသို့ ကိုက လှလှပပဝင်လာလျက်။

"……………………"

ရှက်ပြီး ရဲတက်သွားတဲ့ ကို့မျက်နှာကို မြင်ရပေမယ့် ပြုံးပြီး ပခုံးတွန့်ပြတဲ့ ချစ်နွယ်ဆီမှာတော့ ရှက်ရွံ့မှုတွေကို မတွေ့ရပေ။ အံ့သြလေစွ။

"ဟာ လွှာရယ်၊ ချစ်နွယ်ရှေ့မှာ အားနာစရာ၊ လွှာနဲ့ ကိုနဲ့က ချစ်သူတွေမှမဟုတ်တာ၊ ဘယ်ပေးလို့ဖြစ်မလဲ"

"လွှာတောင်းတဲ့လက်ဆောင်ကို မပေးနိုင်ဘူးလား"

သူမ ဒုတိယအကြိမ် ထပ်ပြောစဉ် အံ့သြထိတ်လန့်ဖွယ် ကောင်းစွာ ကို့ဆီက "ခေါင်းမာမှု"ကိုသာ ရရှိခဲ့လေသည်။

"ကိုတို့ရဲ့ အခြေအနေကို အရောင်မဆိုးချင်ပါနဲ့ လွှာ၊ ကဲ

ချစ်နှယ်လဲ နောက်ကျနေတော့မယ်၊ ကျွန်တော် လိုက်ပို့ပေးမယ်နော်"

ပြုံးပြီး ခေါင်းညိတ်ပြတဲ့ ချစ်နှယ်ရဲ့အပြုံးကို ကိုက သန့်ရှင်းစွာ ခံယူနေသည်။

ရှက်ပြီး သေလိုက်စမ်း မြရုပ်လွှာ။ ရန်သူတစ်ယောက်ရဲ့ အရှေ့မှာ အရှုံးကို ကြေညာဝန်ခံရတဲ့အတွက်...

အံ့ဩမင်သက်စွာ ခြံရှေ့၌ သူမတစ်ယောက်တည်း ငေးငူစွာ ရပ်လျက် ကားနောက်မီး အနီရောင်လေးကို ပျောက်ကွယ်တဲ့အထိ ငေးကြည့်လျက်...

ဗလာကျင်းနေတဲ့ ရင်ထဲမှာ လှိုက်ဖိုဝမ်းနည်းမှုတွေက အစားထိုးလာစဉ် သူမ အားပါးတရ ငိုချပစ်လိုက်သည်။

"အို...ဘုရားသခင်၊ သူမ တကယ်ပဲ ကိုကို့ ဆုံးရှုံးရတော့မှာလား"



ချစ်နှယ်မှာ တကယ့်ကိုပဲ ကြီးမားတဲ့စိတ်အင်အားတွေ ရှိနေလားဟူသော သံသယကို ထိုညမှာပင် သူမ ရရှိခဲ့သည်။

'မြရုပ်လွှာကို တို့အကြောင်း မေးလိမ့်မယ်' ဟူသော စကားအတိုင်း ပွဲပြီးပြီးချင်း သူမအား မေမေ မေးခဲ့သည်။

ဧည့်သည်များကို ဧည့်ခံရသဖြင့် မောပန်းစိတ်ရှုပ်နေဟန်ရှိသော မေမေသည် ဆိတ်ငြိမ်နေသော သူမ အခန်းတံခါးကို ခေါက်၍ ဝင်လာခဲ့သည်။

"လွှာ၊ သမီး အိပ်နေပြီလား"

နူးညံ့သော လက်ဖဝါးနွေးနွေးက သူမ နဖူးပေါ်တင်ပြီး အမေးတွင် မကြာခင် အချိန်ပိုင်းလေးက အရှုံးအတွက် ကြေကွဲ

ဝမ်းနည်းစွာ မေမေ့ရင်ခွင်ထဲဝင်ပြီး ငိုရှိုက်လိုက်ချင်သည့် ဆန္ဒက ကြီးစိုးလာသည်။

မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မပြီးသေးတဲ့ ပွဲအတွက် အသေးအဖွဲ့ အရှုံးလေးလောက်နဲ့ သူမ ကြေကွဲရတာကို မေမေသိ၍ မဖြစ်ပေ။

ဒီပွဲကို သူမနဲ့ချစ်နွယ် နှစ်ယောက်တည်းသာ သဘောတူ ယှဉ်ပြိုင်ခဲ့ခြင်းပဲ။

နွမ်းလျသော မျက်နှာပေါ် အပြုံးတစ်ပွင့်ကို ကမန်းကတန်း တပ်ဆင်ပြီး မေမေ့အား ပြုံးပြစဉ်…

"မေမေ မေးစရာလေးရှိလို့ သမီးရဲ့"

သူမ ခုတင်ဘေးတွင် မေမေက တင်ပါးလွှဲ ဝင်ထိုင်နေသည်။

"မေးလေ မေမေ၊ ဘာမေးမလို့လဲ"

တင်းရင်းဆဲဖြစ်သော မေမေ့လက်မောင်းပေါ် မျက်နှာအပ်ရင်း မေမေ့မေးခွန်းကို ဖြေရန် သူမ အသင့်ဖြစ်နေသည်။

"မိကျောင်းကျောက်ခက်ပန်းဆိုးထားတဲ့ နေရာမှာထိုင်တဲ့ အနက်ရောင်နဲ့ မိန်းကလေးက သမီးနဲ့ ဘယ်လိုသိကြတာလဲ"

အိုး…ချစ်နွယ်ရဲ့ တွေးခွာထင်မြင်ချက်က ဒက်ထိပဲ ထိမှန်လို့နေသည်။





"ဩော်…ချစ်နွယ်လား၊ ကုန်တိုက်က မန်နေဂျာ အမျိုးသမီးပါ၊ မေမေ့မိတ်ဆွေတစ်ယောက်ရဲ့ Blue Sky ကုန်တိုက်မှာလေ၊ သမီးပစ္စည်းသွားဝယ်ရင်း ရင်းနှီးတာပါ၊ သိပ်မကြာသေးပါဘူး၊ ဘာဖြစ်လို့လဲ မေမေ"

မေမေ့မျက်နှာက တစ်ခုခုကို တွေးဆနေပုံဖြင့် လေးနက်နေသည်။

"ဘာမှမဖြစ်ပါဘူး၊ သမီးသူငယ်ချင်း မျက်နှာစိမ်းမို့လို့ မေးကြည့်တာပါ"

"မေမေ့ကို ဒါဆို သမီး ပြန်မေးဦးမယ်"

မေမေက မျက်လုံးပင့်ပြီး သူမကို ကြည့်စဉ် ချစ်နွယ်ကို ဖျတ်ခနဲ သတိရလိုက်သည်။ မေမေရဲ့ ဒီအမူအရာမျိုးကို ချစ်နွယ်လည်း သိပ်လုပ်တတ်တာပေါ့။ ထိမထင်တဲ့ အမူအရာမျိုးလေ။

"သူ လှလားဟင်၊ သမီးထက်လှလား"

ငြိမ်သက်စွာ စဉ်းစားနေသော မေမေရဲ့နှုတ်မှ သူမ လိုချင်သောအဖြေကို လွယ်လင့်တကူ ဘာကြောင့်ထွက်မလာရတာလဲ။

သူမ ဒီမေးခွန်းကို မေးတိုင်း…

"မေမေ့သမီးက ကမ္ဘာပေါ်မှာ အလှဆုံး၊ ဘယ်သူမှ မမီဘူး" ဟူသော အဖြေကို ဖြေနေကျမေမေသည် ချစ်နွယ်၏ ခပ်မှိန်မှိန်အလှကျမှ ဘာဖြစ်လို့ ထစ်အ,နေရတာလဲ။

"သူလဲ လှတယ် သမီးရဲ့၊ ဒါပေမယ့် သမီးလို အပြစ်ကင်းနူးညံ့တဲ့အလှမျိုးမဟုတ်ဘူး၊ မာန်ပါတဲ့အလှမျိုး"

မကျေနပ်စွာ မေမေ့အဖြေအတွက် ချစ်နွယ်အား မနာလိုမိစဉ် မေမေနှုတ်မှ ခပ်တိုးတိုးရေရွတ်သံ ပီသစွာ ကြားလိုက်ရသည်။

"ဟုတ်တယ်၊ ဘဝအတွက် အားမာန်တွေရှိနေတဲ့အလှမျိုးရှိရမယ်၊ ချစ်နွယ်မှာ ဘဝအတွက် အားမာန်တွေ ရှိနေရမယ်"

ဒီတစ်ခါ သူမ နားမလည်ရမည့်သူမှာ မေမေဖြစ်နေသည်။ ထူးဆန်းစွာ သူမနဲ့ပတ်သက်နေသူတိုင်း ချစ်နွယ်ထဲမှာ စိမ့်ဝင် စီးမျော သွားရတာ ဘာကြောင့်ပါလိမ့်. . .။

ချစ်နွယ်သာ သူမ လက်တွေ့ဖြင့် ခွဲစိတ်ခဲ့ရသော ဖားအရှင်တစ်ကောင် ဖြစ်နေမယ်ဆိုရင် သူမ အရင်ဆုံးပြုလုပ်မည့်အရာသည် ထိုဖား၏ ရင်ထဲမှ အသည်းနှလုံးနှင့် မျက်လုံးတွေကို ထိုးဖောက် ခွဲစိတ်ထုတ်ယူမိသည် ထင်သည်။

ဟုတ်တယ်၊ သိပ်ကို စူးရှထက်မြက်လွန်းတဲ့ ချစ်နွယ်ရဲ့ မျက်လုံးတွေကိုလည်း သူမ မုန်းသည်။



ညီဝဝီဝဝဝီး

မိန်းမတစ်ယောက် မြတ်နိုးတွယ်တာခြင်းကို ခံရသော ယောကျ်ားတစ်ယောက်သည် အခြားမိန်းမတစ်ယောက်ကို ပွင့်ပွင့်လင်းလင်း စွဲလန်းမြတ်နိုးနေသည့်အဖြစ်သည် မတရားလွန်းရာကျသော်လည်း လွတ်လပ်သော နှလုံးသားရှိသူ ယောကျ်ားအဖို့ ထိုလုပ်ရပ်သည် မှန်ကန်သင့်မြတ်သည်ဟုပင် တရားသေ သူ ယူဆထားသည်။

“ရှင် သိပ်စိတ်လှုပ်ရှားသွားလား ဟင်၊ ညီသစ်”

အမှောင်ရိပ်တစ်ဝက် အလင်းတစ်ဝက်သာ မြင်ရသောကားထဲမှ သူမမျက်နှာကို သေချာစွာ မမြင်ရသော်လည်း အသံကတော့ တိကျပြတ်သားစွာ ကြားရသည်။

“ဘာကို ဆိုလိုတာလဲ ချစ်နွယ်”

“မြရုပ်လွှာအတွက်လေ၊ ဒီအဖြစ်အပျက်အတွက် သူ သိပ်ရှက်သွားမှာ သေချာတယ်၊ ရှင်မှားတယ် သိလား ညီသစ်”

သူမသာ သူ သိပ်မြတ်နိုးစုံမက်နေသော မိန်းမမဟုတ်လျှင် ကျမ်းလောင်မာကျောစွာ အော်ဟစ်ငေါက်ငမ်းမိမှာ သေချာသည်။ ဘာဖြစ်လို့ သူ့ကို စိုးမိုးချင်တာလဲ ချစ်နွယ်ရယ်။





“ကို မှားတယ် ဟုတ်လား၊ ဒါဆိုရင် အဲဒီအမှားဟာ လွှာအတွက်ရော ကို့အတွက်ရော စောင့်စည်းခြင်းရဲ့ဆုလာဒ်အဖြစ် အခုနကို ကို ကျေနပ်နေမှာပဲ။ နေစမ်းပါဦး၊ ကို မေးဦးမယ်၊ ချစ်သူ့ခုံဘွဲ့မဟုတ်တဲ့ အမျိုးသားနဲ့ အမျိုးသမီးဟာ တစ်ယောက်ကိုတစ်ယောက် အဲဒီလို နမ်းခွင့်ရှိသလားဟင်၊ ခွေမျိုးသားချင်း မတော်ဘူးဆိုတဲ့ ကန့်သတ်ချက်၊ မြန်မာပြည်ဆိုတဲ့ မြင့်မားတဲ့ ယဉ်ကျေးမှုစည်းကမ်း၊ အဲဒါတွေ ထည့်စဉ်းစားပြီး မင်း ဖြေကြည့်ပါလား”

အမှောင်ရိပ်ဘက်ကျနေသော မျက်နှာတစ်ခြမ်းကို သူမမြင်ရသော်လည်း အလင်းဘက်ကျသော သူမ မျက်နှာတစ်ခြမ်းဆီမှာတော့ သူ မျှော်လင့်ထားသလို ရှက်ရိပ်စွန်းစွန်းမျှ ဖြတ်မဆင်းသွားပေ။

အဲဒီ ရဲတင်းပွင့်လင်းမှုတွေက သူ့ကို ဆွဲဆောင်နိုင်တာဖြစ်မည်။

ကားရှေ့ကို ပြန်ကြည့်ပြီး ဂရုတစိုက်မောင်းစဉ် သူမ လေသံက တစ်လုံးချင်း။

“တစ်ချိန်မှာ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်ရလိမ့်မယ်လို့ ပုံသေတွက်ထားတဲ့ မိန်းမတစ်ယောက်ဟာ ဘဝတစ်ခုလုံးနဲ့ရင်းသေးဖွဲ့တဲ့ မေတ္တာသင်္ကေတအဖြစ် စွန့်စားတောင်းခံတာတာကို စောင့်စည်းမှုမရှိတဲ့ မိန်းမအဖြစ် ရှင်က သတ်မှတ်လိုက်တော့မှာလား”

သေချာသည်၊ သူမ အသံက မိန်းမထုအားလုံးအတွက် ပြေ
နေခြင်းမဟုတ်၊ မြရုပ်လွှာတစ်ယောက်တည်းဘက်မှ ရပ်တည်ပြော
ခြင်းသာဖြစ်သည်။

"လွှာ့ကို ကို အထင်မသေးရဲပါဘူး၊ အထင်သေးလို့ ပြေ
တာလဲမဟုတ်ဘူး၊ လွှာ ဘာတွေဖြစ်နေတာလဲဆိုတာကိုပဲ ဂ
နားမလည်ဖြစ်နေတာ"

သူ့စကားအဆုံး သူမက ညင်းညင်းရယ်သည်။ ချိုလွင်သေ
အသံတော့မဟုတ်။ ရီဝေဝေ လှောင်ထေ့ထေ့အသံသာဖြစ်သည်။

"ရှင့်ကို ချစ်နေတဲ့ မိန်းမတစ်ယောက် ကမ္ဘာပေါ်မှာ အနည်
ဆုံး တစ်ယောက်တော့ ရှိနေတယ်ဆိုတာ ရှင် သိမှာပေါ့"

"ဟုတ်တယ်၊ တို့အတွက်လည်း ကိုယ်ချစ်နေတဲ့ မိန်း
တစ်ယောက် ကမ္ဘာပေါ်မှာ သေသေချာချာကို ရှိနေတယ်၊ ဒါလည်
ချစ်နွယ် သိမှာပါ"

သူ့စကားကျတော့ သူမက ကမန်းကတန်း ဖျက်ပစ်သည်

"ကဲပါ၊ သိနေတာ သိပြီးတာတွေကို ပြောနေလို့အပိုပဲ
မသိတာတွေကို ပြောမယ်။ တစ်အချက် တို့က တစ်ယောက်တည်
နေတာဆိုတော့ မင်း 'အပေါ်ထိလိုက်မပို့နဲ့၊ နှစ်အချက် တို့နေရ
သိသွားတဲ့အတွက် တို့ မဖိတ်ခေါ်ဘဲ လာမလည်နဲ့၊ ကဲ ကားကို
ရှေ့နားရောက်ရင် ရပ်လို့ရပြီ"





သူမစကားအတိုင်း ကားကို သူမ အခန်းရှိရာ မလှမ်းမကမ်း
ှင် ရပ်လိုက်သည်။

"ကို လိုက်ပို့ပေးတဲ့ အဖိုးခအဖြစ် စည်းကမ်းသတ်မှတ်
က်တွေနဲ့ ပိတ်ပင်တာ ကျေးဇူးတင်ပါတယ် ချစ်နွယ်"

သူ့ရဲ့ ရွတ်နောက်နောက် စကားအဆုံး သူမက ကားတံခါး
ို ပြန်ပိတ်ပြီး ကားအပြင်မှ ငုံ့၍ ပြောလိုက်သေးသည်။

"သိပ် ကျေးဇူးတင်မနေနဲ့၊ ခုချိန်လောက်ဆို မင်းမေမေ
င့်မတောင်းဘဲ တို့ကို လိုက်ပို့ပေးတဲ့အတွက် ဒေါပွနေလောက်ပြီ၊
ူခံထိပြီးတော့မှ တို့ကို ထပ်ကျေးဇူးတင်ပြီး မေတ္တာပို့လိုက်ပေါ့"

ရယ်ဟဟဖြင့် သူ ကျန်ခဲ့စဉ် သူမခြေလှမ်းတွေက စည်းချက်
နဲ့စွာ လျှောက်လှမ်းလျှက်။ သူမ စကားကြောင့် မေမေ့ကို မပြော
် ထွက်လာခဲ့သည့်အဖြစ်ကို နောင်တရချင်သော်လည်း ထိုနောင်တ
် ဆုလာဒ်အဖြစ်ပင် သူက သိမ်းထားလိုက်ချင်သေးသည်။ သူမ
ကျမှ အမှားတွေအတွက် နောင်တကို တွယ်တာခုံမင်စွာ ကျူးလွန်
က်နေပြီထင်သည်။

ချစ်နှယ်သည့် သူ့အတွက် ပြဿနာများစွာကို သယ်ဆောင်လာခဲ့သူဖြစ်လျှင် ထိုပြဿနာများကို နှစ်ခြိုက်မက်မောစွာ ကြိုဆိုမည့်သူသည် သူသာ ဖြစ်ပေလိမ့်မည်။

မိန်းမနှစ်ယောက်၏ ချိန်းဆိုမှုကို တစ်ရက်တည်း တစ်ချိန်တည်း ရခဲ့ဖူးသော ယောကျ်ားများသည် ထိုပြဿနာကို မည်သို့မည်ပုံ ဖြေရှင်းခဲ့မှန်း သူ သိချင်လှသည်။

"ကို မလိုက်လို့ မရဘူး၊ မေမေလဲ မအားဘူး၊ အန်တီဆီမှာလဲ ခွင့်တောင်းပြီးသွားပြီ၊ ကို လိုက်ကို လိုက်ပေးရမယ်"

"တို့ တစ်ယောက်တည်းလုပ်တဲ့ အလှူ။ စိတ်မကောင်းစရာကို ပြန်တွေးမိတဲ့အချိန်မှာ အဖော်တစ်ယောက် ဘေးမှာရှိနေရင်





ို့ကောင်းမလားလို့ ခေါ်တာ၊ မင်း မလာချင်လဲ ဖြစ်တယ်နော်"

ဖိတ်ခေါ်ချက် နှစ်ခုလုံး၏ ရည်ရွယ်ချက်သည် တူကောင်းတူမည် ဖြစ်နိုင်သော်လည်း ဖိတ်ခေါ်ပုံကတော့ လုံးဝ မတူခဲ့ပေ။

သူကလည်း ထပ်တူကျနေသော အချိန်နှစ်ခုလုံးအတွက် အဖြေတစ်ခုတည်းကိုသာ နှစ်ယောက်လုံးအား ပေးခဲ့လိုက်သည်။

"လာရမှာပေါ့" ဟူသော အဖြေပင်။ တစ်ခုအတွက် လေးနက်စွာ ကျန်တစ်ခုအတွက်က စိတ်ပျက်စွာ။

ပထမဦးဆုံး သူ့ရဲ့ခရီးစဉ်သည် လွှာ့ကို ဆေးပညာသုတေသနဆိုင်ရာ ဆွေးနွေးဟောပြောပွဲရှိရာ ခန်းမသို့ ပို့ပေးခဲ့သည်။

"လွှာနဲ့အတူ ကို ထိုင်နားထောင်နေလို့ မဖြစ်ဘူးနော်၊ ကိုတခြားကိစ္စတစ်ခုအတွက် သွားစရာရှိသေးတယ်၊ အပြန် လာဝင်ကြိုယ်၊ ဖြစ်တယ်မဟုတ်လား"

"အဲဒီ တခြားကိစ္စက ချစ်နှယ်နဲ့ပတ်သက်နေရင် စောစောာ အစီအစဉ်က မဖြစ်ဘူး၊ မပတ်သက်နေရင်တော့ ဖြစ်တယ်။

အလို၊ ဒီမိန်းကလေးက သူ့ကို အကျပ်ကိုင်နေသည်။

"အမှန်အတိုင်းဖြေရင် လွှာ နားထောင်ရဲလို့လား"

နီရဲလာသော မျက်ဝန်းတွင် မကြာခင် ညိုမှောင်လာတော့ည်ထင့်။ သို့သော် လှပသေသပ်သော နှုတ်ခမ်းကမူ...

"ကိုနဲ့ပတ်သက်ရင် လွှာ့မှာ သင်္ကြန်တွေရှိနေရမှာပေါ့"

"အိုကော၊ ကို ဒီနေ့ ချစ်နွယ်နဲ့ ချိန်းထားတဲ့အလှူတစ်ခုအတွက်ပါ၊ မဖြစ်မနေကို ကို သွားရလိမ့်မယ်၊ သူ ဖိတ်ခေါ်မှုကြောင့် မဟုတ်ဘူး၊ ကို့ ဆန္ဒကြောင့်"

ခေါင်းညိတ်ခွင့် ပေးလိုက်တာလား၊ ခေါင်းငုံ့၍ပဲ မျက်ဝန်းရိပ်ကို ဖုံးကွယ်လိုက်တာလား သူ မသိတော့။

သူ ခြေလှမ်းသုံးလှမ်းမျှ လှမ်းပြီးချိန်တွင်…

"ကို လွှာ့ကို လာမကြိုနဲ့တော့"

တင်းမာမှု အလျဉ်းမပါသော အသံသည် သနားဖွယ်ပင် ကောင်းပေတော့ဟူ၍ သူ အလျော့ပေးလိုက်သင့်သည်။

သို့သော် ချစ်နွယ်က သူ့ကို တင်းပြတ်စွာ သံပတ်ပေးထားသလို အားလုံးကို လျစ်လျူရှုလျက်။

"သေချာမှုတစ်ခုအတွက် ရူးမိုက်ရတာက အဓိပ္ပါယ်ရှိပါသေးတယ်၊ မသေချာမှုအတွက်ဆိုရင်တော့ ရူးမိုက်ဖို့မကောင်းဘူး၊ ညှို့ဖျင်းနေဖို့ပဲကောင်းတယ်၊ ဒါမှ မသေချာမှုအတွက် မစွမ်းဆောင်နိုင်တော့မှာလေ"

ချစ်နွယ်ပြောဖူးသော စကားက မည်သူ့ကို ရည်ရွယ်ဖူးလေသည်မသိ။ လောလောဆယ်တော့ သူ့အတွက် ကိုက်ညီနေမှာစိုးလှသည်။ ညှို့ဖျင်းမှုနဲ့ ရူးမိုက်မှုမှာ ရူးမိုက်မှုကိုပဲ ကိုယ် ရွေးချယ်မိမှာ ချစ်နွယ်။



"ရှင် လာသားပဲ၊ တို့က ဖိတ်သာ ဖိတ်တာ၊ လာပါ့မလားတို့ ဒီအလှူအတွက် တစ်ဦးတည်းသောဧည့်သည်ဆိုလို့ ရှင်ပဲရှိတယ်၊ ဒီကျောင်းနေ သံဃာတွေကလွဲပြီး တို့ ဘယ်သူ့မှ ဖိတ်မထားဘူး"

ဆွမ်းပွဲများကို ကျောင်းသားလေးများက ပြင်ဆင်နေရာချပေးနေစဉ် သူ ရောက်ရှိခဲ့သည်။

"ဒီပေါက် အော်ဒါမှာပြီး ကျွေးတာလေ၊ တို့ ကျေးဇူးရှင်ရဲ့ တစ်နှစ်မြောက် နှစ်လည်ဆွမ်းပေါ့"

မကြာခင်ပင် ဘုန်းကြီးကျောင်းမှာ သီလပေး၊ တရားနာရစက်ချစေသည်။

ခြောက်ကပ်ကပ် ပရိသတ်မရှိသော်လည်း ငြိမ်းအေးဆိတ်

ငြိမ်လှသော တရားကျောင်းလေးက ပျင်းရိဖွယ်ဖြစ်မနေပေ။ သာယာငြိမ်းချမ်းမှုတွေဖြင့် ကြည်နူးစရာပင် ကောင်းလှသေးသည်။

သူမ အလှူအပြီး ဟိုကျောင်းဝင်းလေးအတွင်းရှိ စေတီလေးပေါ်တွင် နှစ်ယောက်သားထိုင်၍ စကားပြောဖြစ်ကြသည်။

ဒီနေ့တွင် သူမသည် ထူးခြားငြိမ်သက်သော အသွင်ဖြင့် ရှင့်ကျက်နေသည့်နှယ်။

“ချစ်နွယ်ရဲ့ ကျေးဇူးရှင်ဆိုတော့ မိဘထဲက တစ်ယောက်ယောက်လားဟင့်”

သူ့မေးခွန်းသည် အလွန်တရာ ရိုးစင်းလှပြီး ဖြစ်နိုင်ဖွယ်မေးခွန်းပင် ဖြစ်လင့်ကစား သူမ တမင် သူ့ကို ထိုမေးခွန်းအတွက် ထူးဆန်းစွာပင် ပြန်ကြည့်သည်။

“မိဘဆိုတော့ အဖေနဲ့အမေ တစ်ယောက်ယောက်ပေါ့နော်၊ မဟုတ်ဘူး။ တို့ကျေးဇူးရှင်က အဖေလဲ မဟုတ်ဘူး၊ အမေလဲ မဟုတ်ဘူး၊ ဘာမှမတော်တဲ့ သူစိမ်းအမေတစ်ယောက်၊ သူ တို့ကိုခွဲသွားတာ တစ်နှစ်ရှိသွားပြီ”

သူမအသံက တိမ်ဝင် တိုးကျသွားသော်လည်း တုန်ခါသွားခြင်း မရှိ။ ကြည်လင်ပြတ်သားလျက်ပင်။

“မိဘတွေကရော ချစ်နွယ်”

သူ့အမေးအဆုံး သူမရဲ့ လှည့်ကြည့်လာသော ဒေါသမျက်နှာ





ကြောင့် သူ့ မေးခွန်းမှားသွားကြောင်း သိသွားသော်လည်း နောက်ကျသွားပြီဖြစ်သည်။ သူမရဲ့ မညှာမတာပြစ်တင်စေဖန်မှုကို ထိုမေးခွန်းက ဖန်တီးပြီးဖြစ်သွားသည်။

“ရှင် အတော်စပ်စုတာပဲ၊ ယောကျ်ားဆိုတာ အဲဒီလို စပ်စုတတ်ကြလား၊ မိန်းမတွေကို စပ်စု စုးစမ်းတတ်လွန်းလို့ တို့ မပေါင်းဘူး၊ ခင်လဲ မခင်ဘူး၊ ရှင့်ကိုလဲ အဲဒီလို စပ်စုတတ်မယ် မထင်ဘူး ကျွန်မအတွက် အဲဒီမေးခွန်းဟာ မဖြေချင်ဆုံးနဲ့ မဖြေသင့်ဆုံးမေးခွန်းပဲ”

ထိုမျှလောက် မေးခွန်းအတွက် သူမ လှုပ်ရှားဒေါသဖြစ်ရသည်မှာ သူ့အတွက် အရှက်များကို ဖြစ်ထွန်းစေခဲ့သည်။

သူမရဲ့ ရှုတ်ချမှုကြောင့် ထူအန်းနီရဲသွားသော မျက်နှာကို ပြင်ချိန်မရစွာ ပျက်ပြွင်းသွားချိန်တွင် …

“ဆောရီး ညီသစ်၊ တို့ စိတ်လောကြီးသွားတယ်၊ မင်းက တို့ ဖိတ်ခေါ်တဲ့ဧည့်သည်ပဲ၊ တို့ ဒီလို မဆက်ဆံသင့်ဘူး၊ တို့ တောင်းပန်ပါတယ်၊ မင်း ထပ်ပြီး တို့ကို ဒီမေးခွန်းမျိုးနဲ့ စိတ်အနှောင့်အယှက် မပေးနဲ့တော့ကွာ”

သူမပင် စိတ်တိုလိုက်၊ ဒေါက်လိုက်၊ တောင်းပန်လိုက်နှင့် စိတ်မမှန်သေးသူနှင့်ပင် တူနေသေးသည်။

စိတ်ဒဏ်ရာတစ်ခုခုကို မိဘများအတွက် ရဖူးဟန်ရှိသော

သူမ၏ ခံစားမှုအတွက် သူ ဒေါသဖြစ်ဖို့ မကြိုးစားတော့ဘဲ ရှက်ရွံ့ ထူးဆန်းမှုမှတစ်ဆင့် နားလည်အားနာမှုကပင် သူမအပေါ် စိုးမိုးလာရ သေးသည်။

ခပ်တိုးတိုးရေရွတ်သံကို သူမနှုတ်မှ ပီသစွာကြားရစဉ် သူမ တွက်ပင် သူက စိုးရွံ့စွာကြက်သီးများပင် ထလိုက်သေးသည်။

ပြီးတော့ သူမ မျက်ဝန်းဆီမှ သူတစ်ခါမျှ မမြင်ဖူးသော က်ရည်စတစ်ချို့ကို မြင်လိုက်ရသည်။

တဖြည်းဖြည်း ညိုမှောင်လာသော မျက်နှာသည် အုံဆိုင်း မည်းညစ်မလာဘဲ ထူးဆန်းစွာ အသွင်ပြောင်းလာပြီး တိုးညင်းလှိုက်လှဲ စွာ သူမ အကြာကြီး ရယ်ခဲ့လေသည်။

❀❀❀



ထိုနေ့က ဘုန်းကြီးကျောင်းမှအပြန် သူမအိမ်အထိ သူလိုက်ပို့ ပေးခဲ့သည်။ သူမ၏ ဖိတ်ခေါ်မှုဖြင့် သူမတိုက်ခန်းအထိ သူ လိုက်ပါ ဝင်ရောက်ခဲ့သည်။

ရှည်မျောမျော တိုက်ခန်းငယ်သည် ရှင်းလင်းသပ်ရပ်နေ သည်မှအပ ပရိဘောဂ နည်းလွန်းလှသည်။

ရှင်းရှင်းဆိုရသော် အခန်းမဖွဲ့ထားသော တိုက်ခန်းလေးသည် မီးဖိုချောင်ခန်းမှလွဲ၍ ဧည့်ခန်းအထိ တိုးလျှိုပေါက်...

စာအုပ်စင် ခပ်ရှယ်ရှယ်တစ်ခုကို နံရံဘေးတွင် ကပ်လျက် တွေ့ရပြီး၊ ထိုစာအုပ်စင်၏ဘေးတွင် သူမ အိပ်ရာနေရာ၊ အိပ်ရာခြေရင်း တွင် တီဗွီနှင့်အောက်စက်၊ အခန်းဝင်ဝင်ခြင်း အပေါက်နဲ့ ခေါင်းရင်း

မှာတော့ နံရံကပ် ဘုရားစင်တစ်ခု။ ထိုမျှသာ သူမ၏ပိုင်ဆိုင်မှုအဖြစ်
တွေ့ရသည်။

ပြတင်းပေါက်မှန်များကို ပင့်တင်ပြီး လိုက်ကာများကို ဖယ်
လိုက်စဉ် လေနုအေးအေးက သူမအခန်းထဲကို အလုအယက် ဝင်ရောက်
လာသည်။

ယခုအချိန်ထိ ညွှသည်တစ်ယောက်အဖြစ် သူ ကြောင်
တောင်တောင်ဖြင့် အခန်းအလယ်တွင် ရပ်နေဆဲ။

သူမလည်း ပြတင်းပေါက်များကို အပေါက်စေ့ လိုက်ဖွင့်ပြီး
လိုက်ကာများကို ဆွဲဖွင့်နေဆဲ…

"နေဦး ရှင်ထိုင်ဖို့ ခုံပေးဦးမယ်၊ ကော်ဇောပေါ် ဒီအတိုင်း
မထိုင်ချလိုက်နဲ့ ဖုံတွေရှိတယ်"

ပြောပြောဆိုဆို နောက်ဖေးခန်းထဲ ဝင်သွားပြီး ပြန်ထွက်
အလာတွင် ပလပ်စတစ်ခုံပုလေးနှစ်ခုံ ပါလာသည်။

"ဒီအခန်းမှာ ပစ္စည်းအားလုံးက တစ်ယောက်စာစီပဲရှိတာ
ခုံတစ်ခုပဲ နှစ်ခုံရှိတယ်၊ ဒါတောင် တစ်စုံတစ်ယောက်အတွက်
ရည်မျှော်ပြီး အရှုံးထ ဝယ်ထားတာလေ၊ အခုတော့ သူမလာတော့
ရှင့်အတွက် ဖြစ်သွားရတာပေါ့"

သူမစကားကြောင့် ရုတ်တရက်ပင် သူရင်ပူသွားသည်။ သူမ
စကားထဲက တစ်စုံတစ်ယောက်ဆိုသောစကားက ဂဏှာမငြိမ်မှု





ရင်ကို တူးဆွသွားသည့်အတွက်…

"တစ်စုံတစ်ယောက်ဆိုတဲ့သူက…"

သူ့အသံ ခပ်လောလောကို သူမက လက်ကာပြီးရယ်သည်။

"မစိုးရိမ်ပါနဲ့ကွာ အမျိုးသမီးတစ်ယောက်ပါ၊ တို့ရဲ့ အရင်း
နှီးဆုံး တစ်ဦးတည်းသော ဆွေမျိုးတစ်ယောက်ပါ"

ပြောပြီး အခန်းထဲ ပြန်ဝင်သွားပြန်သည်။

သူတစ်ယောက်တည်း အခန်းထဲမှပစ္စည်းများကို လိုက်ကြည့်
နေမိသည်။

သေသပ်စီရီနေသော စာအုပ်စင်အနေအထားကြောင့် သူမရဲ့
စာဖတ်ခြင်းခုံမင်မှုအတိုင်းအတာကို ခန့်မှန်းနိုင်သည်။ သပ်ရပ် တင်းရင်း
သော တစ်ယောက်စာ အိပ်ရာဖုံးအဝါနုရောင်၏ ဘေးတွင် ဖတ်လက်စ
စာအုပ်တစ်အုပ်က ပွင့်လျက်…

ထိုစာအုပ်ကို သွားရောက်ကောက်ယူကြည့်ချင်သော်လည်း
သူမအိပ်ရာဘေးဖြစ်နေသည့်အတွက် သူမဝံ့ရဲပေ။

ဘုရားစင်ရှိရာသို့ အကြည့်ရောက်သွားစဉ် နီရဲသော နှင်းဆီ
စိုစိုများက လှပစွာ နေရာယူလျက် တွေ့ရပြန်သည်။

သစ်သီးမျိုးစုံတို့ကို စတီးလင်ဗန်းထဲတွင်ထည့်လျက် ကပ်
ထားသေးသည်။ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကိုးကွယ်သူတို့၏
ပြယုဂ်အဖြစ် တွေ့ရှိသည်။

"ပျင်းနေပြီလား"

ဒီ တစ်ခါတော့ သူမသည် တီရှပ်အညိုရောင်ပွပွကို အိမ်နေ ရင်းအဖြစ် ဝတ်ထားသည်။ ဆံပင်များကို ဆံညှပ်ကြီးကြီးဖြင့် လိပ်တင် ချွေညှပ်ထားသည့်အတွက် ဆံစတစ်ချို့က ကပိုကရိုကျလျက်...။

"မင်းကိုစောင့်ခံဖို့တော့ ဘာမှမရှိဘူးကွာ၊ အပြန် တစ်ခုခု လိုက်ကျွေးတာပေါ့"

"ရပါတယ်၊ ကိုက မင်းတစ်ယောက်တည်းနေတဲ့အတွက် အံ့ဩနေတာ"

လက်ဖဝါးနှစ်ဘက်ကိုထပ်ပူးလျက် ပေါင်ပေါ်တင်လိုက်ပြီး သက်ပြင်းငွေ့ကိုချလိုက်ပြီး...

"တစ်ယောက်တည်းပဲရှိတော့ တစ်ယောက်တည်းနေရတာ ပေါ့၊ ဘာလဲ ညီသစ်က တို့ပျင်းတယ် ထင်လို့လား။ မပျင်းအားပါဘူး ကွာ၊ ပျင်းရင်လည်း ဟိုမှာ တို့အဖော်စာအုပ်တွေ ရှိတာပဲ"

စာအုပ်စင်ဘက် သူမက မေးဆတ်ပြသည်။

"မင်း ဖတ်လက်စ စာအုပ်ကရော"

"အော်... အီဗာဗရောင်းအကြောင်းစာအုပ်လေ၊ ဟာစ်တလာ ရဲ့ အီဗာဗရောင်း၊ သိပ်ညံ့တဲ့မိန်းမတစ်ယောက်"

သူမက စိတ်ပျက်စွာ စာအုပ်ထဲမှ အမျိုးသမီးကို ပြစ်တင် ရှုံ့ချသည်။





"ဟာ ကို ဖတ်ဖူးပါတယ်၊ သူ မညံ့ပါဘူး၊ ဟာစ်တလာရဲ့ သစ္စာအရှိဆုံးမိန်းမတစ်ယောက်အဖြစ် သေသွားတဲ့အချိန်အထိ ဟာစ်တလာနဲ့အတူ ရှိသွားတာပဲ"

"ရှင်တို့ယောကျ်ားတွေဟာလေ မိန်းမက အညံ့ပြီး ဆိတ် ဆိတ်နေ၊ ရှင်တို့စီမံသလိုနာခံ၊ အဲဒီလိုမျိုးကို သစ္စာရှိတဲ့မိန်းမလို့ ထင်ရောလား၊ ဘီဗာဗရောင်းရဲ့စိတ်ထဲမှာရော ဟာစ်တလာကို ဘေးဖယ် ပြီး အခြားယောကျ်ားကို စုံမက်နေတာကရော သစ္စာရှိတာပဲလား"

"သိပ်တင်းကျပ်လွန်း၊ ဘေးဖယ်တတ်လွန်းရင် ဖြစ်တတ်တဲ့ အခြေအနေမျိုးပါကွာ၊ သူ ဟာစ်တလာကိုပဲ ကိုးကွယ်သွားရှာတာပါ"

"ဟင့်အင်း ကျွန်မကတော့ အီဗာဗရောင်းကို အားမရလွန်း လို့"

နှုတ်ခမ်းနှင့်နှာခေါင်းကို ရှုံ့ပြီး ပြစ်ပြစ်နှစ်နှစ်ဝေဖန်နေသူ ချစ်နွယ်သည် မိန်းမထဲက မိန်းမတစ်ယောက်နှင့် တူမနေပေ။ အရာရာကို အကောင်းဘက်ကအစား၊ အဆိုးဘက်ကသာ မြင်တတ် ဝေဖန်တတ်သူ ဖြစ်လိမ့်မည်ဟု ယူဆမိသည်။

"ကဲပါ မင်းလည်းဘီဗာဗရောင်း မဟုတ်သလို၊ တို့လည်း ဟာစ်တလာ မဟုတ်ပါဘူး"

သူ့ရဲ့ အနိုင်ပိုင်းစကားအဆုံး...

"အိုး ရယ်ပဲရယ်ရတော့တယ် တခြားနိုင်ငံစရာလေးများ

ရှာစမ်းပါဦး ညီသစ်ရယ်”

ကဲ ဘယ်မှာလဲ အမြဲတမ်းတင်းမာခက်ထန်နေတဲ့ သူမရဲ့ အရိပ်တွေ၊ ဆင်စွယ်ရောင်သွားတန်းကြီးကြီးလေးများပေါ်အောင် ရယ်နေပုံကိုက လွတ်လပ်ဟန်အပြည့်…

သူ့ကို ဆွဲပဲဆွဲဆောင်နိုင်လွန်းတော့…

“ကို အကြံတစ်ခုပေးချင်တယ်”

“ဆိုစမ်းပါဦး”

“မင်းတစ်ယောက်တည်း မနေသင့်ဘူးချစ်နွယ်၊ အဖော်တစ်ယောက်လောက် ရှာထားပါလား”

သူ့စကားကြောင့် မျက်လွှာလှန်မော့ကြည့်သော အကြည့်စူးရဲရဲတွင် အမိုက်ဟာယ်များစွာ နှစ်မြှုပ်ဖော်ဆောင်လျက်။

“အဖော် ဟုတ်လား၊ ဘယ်လိုအဖော်မျိုးပါလိမ့်၊ တိုင်ပင်ဖော် တိုင်ပင်ဖက်လား၊ ဆွေးနွေးဖော် ဆွေးနွေးဖက်လား၊ ချစ်ဖော် ချစ်ဖက်လား၊ ခင်း ဒါမှမဟုတ် အားကိုးဖော် အားကိုးဖက်လား”

“အဲဒီ လားပေါင်းများစွာအတွက် တစ်ယောက်တည်း၊ ပြည့်စုံတဲ့အဖော်ကောင်းတစ်ယောက် အနည်းဆုံးရှိနေတယ်လေ”

“တို့ ရှုံးမှာစိုးလို့ ဘယ်သူလဲလို့ မမေးတော့ဘူး”

အပြုံးတစ်ဝက်စွန်းနေသော သူမမျက်နှာပြင်တွင် ရှက်ရိပ်ကလေးက ဖြတ်ပြေးရုံမျှသာ။





ဆူညံလှုပ်ရှားလွန်းသော ရင်ခုန်နှုန်းကို နူးညံ့ညင်သာစွာ ခံစားနေသည့် အရာသာကို ချစ်နွယ် ဖန်တီးနိုင်လွန်းလေစွ။

“ကို ပြောချင်တယ်ဆိုရင်ရော”

“ဟာ… အိမ်တိုင်ရာရောက်ဖိတ်ခေါ်ပြီး ရည်းစားစကားအပြောခံရတာ လူကြား[illegible]ကောင်းဘူးလေကွာ”

ငြင်းဆန်သော အရိပ်အရောင်ကို သူမ[illegible]ထဲမှာ ရှာဖွေမရတာမို့ အားတက်ကျေနပ်နေမိပြန်သည်။

“အိုကေ…ဒါဆို လူကြားကောင်းအောင် အပြန်တစ်ခုခု သွားစားမှပဲ ပြောတော့မယ်”

သူ့စကားအဆုံး လက်နှစ်ဘက်ကို ဖျတ်ခနဲ လက်ခုပ်တီးပြီး ထိုင်နေရာမှ ထရပ်လိုက်သည်။

ပြီးတော့ ရုတ်ချည်း မျက်နှာတည်သွားပြီး ခပ်ဖွဖွစကားကို လေးနက်တည်ငြိမ်စွာ ပြောလိုက်သည်။

“မြရုပ်လွှာ ကံမကောင်းရှာဘူး”

သရော်သံ၊ ခနဲ့သံ၊ အနိုင်ယူသံတွေ စွန်းထင်နေသည့် သူမသည် အဘယ်ကြောင့် ဒီအချိန်မှာ မြရုပ်လွှာကို သတိရနေသနည်း။

အို…သူ ကိုယ်တိုင်ကိုက စည်းအတွင်းကလူကို အပြင်ထုတ်ပြီး၊ အပြင်လူကို စည်းအတွင်းသွင်းရန် ကြိုးစားခဲ့သူပဲ။

“သူ ကံမကောင်းတာ တို့ကြောင့်လား၊ ညီသစ်ကြောင့်

လားဟင်"

ရုတ်တရက် သူ့ဘက်သို့လှည့်ပြီး အလျင်စလို မေးလိုက်သည်။

အဖြေအတွက် ချက်ချင်းစဉ်းစား[illegible]ခဲ့ပြီးမှ ခပ်တိုးတိုး သူပြန်ဖြေလိုက်သည်။

"ဟင့်အင်း…ကံကြမ္မာကြောင့်ပဲ၊ ကို သူ့ကိုချစ်မိသွားဖို့ ကံကြမ္မာက လွှာကို မျက်နှာသာမှ မပေးခဲ့တာ"

ချက်ချင်း သူတို့နှစ်ဦးကြားတွင် တိတ်ဆိတ်မှုက လွှမ်းမိုးသွားသည်။

ထို့နောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး သက်ပြင်းတစ်ခုစီကို ပြိုင်တူချဖြစ်လိုက်ကြသည်။

လေအေးနှော့နှော့က နှစ်ယောက်လုံးအား ကျီစယ်သွားရင်း လိုက်ကာစ ဝါနုနုက လှုပ်ရမ်းနှုတ်ဆက်လျက်…

"ဒါပေမယ့် မြရုပ်လွှာ တို့ထက်ကံကောင်းတာတွေ အများကြီး ရှိနေပါသေးတယ်"

သူမကို နားလည်နိုင်စေသူမှာ သူဖြစ်နေသလို နားမလည်နိုင်သူမှာလည်း သူပင် ဖြစ်နေရပြန်သည်။

ဘာပဲဖြစ်ဖြစ်၊ ထိုနေ့က နားမလည်မှုအနည်းငယ်ကို လျစ်လျူရှုပြီး အပြန်တွင် သူမအား ရည်းစားစကား ပြောဖြစ်ခဲ့သည်။





လှိုက်ခုန်နွေးထွေးသော ရင်ခုန်စရာများကို သူမ ဖန်တီးနိုင်ခဲ့သော်လည်း ကြည်နူးလှိုက်လှဲဖွယ် စကားများကိုတော့ သူမ မပြောခဲ့ပေ။

ပဟေဠိဆန်စွာ အဓိပ္ပါယ်ဖော်ရခက်သော မေးခွန်းဟောင်းခါးနဲ့ သူ့ကို ဦးနှောက်စားစေခဲ့လေသည်။

"မေတ္တာဆိုတာ သိပ်ကိုသနက်လွန်းတယ်၊ သူနဲ့တူညီ မည်သူ့ သက်သေပြချက်မျိုးကို ပါးစပ်က ချစ်တယ်ဆိုတဲ့ စကားလတ်ဖြင့် မလုံလောက်နိုင်သေးဘူး။ စွန့်လွှတ်မှုဆိုတဲ့ သတ္တိနည်းတဲ့ မျိုးနဲ့လည်း မထိုက်တန်ဘူး၊ ရပိုင်မှုဆိုတဲ့အယူအဆမျိုးနဲ့လည်း မျှဘူး၊ ပေးဆပ်အနစ်နာခံမှုဆိုတဲ့ သိမ်ငယ်ရိုးစင်းမှုမျိုးနဲ့လည်းသလို လောက်သေးဘူး၊ တို့ဘက်က ကိုယ့်ကိုယ် အဲဒီလိုအယူအဆမျိုးနဲ့ ချင့်ချိန် ဆန်းစစ်ပြီးမှ ဖြေရလိမ့်မယ်"

ထိုနေ့ညနေက တိမ်တောက်နေသလို သူမမျက်နှာပေါ်တွင်လည်း လိမ္မော်ရိပ်ဖျော့ဖျော့ လိမ်းကျံလျက်။

ပြန်ဖြေလှ

ကံကြမ္မာက

သွားသည်

တစ်ခုစီ

သူနှင့်ပတ်သက်နေသော မိန်းမတစ်ယောက်ကို တတ်နိုင်သမျှ သူ့ဘက်က မဆုံစေရန်၊ တားဆီးထားသော်လည်း ကာယကံရှင်နှစ်ယောက်စလုံးကတော့ မလှုပ်နိုင်သော သူတို့တွေ့ဆုံမှုကိုသာ စိတ်မောစွာ ငံ့လင့်လျက်ရှိကြလေသည်။

ထိုနေ့ကလည်း ညနေခင်း သူ့အိမ်သို့ လွှာရောက်နေချိန်တွင် ချစ်နွယ်ဆီက ဖိတ်ခေါ်မှုတစ်ခုကို ရခဲ့သည်။

"မုန့်ဟင်းခါး ချက်စားမလို့၊ တစ်ယောက်တည်းစားရမှာ ပျင်းစရာကြီး မင်းလာစားလှည့်ပါလား"

ချစ်နွယ်ဆီက ဖိတ်ခေါ်မှုမှန်သမျှကို ဝမ်းမြောက်ဝမ်းသာ လက်ခံလေ့ရှိသော ဆန္ဒအတိုင်း…





"လာမယ်လေ မနက်ပိုင်းပဲ မဟုတ်လား"

သူ ပြန်မေးနေစဉ် မြရုပ်လွှာအနားသို့ ရွေ့ခနဲရောက်လာပြီး အကဲခတ် နားထောင်နေသည်။

"ကိုလည်း တစ်ခုခုစားဖို့ ဝယ်ခဲ့မယ်လေ၊ မုန့်ဟင်းခါးနဲ့ လိုက်တဲ့ အချိုပွဲအဖြစ်ပေါ့"

သူ့ဖုန်းနားကို ခါးကိုင်း၍ နားစွင့်နေသော လွှာသည် မည်သူ့ဆီက ဖုန်းမှန်း ရိပ်မိသိရှိစွာဖြင့် စကားပြောခွက်ကို လက်ဖြင့် အသာပိတ်လိုက်ပြီး…

"ကို လွှာပါလိုက်လို့ရမှ ကိုသွားရမယ်"

လွှာလက်ကို တွန်းဖယ်ပြီး ဖုန်းပြန်ပြောရန် ကြိုးစားသလို လွှာကလည်း ဖုန်းခွက်ကို လက်နှင့် တွန်းပိတ်ထားသည်။

"ဟိတ် ညီသစ်၊ တစ်ယောက်ယောက်က မင်းကို ဖုန်းမပြောဖို့ နှောင့်ယှက်နေတာလား"

သူတို့နှစ်ယောက်ရဲ့အဖြစ်ကို ဖုန်းထဲမှတစ်ဆင့် ချစ်နွယ်ကြားသွားသည်ထင်။

"မရဘူးကို ဒီမိန်းမဆီကို သွားမှာကို သိရက်နဲ့ လွှာကြည်ကြည်ဖြူဖြူ လွှတ်ပေးဖို့ လွှာ သတ္တိမကောင်းသေးဘူး"

"ကိုယ့်ဆန္ဒနဲ့ကို ဖွတ်ထွက်သွားရင် လွှာ ဘာတတ်နိုင်မှာလဲ၊ တို့ကို လွှမ်းမိုးချုပ်ကိုင်ဖို့ မကြိုးစားနဲ့လွှာ၊ ကို မကြိုက်ဘူး"

ခတ်ဆတ်ဆတ် ပြန်ပြောလိုက်သဖြင့် ဖုန်းခွက်ပေါ်ပိတ်ထား သော လွှာ့လက်တွေ ပြေလျော့ပြုတ်ကျသွားသည်မှာ သစ်ကိုင်းခြောက် တစ်ချောင်း ကျိုးကျသွားပုံနှင့် တူနေသည်။

"ညီသစ် တို့နဲ့ ဖုန်းပြောဖို့ အဆင်မပြေရင် ဖုန်းချလိုက် တော့မယ်"

"နေပါဦး ချစ်နွယ်၊ ဖုန်းပြောလို့ဖြစ်ပါတယ်၊ တစ်ခါတလေ မှ ဆက်တဲ့ဖုန်းကို မျှော်လင့်တကြီးနဲ့ စောင့်စားနေရပြီးမှ ခဏလေး ပြောရရင် မျှော်ရကျိုး ဘယ်နပ်မလဲ"

အောက်နှုတ်ခမ်းသားကို ဖိကိုက်ထားသော်လည်း၊ မျက်လုံး ထဲတွင် မျက်ရည်များ ဝေ့ဝဲနေသော လွှာ့အသွင်က ဝန်တိုမှုဖြင့် ပူလောင်မှုအတိဖြစ်နေသည်။

"စောစောက ဖုန်းထဲက တို့ သဲ့သဲ့ကြားလိုက်ပါတယ်။ ဖုန်းခွက်ကို လုလိုက်တာ လွှာမဟုတ်လား"

ကြည့်စမ်း၊ ချစ်နွယ်သည် သူထင်တာထက် အကင်းပါး လွန်းနေသည်။

"လွှာက ချစ်နွယ်ဆီ လိုက်ချင်တယ်ပြောတာ၊ တို့ လက်မခံလို့"

ကဲ…သူ့ဘက်က အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် သူမ ဘယ်လိုဆုံးဖြတ်ဦးမလဲ။





"ဒါများ ညီသစ်ရယ် ခေါ်ခဲ့ပေါ့၊ ရှင်ဟာလေ မသေချာမှု တစ်ခုအတွက် သေချာမှုတစ်ခုကို လက်လွှတ်ဖို့ ဘာဖြစ်လို့ ကြိုးပမ်း နေတာလဲ၊ သူလိုက်ရဲရင် ခေါ်ခဲ့စမ်းပါ"

သူ ခေါင်းခဲရသောကိစ္စတစ်ခုကို အမျိုးသမီးနှစ်ယောက် လုံးက တက်ကြွစွာ လိုလိုလားလား ရင်ဆိုင်လိုသည်မှာ အံ့ဩဖွယ်ပင် ကောင်းလွန်းနေသည်။

"အိုကေ၊ ဒါဆို တနင်္ဂနွေနေ့ မနက် ၉ နာရီလောက် လာခဲ့ကြလေ၊ တစ်ယောက်စာ ပိုချက်ရလို့ မပင်ပမ်းပါဘူးကွာ၊ လွှာကို ပြောလိုက်ပါ၊ တို့က ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်ကြိုဆိုပါတယ်လို့"

ပြောပြီးသည်နှင့် ဖုန်းချသွားသည့် ချစ်နွယ်သည် လွှာကဲ့သို့ အဘယ်ကြောင့် ဝန်တိုမှုစိုးစဉ်းမျှ မဖြစ်ရတာလဲ…။

သူဟာ တကယ်ပဲ ချစ်နွယ်အတွက် မသေချာမှုအဆင့်ပဲ ရှိနေသလား။

မစဉ်းစားချင်သောရလာဒ် မမျှော်လင့်ရဲစွာ မောင်းထုတ် လိုက်ပြီး…

"ကဲ…လွှာ၊ မင်း သိပ်ဝန်တိုဒေါသဖြစ်နေတဲ့ မိန်းမ တစ်ယောက်က မင်းကို လှိုက်လှဲစွာ ဖိတ်ခေါ်ပါတယ်တဲ့၊ ဆန္ဒမပြောင်း သေးရင် လိုက်ချင်လိုက်ခဲ့ပေါ့"

လွှာ့ဘေးမှ ဖြတ်ပြီး ပြောလိုက်စဉ် မျက်ရည်စများကို

ကြမ်းကြမ်းသုတ်ပြီး···

"လိုက်မှာပဲ"

ခေါင်းခါ ကျောခိုင်းရင်း အခန်းထဲဝင်လိုက်ပြီး မိန်းမ တစ်ယောက်အတွက် သတ္တိကို ဖန်ဆင်းပေးသော နှုတ်ဆိုးများကို အသံတိတ် ရေရွတ်ကျိန်ဆဲလိုက်မိသည်။

လွတ်ထယ်နိုင်သော တစ်နှယ်နှင့် သူရဲ့ တွေ့ဆုံမှုအတွက် လွှာက တံတိုင်းသဖွယ် ကာဆီးဖို့ ကြိုးစားနေသူ ဖြစ်နေသည်။

❀❀❀



မထင်မှတ်သော အပြုအမူတွေအတွက် မထင်မှတ်သော် တုံ့ပြန်ချက်များသည် သူ့အတွက် ဆုလာဘ်တစ်ခုဖြစ်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားမိချေ။

"ဟွန်း စုတ်ပြတ်နေတာပဲ"

ချစ်နှယ်ရဲ့အခန်းလေးထဲသို့ ဝင်ဝင်ချင်းပင် လွှာရဲ့ဝေဖန် ချက်က ပယ်ပယ်နှယ်နှယ်နိုင်လွန်းလှသည်။

တံခါးဖွင့်ပေးပေးခြင်း အထဲခန်းသို့ ဝင်သွားသည့် ချစ်နှယ် မကြားရှာသာ သူ အနေရ သက်သာသွားသော်လည်း···

"လွှာ သူနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေကို ကျေးဇူးပြုပြီး ဒီမှာမလုပ်စမ်းပါနဲ့"

ဒီတစ်ခါတော့ ခုံပုလေးတွေ မဟုတ်တော့။ ပလတ်စတစ်ကော်ဇောငယ်တစ်ခုကိုသာ ဖျာတစ်ချပ်စာအကျယ်မျှ ခေါက်ခင်းထားလေသည်။

နှာခေါင်းရှုံ့ပြီး ထိုင်ချလိုက်သော လွှာ့ရဲ့အသွင်ကို စိတ်မသက်သာဖွယ်မြင်ရစဉ် အနေရခက်မှုများက သူ့ကို ဖိစီးလာသည်။

အတွင်းခန်းဘက်နံရံနှင့် ကပ်လျက်ဖုံးထားသော အိပ်ရာကို မြင်စဉ် လွှာ့မျက်လုံးအနည်းငယ် ကျယ်သွားပြီး နှုတ်ခမ်းအစုံ ဝိုင်းသွားသည်။

“ဟိုဟာက ဘာလုပ်တာလဲ ကို”

“အိပ်ရာကို မြင်ရဲ့သားနဲ့၊ အိပ်တဲ့ဟာပေါ့”

စိတ်တိုစွာနှင့် ခပ်ဆတ်ဆတ် ပောက်လိုက်သော်လည်း လွှာရဲ့ စိုးရွံ့အံ့ဩမှုတွေက ပယ်ပျောက်မသွားပေ။

“ချစ်နွယ်ရဲ့ အိပ်ရာပေါ့”

စိတ်မဝင်စားစွာဖြင့် အဓိပ္ပါယ်မဲ့ မေးခွန်းများကို မဖြေချင်တာမို့ မကြားချင်ယောင်ဆောင်ပြီး၊ စာအုပ်စင်အနား ထလာခဲ့လိုက်သည်။ တစ်ယောက်တည်း အတွင်းခန်းတွင် အလုပ်ရှုပ်နေလောက်သော ချစ်နွယ်ကို သတိရမိသောကြောင့်...

“ချစ်နွယ်ကို တစ်ခုခု လာကူပေးနိုင်မလား”

ဖွန်းသံ၊ ပန်းကန်သံကြားမှ သူ့အသံကို ကောင်းစွာကြားရ





သည်ထင့်။

“စိန်လိုက်လေ ကိုယ်ထူကိုယ်ထပေါ့”

သူမစကားမဆုံးခင် သူ့ခြေလှမ်းများက လွှာ့ကို ထားရစ်လျက် နောက်ဖေးခန်းဆီသို့ ဝင်လာခဲ့သည်။

အပြာနုရောင်တီရှပ်ပွပွကို အနက်ရောင် ဖြောင်လုံချည်နှင့်တွဲဝတ်လျက် ချွေးစို့နေသည့် သူမအသွင်က လန်းဆန်းတက်ကြွမှုအပြည့်ဖြင့် တင့်တယ်နေသည်။

လင်ဗန်းထဲထည့်ထားသော မုန့်ပန်းကန်အချို့ကို မ,ပြီး အပြင်သယ်လာစဉ် ဝန်တိုမှုဖြင့် စောင့်ကြည့်နေသော လွှာကို စိတ်မသက်သာဖွယ် မြင်ရသည်။

“စားပွဲထိုးကြီးကိုယ်တိုင်ယူလာတဲ့ မုန့်ဟင်းခါးဆိုတော့ ပိုချိုမှာတော့ သေချာတယ်”

မထိတထိ ကလိသရော်လိုက်သော လွှာစကားက သူ့ကို ထိရောက်စွာ မနာကျင်စေနိုင်တာမို့ မသိကျိုးကျွန်ပြုလျက် လှည့်ထွက်ခဲ့သည်။

“ရပြီလေ၊ ကျန်တာတွေ တို့သယ်ခဲ့မယ်၊ မြရုပ်လွှာ တစ်ယောက်တည်း ပျင်းနေလိမ့်မယ်”

သူ့ကို အပြင်သို့ အတင်းပြန်ထွက်ခိုင်းနေသော သူမစကားကြောင့်...

"သူလိုက်ချင်လို့ လိုက်လာတာ ပျင်းပစေပေါ့"

မညာမတာ သူ့စကားကို သူမက ဘာမှဝေဖန်စွက်ဖက်ခြင်း မပြုပေ။ အင်း…ဒါကိုက လွှာနဲ့ကွာခြားချက်ထင်ရဲ့၊ အမြဲတမ်းရလိုမှုတွေ၊ ဝန်တိုမှုတွေနဲ့ ပြည့်နှက်တိုက်ခိုက်တတ်သော လွှာ့လိုမိန်းမမျိုးအတွက် ပြိုင်ဘက်အဖြစ်သင့်ဆုံးလူသည် ချစ်နွယ်နှင့်သာ ကိုက်ညီပေလိမ့်မည်။

သူဝယ်လာသော ကျောက်ကျောနှင့် ရွှေကြည်မုန့်တို့ကို ကြွေပန်းကန်ကြည်ကြည်ထဲ ထည့်မြင်ထားတာကို တွေ့ရတာမို့ ချစ်ခဲ့ဖူးသော ဖန်ခွက်ကြည်လဲ့လဲ့ကို အမှတ်ရစွာ ပြုံးမိသည်။

သူ့အပြုံးကို သူမက ရိပ်မိသိရှိစွာဖြင့် ကြည့်ပြီး…

"မခွဲပစ်လိုက်နဲ့နော်၊ ဒီမှာက ကုန်တိုက်လို ပိုက်ဆံလျော်ပေးလို့ မရဘူး၊ ဂျပန်က တို့မိတ်ဆွေ လက်ဆောင်ပေးထားတာ။

ဒီလောက်တောင် သူ့ကို အကဲခတ်နိုင်စွမ်းရှိတဲ့ သူမကို ငြိတွယ်တာ သူ့နှလုံးသားရဲ့ အဖြစ်မဖြစ်နိုင်၊ မသိမသာ ဆွဲဆောင်နိုင်စွမ်းရှိတဲ့ သူမနဲ့သာ သက်ဆိုင်အဖြစ်ရှိပေလိမ့်မည်။

မကြာခင်ပင် သူတို့သုံးယောက်ရဲ့ ခြောက်သွေ့သော မုန့်ဟင်းခါးစားပွဲလေး ကျင်းပလိုက်ကြသည်။

သူနဲ့ ချစ်နွယ်အတွက်ကတော့ နားလည်နေသော အခြေအနေ၊ အနေအထားအတွက် နည်းနည်းမှ စိတ်အနှောင့်အယှက် မဖြစ်





သော်လည်း ခမ်းနားထည်ဝါမှုကိုသာ ကိုးကွယ်ဖက်တွယ်၍ မွေးဖွားကြီးပြင်းလာသူ လွှာ့အတွက်တော့ အရောရောသည် သိမ်နုပ်သေးဖွဲလွန်းသည့်သဖွယ် သိသာစွာ မျက်နှာပျက်ယွင်းနေလေသည်။

"စားကြနော်၊ တို့က တစ်ခါတလေမှ ကိုယ်တိုင်ချက်စားတာ၊ ဝယ်စားရင်လည်း ရနိုင်တာပဲ။ ဒါပေမယ့် တို့ဒေါ်လေးက နယ်မှာတုန်းက မုန့်ဟင်းခါးဆိုင် ဖွင့်ခဲ့ဖူးတာဆိုတော့ သူ့လက်ရာကို တို့ကို သင်ပေးခဲ့တာ၊ ဒေါ်လေးကို အမှတ်ရတိုင်း မုန့်ဟင်းခါးဝယ်ချက်ဖြစ်တယ် ဆိုပါတော့"

ရွှန်းရွှန်းဝေစွာနဲ့ ကြည်ကြည်လင်လင်ပြောနေသော အကြင်အမျိုးသမီး၏ မျက်နှာကို မြတ်နိုးစွာ သူကြည့်နေသလို၊ ခါးသီးမုန်းတီးစွာ ကြည့်နေသူလည်း ရှိနေသည်။

"ချစ်နွယ်ရဲ့ အိမ်သားတွေကို မမြင်ပါလား"

သိပ်ကို စပ်စုနိုင်လွန်းသော လွှာရဲ့အမေးကို မနှစ်သက်စွာ ကြည့်ရှုံမှုတပါး မတတ်နိုင်ချေ။

သူမကတော့ စားလက်စမုန့်ဟင်းခါးပန်းကန်ကိုချပြီး…

"ဒီအိမ်မှာ အိမ်သားရော အိမ်ရှင်ရော အားလုံးပေါင်းမှ တို့တစ်ယောက်တည်းလေ"

သူမစကားထဲမှာ အမှားဟူသော သံသယကို မြူတစ်မှုန်စာမျှ သူ့ဘက်က မတွေ့ရသော်လည်း လွှာ့အတွက်ကတော့ မြင့်မိုရ်

တောင်ပမာ အပြစ်တင်မှုတွေ ဖြစ်လာလေသည်။

"ဒါဆို ရှင်တို့ ဒီမှာ ခဏခဏ တွေ့ဖြစ်ကြတယ်ပေါ့"

ခနီးခနဲ့ အထင်သေးသံကို စကားလုံးထဲတွင် ကြားရသလို မျက်လုံးထဲတွင်လည်း အထင်းသား မြင်လိုက်ရသည်။

မသိမသာ ဆိုးရွားလွန်းသော လွှာ့စကားအတွက် သူအဖြေကို ရုတ်တရက် မပေးလိုက်ခင်တွင်ပင်...

"သိပ်မများသေးပါဘူးကွ"

မိန်းမနှစ်ယောက်ရဲ့ အားပြိုင်မှုကို သူ့ရဲ့ အဓ္ဈတ္တကရော ဗဟိဒ္ဓကပါ ဘာမှမတတ်နိုင်ခဲ့ပေ။ သို့သော် လွှာက သူ့ကို စကားဝိုင်းထဲ ခေါ်ဖို့ကြိုးစားခဲ့လေသည်။

"ဒြော်...ကို...လွှာနဲ့ကိုတို့ လူကြီးချင်းစေ့စပ်သဘောတူထားတဲ့အကြောင်းရော ချစ်နွယ်ကို ပြောပြီးပြီလားဟင်"

စိတ်ပျက်မှုအကြည့်များကို တစ်လှည့်၊ အားနာမှုအကြည့်များကို တစ်လှည့် မအားလပ်ရအောင် သူဖန်တီးနေရသည်။

"ဟိုး ဟိုး ဒါတွေ တို့သိစရာမလိုပါဘူး၊ အရေးကြီးတဲ့အချက်က ညီသစ်ဟာ လွတ်လပ်တဲ့ လူပျိုလူလွတ်တစ်ယောက်ဖြစ်နေရင်ပဲ တို့အတွက် လုံလောက်ပြီ"

သေချာသည်။ လွှာရဲ့ ထိုးနှက်ချက်မှန်သမျှကို သူမ လုလုပပ ချေပနေပြီဖြစ်သည်။ ကြည့်စမ်း၊ စာစာပိုင်းအချိန်လောက်က





ကြည်လင်တောက်ပနေတဲ့ သူမမျက်နှာပေါ်မှာ အရွဲ့တိုက်သရောဟန်တွေကို အစားထိုးမြင်နေရသည်။

"ထင်သားပဲ၊ ရိုးသားစွာ တွေ့ဆုံလိုမှုအတွက် ဖိတ်ခေါ်တာ မဖြစ်နိုင်ဘူးလို့လေ"

ပုပ်လုနီးသစ်သီးတစ်လုံးလို ရင့်ရော်ရန်လိုနေသော လွှာရဲ့ မျက်လုံးတွေက ချစ်နွယ်ရဲ့အိပ်ရာကို မျက်စပစ်ပြီး အရိုင်းပြဆုံး ထိပါးစော်ကားလိုက်သည်။

သို့သော် လုံးဝကို ပျက်ယွင်းမှုမရှိသော သူမ၏ နှုတ်ခမ်းပါးကမူ မတုန်လှုပ်စွာဖြင့်...

"ဘာနဲ့ခပ်ခပ် ရေပါဖို့ အဓိက မဟုတ်လား"

ယခင်က အငွေ့ထောင်းထောင်းထနေသော မုန့်ဟင်းခါးပန်းကန်များက အေးစက်စပြုနေသလို အေးစက်နေသော သူ့မျက်နှာကတော့ ပူလောင်ခံရခက်ရမှုတွေအပြည့်...။

တတ်နိုင်လျှင် လွှာကို ထိုနေရာမှ ဆွဲထုတ်လိုက်ချင်သလို ချစ်နွယ်ကိုလည်း ရင်မဆိုင်လိုသေးပေ။

"ယောက်ျားတစ်ယောက်ကို ရရှိဖို့အတွက် ဖျားယောင်းမြူဆွယ်မှုတွေနဲ့ ရင်းနှီးခဲ့ရတဲ့ ချစ်နွယ်ရဲ့ စွမ်းဆောင်ချက်က အံ့ဖွယ်ပါပဲလား။ ကဲ တစ်ကောင်ကြွက် မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ဘယ်လိုမြှင့်တင်ဦးမလဲ"

မတ်တပ်ထရပ်၍ ပြောနေသော လွှာရဲ့စကား ဆုံးဆုံးချင်း ဝုန်းခနဲ သူမပေါ် မျက်နှာချင်းဆိုင်၍ ထရပ်လိုက်သည်။ ထို့နောက် လျှင်မြန်စွာဖြင့် သူမရဲ့လက်တစ်ဖက် မြှောက်တက်သွားပြီး…

"ဖြန်း"

လေထဲမှာ အရာဝတ္ထုနှစ်ခုရဲ့ ထိခိုက်သံကို ကျယ်လောင်စွာ ကြားလိုက်ရစဉ် သူမျက်လုံးများကို ယောင်ယမ်း၍ မှိတ်ထားလိုက်မိသည်။

ကြောင်အမ်းအမ်းမျက်နှာဖြင့် ရပ်နေသော လွှာသည် သတိဝင်လာလျှင် ဝင်လာချင်း အံကြိတ်ငိုကြွေးကာ ကျောခိုင်းပြေးဆင်းသွားလေသည်။

ယခုထက်ထိ သူကထိုင်လျက်၊ သူမက ရပ်လျက် လွှာနောက်လိုက်တားနိုင်သည့် သူရဲ့လမ်းဝကို သူမက ပိတ်ရပ်ထားသလိုဖြစ်နေသည်။

အစအဆုံးမြင်ရကြားခဲ့ရသူ သူ့အတွက် အမှားနှင့်အမှန်ကို မည်သည့်ဘက် မဲသာရမည်မှန်း ချက်ချင်းမဆုံးဖြတ်နိုင်စွာ…

"သူ တို့ကို စော်ကားတာ နှစ်ခါရှိသွားပြီ"

အရင်ဆုံး စတင်လှုပ်ရှားလာသူအဖြစ် သူမက စကားစပြောသည်။

ဒူးနှစ်ဖက်ကိုထောင်၍ လက်ချိတ်တင်ကာ လက်နှစ်ဖက်





ပေါ် ခေါင်းမှောက်ထားလိုက်ခြင်းက သူ့အတွက် အသက်သာဆုံးအခြေအနေပင်။

"ဘယ်လိုလဲ ညီသစ်၊ မင်း တို့ကို ချစ်နိုင်သေးရဲ့လား"

ကောက်ကာငင်ကာ မေးလိုက်သော သူမ မေးခွန်းက ငုံ့နေသော သူ့နားရွက်နားကို ရှပ်တိုက်ပြေးသွားသည်။

အံ့သြစွာ ခေါင်းလှမ်းကြည့်စဉ် သူမမျက်နှာက သူနဲ့ နီးကပ်စွာ မျှော်လင့်လျက်…

တကယ့်ကို ဆိုးရွားမိုက်မဲစွာဖြင့် သူ ဆက်ချစ်နေသည်မှာ သေချာနေသေးသည်။

"တို့ မမျှော်လင့်တာမျိုးက သူ ဘာဖြစ်လို့ ကျူးလွန်ခဲ့ရတာလဲ"

နားမလည်စိတ်ပျက်မှုတွေဖြင့် ခါးကိုင်းငုံ့ထားရာမှ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်ကို တွေ့ရသည်။ ဘာသာရေရွတ်ပြောဆိုနေသော သူမရဲ့အသွင်က စိတ်မကောင်းမှုတွေ ပြည့်နေသော်လည်း နောင်တအရိပ်အငွေ့ကို မတွေ့ရ။

"တို့ကို ချစ်နေသေးတယ်ဆိုရင် ခဏလေးဆက်နေပေးပြီး၊ မချစ်နိုင်တော့ရင်တော့ မင်းလိုက်သွားနိုင်တယ်"

သူမစကားကြောင့် သူခြေထောက်တွေကို စိတ်သံမဏိကြိုးဖြင့် ချည်ပြီးဖြစ်သွားသည်။

"ကို မင်းကို နားလည်ဖို့ ကြိုးစားရမယ်ဆိုတာ နားလည် ပါတယ် ချစ်နွယ်၊ ကိုယ် မပြန်သေးပါဘူး"

သူ့စကားကြောင့် ဖြတ်ခနဲပြန်ကြည့်သော သူမရဲ့အကြည့်တွေကို တအံ့ရင်ခုန်စွာ ဆိုးဝါးသည့်အဖြစ်အပျက်တွေကို မေ့ပျောက်ချင်သည်။

အထိရောက်ဆုံး စကားတွေနဲ့ နှစ်သိမ့်ဖို့ ကြိုးစားရင်း အချိန်တချို့ကို စဉ်းစားခြင်းက ဝါးမျိုးသွားသည်။

"တီ တီ တီ"

ချထားသော သူ့ရဲ့ ဟန်းဖုန်းဆီက အသံကြောင့်…

"မင်းအိမ်က ဖြစ်လိမ့်မယ် ညီသစ်"

ဝေဖန်ထင်မြင်ချက်ပေးသော သူမစကားအတိုင်းပင် သူ့အမေဆီက ဖုန်းဖြစ်နေသည်။

'အဲဒီ မိနစ်ကလေးဆီက အမြန်ဆုံး အိမ်ပြန်ခဲ့ပါ' ဟူသော အဓိပ္ပာယ်ကို ကြားရစဉ် လွှာပယောဂမကင်းမှန်း သိသွားသည်။

"မေမေ ကို့ကို ပြန်ခေါ်နေတာ"

ဖုန်းပိတ်ပြီး လှည့်ကြည့်နေသော သူမကို အဖြေပေးစဉ်…

"သေချာတယ်၊ မင်းကို တို့နဲ့အဝေးဆုံး ခွာနေဖို့ သတိပေးတားမြစ်တဲ့ ပဏာမအစီအစဉ်ပဲ။ ဘယ်လိုလဲ၊ မင်းရင်ဆိုင်ရဲရဲ့လား"

နိုင်မာတဲ့ ဆုံးဖြတ်ချက်အတွက် ပြတ်သားရဲဖို့သတ္တိ သူမ





ရှိနေသည်။

"ကို မင်းကို ဘဝတစ်လျှောက်လုံး လက်တွဲဖို့ ဆုံးဖြတ်ချစ်ခဲ့မိတဲ့အတွက် ဘယ်လိုကိစ္စမျိုးကိုမဆို ရင်ဆိုင်ရဲတယ်၊ မင်းနဲ့အတူပေါ့"

လင်းထက် စိုတောက်လာသော မျက်ဝန်းတွင် ယုံကြည်ကိုးစားမှုအရိပ်အယောင်က တခဏမျှ ဖြတ်သန်းသွားသည်။ ချက်ချင်းပင် ထိုအရိပ်အငွေ့ကို သူမ လျင်မြန်စွာ သိမ်းဆည်းလိုက်ပြန်သည်။

"ဟုတ်တယ်၊ တို့လည်း ပြတ်သားရတော့မယ် ညီသစ်၊ မင်း မျက်လုံးခဏမှိတ်ပေးပါလား"

သူမ အစီအစဉ်က မြန်ဆန်လွန်းစွာ…

သူ့ဘက်က မျက်ဝန်းအမှိတ်တွင် နဖူးထက်ဆီက အတွေ့နွေးနွေးက ရင်ခုန်လိုက်မူးဖွယ် မေ့လျော့မင်သက် တိမ်းမူးစွာ မျက်လုံးတွေကို ပြန်အဖွင့်တွင်…

"ဒီကပြန်တဲ့အချိန်ကစပြီး၊ တို့နဲ့ပတ်သက်ခဲ့သမျှအတွက် ရင်ဆိုင်ရမယ့်ပြဿနာတွေအတွက် တို့ရဲ့အဖြေပဲ။ ဥပမာပြောရင် ပြေးရိုးပြေးနည်းအတိုင်း ပြေးတာမှန်ပေမယ့် စိတ်ရဲ့လွန်းအားပေါ်မူတည်ပြီး အနေးအမြန်ကွာသလိုမျိုး၊ ရိုးရိုးပြေးတာထက် ခွေးရှူးလိုက်လို့ ပြေးတာက ပိုမြန်မှာပေါ့။ စိတ်က ဦးဆောင်နေရတာကိုး ခုလည်းဒီလိုပဲ ရိုးရိုးရင်ဆိုင်ရတာထက် ဦးတည်ချက်ထားပြီး ရင်ဆိုင်ရတာက ပိုပြည့်စုံ

ခံသာလိမ့်မယ်။ တို့စကားအတိုင်း ဆိုရင်တော့ သချောမှုတစ်ခုအတွက် အားလုံး ရင်ဆိုင်ကြတာပေါ့"

ကဲ လှပသေသပ်တဲ့ ချစ်စကားတွေအစား ခွေးဥပမာနှင့် နှိုင်းယှဉ်ပြောနေပုံကိုပင် သူက မှင်သက်မိန်းမူးလို့...

"ကို ကြားချင်တဲ့စကားကို မတွန့်တိုဘဲ ပြောစမ်းပါဦး ချစ်နှယ်ရယ်"

ဒီတစ်ခါတော့ဖြင့် သူမ တိုးနွဲ့နွဲ့ရယ်ပြီး...

"မင်းကို တို့ သိပ်ချစ်ပါတယ် ညီသစ်ရယ်"

"မလှပတဲ့ နိဒါန်းနဲ့စခဲ့တဲ့ ထိုနေ့လေးမှာပဲ လှပတဲ့ နိဂုံးချုပ်မှုကို ဘယ်သူက မျှော်လင့်မိမှာလဲ"

သူမကတော့ ဖြစ်ရိုးဖြစ်စဉ်တွေကို ရှောင်ဖယ်တတ်သူ ပီသစွာဖြင့် ထူးဆန်းသောအဖြစ်အပျက်ဖြင့် အဖြေပေးခဲ့သည်။

သို့သော် ရိုးစင်းသော စကားကိုသာ သူမ သုံးခဲ့လေသည်။ ထိုစကားကတော့...

"သေချာတယ် မင်းကို တို့ သိပ်ချစ်တယ်"

သူ ပြန်လာခဲ့သော်လည်း ရင်ထဲတွင် အကြိမ်ပေါင်းများစွာ မြည်တမ်းနေအောင် သူမ တစ်ကြိမ်သာ ပြောခဲ့ရလေသည်။



"ဘယ်နှယ့်လဲ သား၊ မုန့်ဟင်းခါးက အတော်ကောင်းရဲ့လား"

အိမ်ထဲဝင်ဝင်ချင်း ဧည့်ခန်းထဲမှ အဖြတ်တွင် ဆက်တီပေါ် ထိုင်နေသော မေမေက ခနိုးခနဲ့ လှမ်းမေးလိုက်သည်။

"ဒီကောင်မလေး လွှာပြောတိုင်း မေမေ မယုံပါနဲ့ မေမေရာ"

သူ့အမေရှေ့တွင် ရိုကျိုးမှုအပြည့်ဖြင့် ရပ်လျက် ပြောနေရသော်လည်း လိပ်ပြာမလုံလှပေ။

"မေမေယုံအောင် သားက ဘယ်လို သက်သေပြပေးမှာပါလိမ့်"

ချည်ပြီး တုတ်ပြီးသား မေမေ့စကားက မေးခွန်းတွေအပြည့်နှင့်ပင်။

"သားတို့က ရိုးရိုးသားသားပါလို့ ဝန်ခံရဲလိုက်စမ်းပါ သားရဲ့"

သူ့ မျက်နှာချင်းဆိုင်နေရာသို့ ရောက်ရှိလာသော မေမေ့ မျက်နှာကို သူ ဘယ်လိုရဲရဲကြည့်ပြီး ဖြေရမှာလဲ။

ဖြေရခက်ပါဘိတော့ ချစ်နှယ်ရယ်။

ငုံ့ချထားသော ခေါင်းကို ရင်ကော့ကြွားဝင့်ဖို့အတွက် ချစ်နှယ်ရဲ့ အနမ်းတစ်ပွင့်က မည်မျှတာတ်နိုင်ပါလိမ့်။

"သား ဝန်မခံရဲဘူး မဟုတ်လား။ ဒီတော့ မေမေလည်း ရှင်းရှင်းပဲ သတိပေးရတော့မယ်၊ ဒီမိန်းခလေးရဲ့ပုံစံကို မေမေသိလည်း မသိဘူး၊ သိလည်းမသိချင်ဘူး။ ဒါပေမယ့် သား သူ့ကို လုံးဝ ရှောင်ရလိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သားဘဝထဲကို မြရုပ်လွှာ မကြာခင် ဝင်လာနိုင်ဖို့ မေမေတို့ စီစဉ်ပြီးနေပြီ"

ယတိပြတ် မေမေ့အမိန့်ကို ချက်ချင်းလွန်ဆန်ဖို့ မလွယ်ကူ မှန်း သိထားသူမို့ ဆိတ်ငြိမ်စွာဖြင့် ဘာမျှပြန်မပြောဖြစ်ပေ။ အမှန် တစ်ခုကိုတော့ ဝန်ခံပြောဆိုခဲ့သည်။

"သား လွှာကို မချစ်ဘူး မေမေ"

"မချစ်ဘဲ လက်ထပ်ခဲ့တဲ့အထဲမှာ သားဖေဖေနဲ့ မေမေလည်း အပါအဝင်ပဲ။ ဒါပေမယ့် မေတ္တာနဲ့ သစ္စာတရားကိုတော့ တန်ဖိုးထား တယ်၊ ဒါတွေ မင်းသိဖို့ မလိုသေးပါဘူး၊ တစ်ချိန် သိလာလိမ့်မယ်၊





လောလောဆယ် သိထားရမှာက ချစ်နှယ်ကို မပတ်သက်ဖို့ပဲ"

"ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

ခပ်တိုးတိုးပြောရင်း မေမေ့အရှေ့မှ လှည့်ထွက်လာခဲ့စဉ် သူ့ ရင်တွေက လေးလံလျက်...

ရင်ခုန်ကြည်နူးရမည့် ကာလများအစား စိတ်ပျက်နွမ်းလျဖွယ် အချိန်များကို ဘယ်လိုဖြတ်သန်းရပါ့။

ရဲရင့်ပြတ်သား ဖြတ်သန်းရမယ့် စွန့်စားမှုများအတွက် သွယ်လျဖြူနွဲ့သော လက်တစ်ဖက်ကို အားပြုရပ်တည်ရန် ကမ်းလင့် ရဲဖို့ သူ ဆုံးဖြတ်ရပေတော့မည်။

"သေချာတယ် မင်းကို တို့ သိပ်ချစ်တယ်"

ကြည်လင်တိုးနွဲ့သောအသံကို ကြားယောင်မိစဉ် မျက်လုံး များကို မှေးမှိတ်ပြီး တိတ်တဆိတ် သူမကို တမ်းတမိသည်။

ဒီအချိန်များ သူမ ကြေကွဲဝမ်းနည်းစွာ ငိုကြွေးနေမလား...

အားငယ်ညိုးလျှမှုဖြင့် သူ့ကို တမ်းတနေမလား...

ဒါမှမဟုတ် ခံပြင်းနာကျည်းမှုများဖြင့် လောကကို အရွဲ့တိုက် ကားတိုက်ရယ်မောနေမလား။

အင်း...ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ သူမ တိုင်တည်သတိရ မှာပါ။

သူက သူမရဲ့ အသစ်စက်စက် ချစ်သူတစ်ယောက်အဖြစ်

မကြာခင်ကမှ ဖြစ်ခဲ့သူပဲ။

ဘာသာကျေနပ်နှစ်သိမ့်မှုများဖြင့် အိပ်ပျော်ရန် ကြိုးစားလိုက်သည်။

ထူးဆန်းစွာပင် အိပ်မက်ထဲ၌ သူမက လှပစွာ ငိုကြွေးနေလေသည်။

❀❀❀



မှောင်မည်းတိတ်ဆိတ်နေသော အခန်းထဲတွင် ချစ်သူ ရှိပါလေစ။ အသင့်ဖွင့်ထားသောတံခါးကို တွန်းဖွင့်ဝင်လိုက်စဉ် ကပ်လျက် ဝရန်တာတံခါးမှ လေက မျက်နှာကို အသော့ကြိုဆိုလိုက်သည်။

"မှောင်လိုက်တာ ချစ်နွယ်"

တိုးတိုးရေရွတ်ပြီး သူမကို ခေါ်လိုက်စဉ် လှုပ်ရှားသံတချို့က စာအုပ်စင်ဘေး ထောင့်လေးဆီက ကြားလိုက်ရသည်။

"မီးမဖွင့်လိုက်ပါနဲ့ ညီသစ်"

အေးစက်မာကြောသောအသံက အမိန့်သံဆန်စွာ နားစည်ကို လာရိုက်ခတ်သည်။

"တို့ ဒီမှာရှိပါတယ် ညီသစ်ရဲ့၊ စာအုပ်စင်ရဲ့ ဘေးမှာလေ"

အလင်းထဲက ဝင်လာသူမို့ အမှောင်ထဲ ဝင်ဝင်ချင်း ကျင့်သားမရစွာ ဘာမျှမမြင်ရပေ။

တံစက်ခွန်းတစ်ဝက် လှင့်ပွင့်နေသော ပြတင်းပေါက်အလင်းရောင် တချို့ကြားမှာ အတန်ကြာမှ အလင်းဖျော့ဖျော့ကို စုစည်းမိလိုက်သည်။

တကယ်တော့ သူ့ကို လာထခေါ်ဖို့ ကောင်းသည်။

"တို့ကို တွေ့လား ညီသစ်၊ ငြိမ်ငြိမ်လေးထိုင်နေတဲ့ အရသာလေး ပျက်သွားမှာစိုးလို့ လာမကြိုတာ စိတ်မကွက်နဲ့နော်"

သူမဆီက သူ့စိတ်ကူးကို ရိပ်မိသိရှိစွာ တောင်းပန်စကား ဆိုသည်။

"ရပါတယ် မင်းနဲ့ပတ်သက်ပြီး စိတ်မကွက်၊ စိတ်မဆိုး တတ်အောင် မင်းသင်ပေးထားတာပဲ"

သူမနား ကပ်ထိုင်ချပြီး ပြောလိုက်စဉ် သူမက ညင်းသွဲ့သွဲ့ ရယ်သည်။ ရယ်သံနွဲ့နွဲ့နှင့် သူ့ရင်ခွင်ထဲ ဝင်လိုက်ပါစေတော့ဟု ဆုတောင်းမိသော်လည်း ဆုတောင်းမပြည့်ခဲ့ပေ။

စာအုပ်စင်ကို ဘေးလှည့်မှီထားပြီး ဆံစအချို့ကို ပခုံးပေါ်သို့ ကျော်ယူချထားသည်။ အလင်းရောင်စွန်းစွန်းက သူမ မျက်နှာပေါ် လေအဖျော့တွင် လိုက်ကာရိပ်နှင့်တကွ ဖြတ်ကျော်စဉ် မျက်နှာနုနုက ဝင်းခနဲ လျှပ်ပြက်သလို…

"ဒီနေ့ ဘာဖြစ်လို့ ညီသစ်ကို အိမ်လာဖို့ခေါ်လဲ သိလား"





လက်ချိုးရေ၍ ရနိုင်သော ချစ်သူသက်တမ်းရက်တိုလေးထဲမှာ သူမနဲ့သူရဲ့ ရင်းနှီးမှုက ယခင်ကာလများထက် မပိုစွာ အခေါ်အဝေါ်များ မပြောင်းလဲသေးပေ။

"ဘယ်သိပ်ပါ့မလဲ ချစ်နွယ်ရဲ့၊ ကိုက မင်းဆီက တွေ့ဆုံခွင့်ကိုပဲ နေ့စဉ်မျှော်နေရတာ"

တင်းကျပ်သော တားမြစ်မှုများဖြင့် ချစ်နွယ်ရဲ့ ချည်နှောင်မှုမှန်သမျှကို ချစ်မြတ်နိုးရသူ ပီသစွာ သူလိုက်နာနိုင်ခဲ့သည်။

နေ့စဉ် မတွေ့ရသော်လည်း နံနက်တိုင်း နှင်းဆီဖြူတစ်ပွင့်ဆီကိုတော့ သူကိုယ်စားမှန်မှန် သူမဆီ အခစားဝင်ရောက်စေခဲ့သည်။

"စိတ်ချ မင်းကိုယ်စား ပန်းခြောက်လေးတွေကို တို့သိမ်းထားတယ်၊ သူတို့က သိပ်အပြစ်ကင်းတာပဲကွ"

ပြောခဲ့ဖူးသော သူမ စကားကြောင့်ပင် သူ့ရင်က သိမ့်ခနဲ ကျေနပ်ခဲ့ရသည်ပဲ။

"ဒီနေ့ တို့ရဲ့ (၂၆)နှစ်မြောက် မွေးနေ့လေ"

"မွေးနေ့ ဟုတ်လား၊ ဟိုတစ်ခါ မွေးနေ့ဆိုပြီး ဘုရားတက်ခဲ့ကြတာရော"

"ဩော်…ဒါလား၊ အဲဒါလည်း မွေးနေ့ပဲလေ၊ တို့က တနင်္ဂနွေသမီးဆိုတော့ တနင်္ဂနွေနေ့တိုင်း တို့မွေးနေ့ပဲပေါ့"

ကင်္ဂလီးကပ်သပ် စကားဖြင့်ပင် အမြဲအနိုင်ယူတတ်တာ သူမ

အကျင့်ပဲထင်။

"ချစ်နှယ်ရဲ့ မွေးနေ့က မှောင်မှောင်ထဲမှာပဲ ကျင်းပတော့မှာလား၊ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့လည်း လှော့ဖေဖေနဲ့ မေမေတို့ရဲ့ (၂၅)နှစ်မြောက် မင်္ဂလာငွေရတု အခမ်းအနားရှိတယ်။ ကို အဲဒီကို သွားမယ်ပြောပြီး အိမ်က ထွက်လာတာ"

"အင်း...သူ့တို့ရဲ့ အခမ်းအနားက သိပ်ကိုမြင့်မြတ်ပြီး၊ ကြီးကျယ်ခမ်းနားမှာပဲနော်၊ ချစ်သက်တမ်း(၂၅)နှစ်မြောက်ဆိုတော့ သူတို့ရဲ့ ခိုင်မြဲမှုအတွက် သူတို့ဂုဏ်ယူနေကြမှာ"

သူမအသံက နှစ်သက်ကြည်နူး အားရမှုမျိုးထက် ကြေကွဲဆုံးရှုံးဟန်မျိုးဘက် အလေးသာသလိုပင်။

"တစ်ချိန်ကျရင် ကိုတို့လည်း အဲဒီလိုကျင်းပနိုင်ကြမှာပါနော်"

သူမ လက်ဖဝါးလေးကို ဆွဲဖျစ်ဆုပ်ကိုင်ရင်း ပြောလိုက်စဉ် သူမက သူ့ကို အံ့ဩစွာ မော့ကြည့်သည်။ ထို့နောက်...

"တို့နဲ့မင်း လက်ထပ်ကြရဦးမှာပေါ့"

ဘုရားရေ ဒီမိန်းမ ရူးနေပြီလား၊ သိပ်ကို နီးစပ်ချစ်ခင်တွယ်တာကြတဲ့ ချစ်သူတွေရဲ့ ပန်းတိုင်က တွေ့ဆုံပေါင်းဖက်ခြင်းဆိုတာ သူမ မသိလေရော့သလား။

"အင်းလေ၊ ကို ကြိုးစားမှာပေါ့၊ ချစ်နှယ်နဲ့ ကို့ကို မကြာခင် ကိုယ့်မေမေ သဘောတူလာရအောင်လို့လေ"

သူ့လက်ထဲက သူမလက်ဖဝါးကို လိမ်ဖယ်ဆွဲယူရုန်းလိုက်ပြီး သက်ပြင်းတစ်ခုကို ခပ်ကြိတ်ကြိတ်ချလိုက်သည်။

"တို့ကံကြမ္မာရဲ့ ညှဲ့ဖျင်းမှုက ဘယ်တော့များမှ ဆုံးမှာပါလိမ့်၊ ချစ်သူတစ်ယောက်ရဲ့ မိခင်ဘက်က လိုလိုလားလား လက်ခံနိုင်ဖို့ တို့မာနာတွေကို လျှော့ချပစ်မှာ မဟုတ်ဘူးနော်"

ဒီအခြေအနေမျိုးမှာတောင် သူမ ဘာလို့ တင်းမာနိုင်နေသေးရတာလဲ၊ သူ့ကိုချစ်တဲ့ အချစ်တွေက သူမ မာနတွေကို မဖုံးလွှမ်းနိုင်ဘူးလား။ သူမနဲ့ပတ်သက်တိုင်း အားမရမှု၊ မကျေနပ်မှုတို့က အမြဲဝင်ရောက် နှောင့်ယှက်နေတတ်သည်။

"ကဲပါ...တို့ အနာဂတ်အတွက် တိုင်ပင်ဖို့ နောက်စဉ်းစားကြတာပေါ့၊ လောလောဆယ် မွေးနေ့ပွဲလေးတစ်ခုကိုတော့ မှောင်မည်းမည်းထဲမှာ ကျေနပ်စွာ ကျင်းပကြစို့ရဲ့"

ငွေရောင်မားလေးကို အလင်းရောင်ကွက်ကွက်ကြားမှ ရိပ်ခနဲမြင်လိုက်ရပြီး အဖြူရောင် ကိတ်ကလေးက ထောင့်စွန်းမှစ၍ လှပစွာ သူမ ဖဲ့ချွေနေသည်။

"ဘာစိတ်ကူးနဲ့ မင်းရဲ့မွေးနေ့ကို အမှောင်ထဲမှာ လုပ်ရတာလဲ"

မေးမိပြီးမှ စပ်စုသည့်ကို မနှစ်သက်သော သူမအကျင့်ကို

မှတ်မိလိုက်သဖြင့် သူ့မေးခွန်းအတွက် အားတုံ့အားနာ ဖြစ်သွားရသည်။

သို့သော်လည်း သူမဆီက အပြစ်တင်ရှုံ့ချသံကို မကြားရပေ။ ထူးဆန်းဖွယ် မှတ်ချက်ယူ သဘောထားသော ခံယူချက်အချို့ကိုသာ ကြားသိလိုက်ရလေသည်။

"တို့မွေးနေ့မှာပဲ တို့ရဲ့ အဖိုးမဖြတ်နိုင်ဆုံး အရာတစ်ခုကို ဆုံးရှုံးလိုက်ရတယ်လေ၊ တို့မွေးနေ့ရောက်တိုင်း အဲဒီဆုံးရှုံးမှုရဲ့ အထိမ်းအမှတ်အဖြစ် အမှောင်ကို ဖန်ဆင်းပြီး ကျင်းပခဲ့တာ အခုနဲ့ဆို (၉)နှစ်ရှိပြီ၊ (၁၈)နှစ်ကစပြီး လုပ်ခဲ့တာလေ"

သူမရဲ့ ဆုံးရှုံးခဲ့မှုအတွက် ကိုယ်ချင်းစာ ကရုဏာသက်မိသည်။ ဘာဖြစ်လို့များ မလှပတဲ့ သူမဘဝထဲကို ဖွတ်အတင်းဝင်ရောက်ဖို့ သူ ကြိုးစားခဲ့မိတာပါလိမ့်။

ကိုယ့်ကိုကိုယ် ဆန်းစစ်မိစဉ် နောင်တအစား အချစ်တွေက သတ္တိကို မွေးဖွားသန့်စင်ပြီးနေပြီဖြစ်ကြောင်း သိလိုက်သည်။

"ရယ်ဖို့လဲ ကောင်းသားနော်၊ လောကကြီးမှာ သိပ်ကို ပျော်စရာကောင်းတဲ့ အခမ်းအနားကြီးရဲ့ နောက်ကွယ်မှာ သိပ်ကို ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်တွေ ရှိနေတတ်တာပဲ၊ လူအများရဲ့ ပျော်ရွှင်မှုအတွက် အနည်းဆုံးလူတစ်ယောက်ကတော့ ဝမ်းနည်းနေလိမ့်မယ်လို့ ဘာဖြစ်လို့ သူတို့ မတွေးမိတာပါလိမ့်၊ ဒါမှမဟုတ် လျစ်လျူရှုနိုင်တာလည်း ဖြစ်ပါလိမ့်မယ်လေ"





ပန်းကန်ပြားလေးထဲ ကိတ်မုန့်ကို လှီးထည့်ပြီး ခရင်းပြားလေးနှင့် ထိုးကော်ပြီး သူ့ပါးစပ်နားသို့ အဆင့်သင့်ခွံ့ပေးသည်။

သူမ အတွေးအခေါ်များကို ယောင်နနဖြင့် နားထောင်နေရာမှ သတိဝင်ပြီး ကမန်းကတန်း ပါးစပ်ဟလိုက်စဉ် နှုတ်ခမ်းစပ်များဆီသို့ ကရမ်အချို့က စွန်းထင်းကုန်သည်။

လက်ချောင်းနုနုလေးများဖြင့် နှုတ်ခမ်းနားကို ပွတ်သပ်သန့်စင်ပေးလိုက်စဉ် ရယ်ဟာဟာဖြင့် သူမလက်ကို အသာဖမ်းကိုက်လိုက်သည်။ မနာအောင် နှုတ်ခမ်းဖြင့် အသာငုံကိုက်လိုက်ပြီး…

"တွေ့လား ကိုက လက်ထည့်ပေးတောင် မကိုက်တတ်ဘူး"

ရှက်စနိုးဖြင့် လက်ကိုပြန်ဆွဲယူပြီး သူ့လက်မောင်းကို မနာအောင်ပုတ်လိုက်ပြီး…

"တို့က သိပ်ရိုးလွန်းတဲ့ ယောက်ျားဆိုရင် မကြိုက်ဘူးကွ"

ရယ်ဟာဟာ သူမစကားက သူ့ရဲ့အပြုအမူအတွက် ခွင့်လွှတ်ကျေနပ်မှုအပြည့်ဖြင့်။

"အိုကေ ဒါဆို ကိုရိုးဖို့ မကြိုးစားတော့ဘူး"

ညွှတ်သွယ်ပျောင်းနွဲ့သော သူမ ပခုံးလေးကို လှမ်းဖက်ပြီး ရင်ခွင်ထဲသွင်းလိုက်စဉ် အလိုက်သင့် သူမက ယိမ်းနွဲ့လျက်။

တစ်လှည့်ပြန်၍ သူမအား မုန့်ခွံ့ပေးစဉ် သူမကလည်း သူ့

လက်ကို ငုံလျှက်။ ထို့နောက် တမင်နှာအောင် ကိုက်ပြီးလျှင်…

"တို့ကတော့ ပါးစပ်ထဲရောက်လာတဲ့ စားကောင်းတဲ့ အရာမှန်သမျှ စားလိုက်မှာပဲ၊ မင်းလက်ကိုတော့ မစားကောင်းတဲ့ အရာမို့လို့ မစားတော့ပါဘူး၊ တို့ရဲ့ မွေးနေ့ပေါင်းများစွာထဲက ဒီမွေးနေ့ဟာ အပျော်ဆုံးပဲ သိလား"

"ဘာဖြစ်လို့လဲ ချစ်နွယ်၊ ဆိုစမ်းပါဦး"

"တို့ဘဝမှာ ပထမဦးဆုံးအကြိမ် သိပ်ကို အစိပ္ပာယ်ရှိလှတဲ့ အဖော်တစ်ယောက်နဲ့ ကျင်းပနိုင်ခဲ့လို့လေ၊ မျက်ရည်မကျခဲ့တဲ့ မွေးနေ့ထဲမှာ ဒီနေ့ဟာ ပထမဆုံးပဲ၊ အရင်က တို့မွေးနေ့တိုင်းမှာ မျက်ရည်ကျနေကျလေ"

သူမက စကားဆုံးဆုံးချင်း သူ့ရင်ခွင်ထဲ ခေါင်းကိုနှဲ၍ တိုးဝင်လိုက်သည်။ ထိုညက ခပ်တိုးတိုးဆိုသော သူ့ရဲ့သီချင်းသံကို မေးမှိတ်လျှက် ငြိမ်သက်စွာ သူမ နားထောင်ခဲ့သည်။

တိုးသွဲ့သွဲ့အသက်ရှူသံကို သူ့ရင်ခုန်သံနှင့်အတူ တိတ်တဆိတ် လွှင့်ထုတ်လျှက်…

တိတ်ဆိတ်မှောင်မိုက်နေသော အရာအားလုံးထဲတွင် သူတို့နှစ်ယောက်ကတော့ ဆိတ်ငြိမ်သော ချစ်ခြင်း၏အသံကို နားဆင်လျှက်။

❀❀❀



"မေ့သားက တကယ့်သတ္တိခဲကြီးပါပဲလား"

ချစ်နွယ်အား လက်ထပ်ရန် ရည်ရွယ်ထားကြောင်း သူ့အမေအား အသိပေးလိုက်ရာတွင် ဝေဖန်သတ်မှတ်ခံရသော တုန့်ပြန်ချက်ပင် ဖြစ်သည်။

"နေပါဦး သားရယ်၊ မေမေ ငယ်ငယ်ကတည်းက ပုံသွင်းပေးခဲ့တဲ့ သားရဲ့ အခြေအနေစရိုက်တွေကို ပြန်လှေ့လာစမ်းပါဦး"

လိုတရပုံစံကို ဖန်တီးပေးခဲ့သော မေမေဆီမှ ယခုလည်း လိုချင်တာကို တောင်းနေခြင်းပင်။

"သားငယ်ငယ်တုန်းက အဲယားကွန်းမပါတဲ့ အခန်းမှာ မနေတတ်တဲ့အတွက် အိမ်မှာ အဲယားကွန်းတပ်ပေးရတာတွေ၊ ရေချိုး

ပြီးတိုင်း အမွေးနုနုတဘက်နဲ့သာ ခြေထောက်သုတ်ချင်တယ်ဆိုလို့ အမွေးနုနုတဘက်ကို ခြေသုတ်ဖို့ ရောင်စုံဝယ်ပေးခဲ့ရတာတွေ၊ ကုန်ကုန် ပြောမယ်ကွာ အရွယ်ရောက်လာတဲ့ အချိန်မှာတောင် အချောဆုံးနဲ့ အတော်ဆုံး မိန်းကလေးကိုမှ လက်ထပ်ချင်တယ်ပြောခဲ့လို့ မြရုပ်လွှာကို မေမေကိုယ်တိုင်ရှာပြီး စေ့စပ်ပေးခဲ့ရတာတွေ၊ အဲဒါတွေအားလုံးဟာ သားရဲ့ကြီးကျယ်တဲ့ ခံယူချက်ဆိုပြီး မေမေ ဖြည့်ဆည်းပေးခဲ့တာတွေ လေ။ ရိုင်းရိုင်းပြောရရင်ကွာ ကြီးကျယ်တတ်တဲ့ သားအကျင့်တွေ အတွက် ကြီးကျယ်အောင်ကြိုးစားရမယ်ဆိုတာကို သိရအောင် မြှောက် ပေးခဲ့တာ၊ အခုတော့ သိပ်ကြီးကျယ်တတ်တဲ့ သားက သာမန်မိန်းမ တစ်ယောက်ကို ဘဝအတွက် လက်တွဲဖို့ ရွေးချယ်မယ်တဲ့…"

အစပိုင်းမှာ ကျယ်ဝင့်ဟန်ပါနေသော မေမေ့အသံများက အဆုံးရောက်လေ တိုးဝင်လေဖြင့် နောက်ဆုံးလုံးဝ တိမ်ဝင်တိုးရှသွား ရသည်။

"သားဘဝအတွက် အစစအရာရာ သားကြိုးစားခဲ့တာပဲ မေမေရယ်၊ အရင်က နေချင်တာနဲ့ ဖြစ်ချင်တာကို မခွဲခြားတတ်မိသေး လို့ ကျေနပ်နေခဲ့ရပေမယ့် အခု သားအားလုံးကို ခွဲခြားတတ်နေပါပြီ၊ သားဘဝအတွက် ဖြစ်ချင်တာတွေကို လွတ်လပ်စွာ ကြိုးပမ်းခွင့်ပြုပါ မေမေရယ်"

ကျိုးနွံစွာ မေမေ့အား တောင်းပန်လိုက်စဉ်…





"လူမိုက်"

မာတောက်သောအသံက နားစည်ကို ရက်စက်စွာ လာရိုက် တ်သည်။ တစ်ကြိမ်တစ်ခါမျှ သတ်မှတ်မခံရဖူးသော နာမ်စားအတွက် ခံရခက်လှသော်လည်း သူ့ခြေလှမ်းတွေက ကျုံပြီးသား ဖြစ်နေပြီဖြစ် သည်။

နာကျင်ဆိုးရွားလှသော စကားလုံးနှစ်လုံးဖြင့် ဖွဲ့စည်းထား သည့် နာမ်စားသည် မေမေ့အတွက် သူနှင့်တကယ်ပင် ထိုက်တန်နေ သင့်သည် မဟုတ်လား။

"မင်းလက်တွေ ခြေတွေရဲ့ အစွမ်းအစကို သိပ်ယုံကြည်လွန်း နေပါလား။ စမ်းကြည့်လိုက်ပေါ့၊ ဘာမှမဟုတ်တဲ့ တစ်ကောင်ကြွက် န်းမတစ်ယောက်ရဲ့ ခင်ပွန်းအဖြစ် တင့်တယ်မြင့်မြတ်နေရုံကလွဲပြီး ကျိုးအမြတ်ကတော့ ငါ့ရဲ့ စွန့်ပစ်မှုပဲ"

သူ့ဘဝမှာ အမြဲတမ်း ကြီးကျယ်နေတတ်တဲ့အကျင့်ရဲ့ အထိ ရောက်ဆုံးပြစ်ဒဏ်က သူ့မ နိမ့်ကျနေခြင်းလား။

သူမမှာ သိပ်ထက်မြက်တဲ့ အတွေးအခေါ်၊ အယူအဆတွေ နေတတ်တာ၊ ရဲရင့်လွတ်လပ်တဲ့ သတ္တိတွေရှိနေတတ်တာ အဆုံးစွန် တော့ သူ့ရင့်ကို ထွင်းဖောက်နားလည်နိုင်စွမ်း ရှိနေတတ်တာ၊ ါတွေကို သူတို့တွေ ဘာဖြစ်လို့ အသိအမှတ်မပြုနိုင်ကြရတာလဲ…။

"အိမ်ထောင်တစ်ခု ထူထောင်ဖို့အတွက် ယောကျ်ားမိန်းမ

တစ်ယောက်တည်းရဲ့ အရည်အချင်းနဲ့မှ မလုံလောက်တာ၊ မင်းတို့နှစ်ယောက်စလုံးမှာ အဲဒီအရည်အချင်းတွေ ပြည့်မီနေရင်တော့…မင်းတို့ ကံကောင်းပါစေ''

စကားစကို ဖြတ်ပြီးမှ နောက်ဆုံးစကားဖြင့် အဆုံးသတ်လိုက်သော မေမေ့အသံသည် ဒီနေ့ဆွေးနွေးပွဲ၏ နိဂုံးသ႑ာဖြစ်လေတော့သည်။

သူ့ဘာက်မှ သက်ပြင်း ပူပူတစ်ချက်ကို ရှိုက်ထုတ်ရုံမှလွဲပြီး…

❀❀❀



''ကိုဘာက်က အခြေအနေတွေကို လွှာသိအောင် ရှင်းပြပြီးပြီ၊ အဲဒီတော့ ဒီကိစ္စမှာ ကိုရှေ့ဆက်တိုးဖို့ လွှာ နောက်ဆုတ်ပေးပါ''

ငြိမ်သက်နေသော ကိုယ်ကာယကို ပိုင်ဆိုင်ထားသော လွှာသည် ဆူပွက်နေသောစိတ်ရဲ့စေစားရာကြောင့် ဂဏာမငြိမ်ဖြစ်နေသည်။

''လွှာ နောက်ဆုတ်ပေးရမယ်၊ နေပါဦး လွှာနဲ့ ကိုမှာ ဘာရန်ငြိုးရန်စမှ မရှိခဲ့ဖူးပါဘူးနော်၊ ဘာဖြစ်လို့များ လွှာကို ဒဏ်ရာတစ်ခုပြီးတစ်ခုပေးဖို့ ကို ရည်ရွယ်ရတာလဲ''

ယခင်က လွှာခေါင်းကို ပုတ်ရိုက်ကျီစယ်တိုင်း ကလေးငယ်တစ်ယောက်ကို လေးစားကြည်နူးနေတတ်သော လွှာက ယခုအချိန်ကွင်တော့ တရားလိုနှင့် ရှေ့နေပမာ။

"ကိုယ့်ကိုမေးရင် လွှာ့ကို မချစ်လို့ လက်မထပ်နိုင်ဘူး ဆိုတာနဲ့ ချစ်နွယ်ကို ချစ်လို့ လက်ထပ်ယူမယ်ဆိုတဲ့ အဖြေကလွဲပြီး ဘာမှ ထွက်လာမှာ မဟုတ်ဘူး"

"အခု ကိုပြောတာကလည်း လွှာ့ကို အပစ်တင်နေတာ မဟုတ်ဘူး၊ အနူးအညွတ်တောင်းပန်နေတာ"

သိပ်လှသည်ဆိုသော လွှာ့ရဲ့အလှကို မခံစားနိုင်ခဲ့တဲ့ သူ့ရဲ့ အပြစ်များကြောင့်ဟုသာ ပုံချလိုက်စမ်းချင်သည်။

"ကို…တောင်းပန်စရာ မလိုပါဘူး၊ ဒါ..လွှာ့ရဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက်ပဲ၊ နှစ်ယောက်စလုံး လူကြီးတွေစကား နားထောင်ပြီး လက်ခံခဲ့ကြတယ်။ မြူမှုန်ကင်းတဲ့ အနာဂတ်အတွက် ကြည်နူးမျှော်လင့် ခဲ့ကြတယ်။ ပတ်ဝန်းကျင်ကို တိုင်တည်ပြီး မျှော်လင့်တဲ့ ကြည်နူးမှု အတွက် အရှက်ရခြင်းဆိုတဲ့ ပြစ်ဒဏ်ကို လွှာတစ်ယောက်တည်း ခံစားရမှာတော့ သိပ်မတရားလှဘူး ကို"

အညိုရောင်ဖျော့ဖျော့ဆိုးထားသော နှုတ်ခမ်းသားရဲ့ လှုပ်ရှား မှုတိုင်းက ခိုင်မာမှုအပြည့်ဖြင့် တည်ငြိမ်နေသည်။

"အရှက်ကွဲမယ့် Result အတွက် လွှာက အသည်းနှလုံး ကိုပါ အဆစ်ထည့်ပေးရမယ်ဆိုတော့…."

ရှေ့ဆက်မတိုးလာသော စကားများက အဖြေကို ဖြေပြီးနေ သလိုပင်…





"ဒါပေမယ့် ကို့နေရာမှာ ချစ်နွယ်သာ လာတောင်းပန်မယ် ဆိုရင်တော့ လွှာစဉ်းစားမယ်၊ စဉ်းစားမယ်ပြောတာနော်…။ နောက် ဆုတ်မယ်လို့ သေချာပေါက် ပြောတာမဟုတ်ဘူး၊ ဒီမိန်းမ တို့အတွက် သူ့မာနတွေကို အရှည်ဖျော့ပေးနိုင်ပါ့မလားလို့ ကိုရော မစမ်းချင်ဘူး လား"

သူနဲ့ ချစ်နွယ့်ရဲ့ နီးစပ်မှုမှာ လွှာက အဓိကကျစွာ သွေး ထိုးပေးနေသည်။

"မလိုဘူး…ဒီကိစ္စမှာ ကို မပြတ်သားခဲ့လို့ဖြစ်ရတာ၊ ချစ်နွယ်နဲ့ မဆိုင်ဘူး၊ ဒါကြောင့်…လွှာ့ဆီမှာ သူလာတောင်းပန်ဖို့ မလိုဘူး။ လွှာ့သဘောထားသိလောက်ရုံနဲ့ ရှေ့အစီအစဉ်အတွက် ကို စဉ်းစားဆုံးဖြတ်နိုင်ပါတယ်၊ လွှာ မပြတ်သားချင်တော့လည်း ကို ပြတ်သားရမှာပေါ့"

လှည့်ထွက်လာခဲ့သော ခြေလှမ်းတိုင်းက ဆူးချွန်တစ်ခုကို နင်းချနေရသည့်နှယ်။ သွားသေလိုက်စမ်းပါ။ ချစ်နွယ်ကို သူ့ကို ကိုးကွယ်ဖို့ ချစ်ခဲ့တာ နှိမ်ချနင်းချေဖို့ ချစ်ခဲ့တာ မဟုတ်ဘူးလွှာ…။

တိုးတိုးရေရွတ်သံကို ရင်ထဲမှာ သိမ်းဆည်းပေါက်ကွဲရင်း ဆေးကျောင်းဝင်းကြီးကို ကျောခိုင်းလိုက်သည်။

ရှေ့တိုးမယ့် ခြေဖဝါးတွေရဲ့ အောက်မှာမားချွန်မြမြလေးတွေ ထောင်ထားမယ်ဆိုရင်တောင် သူမက သွေးစိမ်းရှင်ရှင်ယိုထွက်လာတဲ့ အထိ ဖြတ်ကျော်နင်းရဲတဲ့ အတ္တတွေနဲ့ ပြည့်နှက်နေတယ်။

အဲဒီအတ္တကို ရှင်သန်ကြီးထွားအောင် အထီးကျန် မြေခွေးနဲ့ နာကျည်းမှု မြေသြဇာတွေကိုပဲ ကျွေးခဲ့ကြတာ မဟုတ်လား။

"မင်း...မသွားရဘူး ချစ်နွယ်၊ ဒီမိန်းမ သက်သက် မင်းကို ချိုးချင်လို့ ဒီလိုပြောလိုက်တာ၊ ကိုတို့နှစ်ယောက်နီးဖို့အတွက် ဒီနည်းကို မသုံးစမ်းပါနဲ့"

အကြိမ်ကြိမ်တားခဲ့သော ချစ်သူရဲ့စကားသည် သူမအတွက် မြင့်မားသော တန်ဖိုးထားမှုကို ဖော်ပြနေသည်။

'ချစ်နွယ် လာတောင်းပန်မယ်ဆိုရင်တော့ ငါ စဉ်းစားမယ်' တဲ့။

ဒီစကားစုလေးအတွက် ဒေါသထွက်ရမယ့်အစား ကျေနပ် အားရမိတာကို ညီသစ်မင်းသိရင် ရူးနေပြီဟု ပြောဦးမှာ သေချာသည်။

သူမကို အကြိမ်ကြိမ် စိန်ခေါ်ခဲ့သူ မြရုပ်လွှာသည် အအာယ်

ကြောင့် အရှုံးကိုမကြောက်ရသနည်းဟူသော အဖြေကို သိပြီးသားဖြစ်နေ၍ မမေးလိုသော်လည်း အရှုံးအတွက် မရှက်ရခြင်းအကြောင်းကိုတော့ သူမ မေးချင်သည်။

အောင်ပွဲရသူ၏ ဝင့်ကြွားမှုအရသာကို ရှုံးနိမ့်သူ၏ ရှေ့မှာ ခံစားလိုက်ချင်စမ်းသည်။

ပြီးတော့ လွှာရှုံးနေပါပြီဟူသော ဝန်ခံမှုကို မြရုပ်လွှာနှုတ်မှ တစ်ဆင့် သူမ နားစည်များဆီသို့ ဝင်ရောက်စေချင်သေးသည်။

ထို့ကြောင့်ပင် တောင်းပန်ရန်မဟုတ်သော ဦးတည်ချက်ဖြင့် ကျေနပ်မှုအရသာကို သောက်သုံးရန်ဟူသော ဦးတည်မှုဖြင့် သူမ ခြေလှမ်းတွေက ဆေးတက္ကသိုလ်ဝင်းထဲသို့ ရောက်ရှိလာနေခဲ့ပြီဖြစ်သည်။

ထင်ပေါ်ကျော်ကြားလှသော အလှဂုဏ်သတင်းရှိသူ မြရုပ်လွှာ ပင်ပန်းခဲယဉ်းစွာ ရှာဖွေရန် မလိုအပ်။ သူမနဲ့ မြရုပ်လွှာရဲ့ ဆွေးနွေးပွဲကို ကျောင်းဝင်းထဲရှိ လှူရှင်းသောအပင်တစ်ပင်အောက်တွင် ပြောရန် ရွေးချယ်လိုက်သည်။

သူမဆီ လှမ်းလာသော မြရုပ်လွှာခြေလှမ်းများတိုင်းမှာ အဆိပ်ရည်ဆမ်းထားသကဲ့သို့ ထက်ရှတည့်မှတ်လွန်းနေသည်။ ချောင်ကျသွားသော ကိုယ်ကာယကတော့ လွှာ့ရဲ့ စိတ်ဝေဒနာကို လှစ်ပြလျက်။

စွဲမက်မက် အပြုံးတစ်ပွင့်အောက်မှာ ပျားရည်မြစ်မဟုတ်သော





အတ္တပင်လယ်ကြီးက ကျယ်ပြောနက်ရှိုင်းလို့။

အင်းလေ…ဘာထူးလို့လဲ။

သူမရော မြရုပ်လွှာရော အတ္တကွင်းပြင်ရင်ခွင်ထဲမှာ ဆော့မြူးကစားနေသူများပင်…

ကဲ…မရှုံးစတမ်း ဝန်ခံကြစို့ရဲ့။

မင်းရော တို့ရော ညီသစ်ဆင်းကို ချစ်နေကြတာပါလို့။

❀❀❀

"ကိုက လွှတ်လိုက်တာလား"

သူမနဲ့ ဆန့်ကျင်ဘက် ခုတ်ခုံပိုင်းလေးပေါ် ထိုင်ချရင်း ပြောလိုက်သည်။ သူမရဲ့ မျက်နှာမူရာတည့်တည့်မှာ အဆောက်အဦ တစ်ခုရှိနေပြီး မြရုပ်လွှာရဲ့ ရှေ့မှာတော့ ခပ်အုံ့အုံ့သစ်ပင်များ ရှိနေ သည်။ စိမ်းစိုသောပတ်ဝန်းကျင်အရသာကို ခံစားချင်စိတ် ကင်းမဲ့စွာ ဖြင့် မြရုပ်လွှာနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"မဟုတ်ဘူးကွ၊ တို့သဘောနဲ့ တို့လာတာ၊ ကြိုတင် ဖုန်း ဆက်မချိန်းတာက လွှာနဲ့ လွဲမှာစိုးလို့"

"ဟင်း ဟင်း ဟင်း၊ ဘာလဲ ချိန်းထားရင် ကျွန်မက ရှောင်နေမှာစိုးလို့လား"





နီစွေးသော နှုတ်ခမ်းသားနှစ်ခုက ထိကပ်လွန်းမက ဖိထား ရသဖြင့် အရစ်ကြောင်းများ မမြင်ရအောင် တင်းရင်းဖိပြားနေသည်။

ခန့်ခြင်း၏ တစိုးတစအဖြစ် လွှာ့မျက်နှာက မထိမဲ့မြင်နိုင် လျက်---

"မသိနိုင်ဘူးလေ၊ လူတွေက အနိုင်ကိုပဲလိုလားကြတာ၊ အရှုံးနဲ့ သရေဆိုရင် သိပ်ကြောက်တတ်ကြတော့ လွှာလည်း အရှုံး အတွက် ရှက်ရွံ့ကြောက်ခွဲနေမလားလို့"

မျက်လုံးစွေ့ပြီး လွှာ့မျက်နှာကို လှမ်းကြည့်စဉ် ဖြူလွှသော မျက်နှာက ချက်ချင်းသွေးရောင်လွှမ်းလာသည်ကို တွေ့ရသည်။

စူးရှထက်မြက်သောအကြည့်တစ်စုံကို သူမဆီ အမြန်ပို့လွှတ် ပြီး စကားရထားဖြင့် အရှိန်ရှူးရှူး ဝင်တိုက်လေသည်။

"ပွဲမှ မပြီးသေးတာ၊ ဘယ်သူအရှုံး ဘယ်သူအနိုင်လဲဆိုတာ မပေါ်သေးဘူးလေ၊ ကိုက ကျွန်မတစ်ယောက်ထဲကိုပဲ လက်ထပ်ရမှာ"

သနားလွန်းလေစွ။

ယောက်ျားတစ်ယောက်ဆီက အချစ်ဆိုတာကို မရရှိဘဲနှင့် လက်ထပ်ရဲသော အကြင်သတို့သမီးငယ်ကို သူမ ဘယ်လို သနားရမှာ ပါလိမ့်။

"ညီသစ်က လွှာ့ကိုချစ်တယ်လို့ ပြောပြီးသွားပြီလား"

"နှစ်နှစ်လောက် ရင်းနှီးခဲ့တဲ့ကာလအတွင်းမှာ ကျွန်မကို့ကို

ဘယ်လိုနည်းနဲ့မှ ဆွဲဆောင်ပြီး အချစ်ကို မမျှော်လင့်ခဲ့ဘူး၊ ရိုးသား စစ်မှန်တဲ့ ကိုရဲ့အချစ်ကိုသာ မျှော်လင့်ခဲ့တော့…"

လွှာ့အသံက တိမ်ဝင်တိုးပြတ်ခြင်းမရှိဘဲ ရပ်နေတာမို့…

"ညီသစ်ရဲ့အချစ်ကို မရခဲ့ဘူးပေါ့"

ဝင်ထောက်လိုက်သော သူမရဲ့ စကားအဆုံး လွှာက ကြေကွဲစွာ ပြုံးသည်။

"ကိုက နီးလွန်းတော့ မမြင်တာထင်ရဲ့၊ လိုတာရနေတဲ့ ကလေးဟာ တစ်ခါတလေကျတော့ ဖြည့်ဆည်းပေးမှုတွေကို ငြီးငွေ့ လာတတ်ကြတယ်၊ ကိုလည်း ဒီလိုထင်ရဲ့၊ ချစ်နွယ်တို့ဘက်ကရော ဘယ်လိုစီစဉ်ထားသလဲ"

ရိုးသားစွာ လွှာ သူမဆီက စကားနှိုက်ခြင်းလေ၊ သိချင်စိတ် ဖြင့် မေးခြင်းလေ၊ သူမ မဆန်းစစ်နိုင်၊ သေချာတာကတော့…

"တို့တွေ ရှေ့တိုးဖို့လမ်းကိုပဲ နှစ်ဦးစလုံး တွေးထားတယ်"

"အင်း…နှစ်ဖက်စလုံး ရှေ့တိုးရင် တိုက်ကုန်ကြမှာပေါ့၊ အရှိန်ပြင်းတဲ့သူက ပိုနာမှာပေါ့"

လွှာက သွယ်ဝိုက်စွာ အခြေအနေတွေကို တင်ပြနေသည်။ နောက်မဆုတ်မယ့် လွှာ့ခြေလှမ်းများအတွက် သူမကော ဘာတတ် နိုင်မှာလဲ။

နှစ်ဦးစလုံး တိတ်ဆိတ်သွားစဉ် အရိပ်ယူထားသော သစ်ပင်





ထက်မှ သစ်ရွက်ကြွေများက လေအဝှေ့တွင် ရွှေမြောလျှောစီးလျက် တဖြတ်ဖြတ်မြည်နေသည်။

စိုစွတ်ထိုင်းမှိုင်းသော ရာသီမျိုးမဟုတ်ဘဲ သူမတို့ နှစ်ယောက် စလုံးရဲ့ ရင်ထဲမှာ ထိုင်းမှိုင်းဝေသီလျက်…

အတွေးခိုးတွေ ပိတ်ဆို့နေသောလမ်းကို သူမတို့ နှစ်ယောက် စလုံး ကိုယ်တိုင်ရွေးချယ်ခဲ့ကြတာပဲ။

"ဒါပေမယ့် ပထမအဆင့် တို့ နိုင်နေပြီလေ၊ ညီသစ်က တို့ကို ချစ်တယ်တဲ့"

ချစ်တယ်ဟူသော စကားစုကို တိုးဖွဖွရွတ်၍ လေးနက်စွာ ဖွင့်ပြောလိုက်သည်။

"အချစ်ဆိုတာ တစ်ခါတစ်ခါ သိမ်မွေ့လေးနက်သလို တစ်ခါတစ်ခါ ဆူပွက်လောင်နေတတ်တဲ့ အရာပဲ၊ ဘယ်လိုအမျိုးအစား မျိုးနဲ့ ချစ်သလဲဆိုတာကို ကိုယ့်ဘာသာကိုယ် စဉ်းစားပေါ့"

ပညာတက်ပီသစွာ လွှာ့စကားလုံးတိုင်းက ယိုင်လဲမှုမရှိ အလဲ ထိုးရန် ထားခဲ့သော သူမ စကားလုံးကို ရိုက်ချိုးဖျက်ဆီးလျက်…

"ပြီးတော့ တို့ကို လက်ထပ်မယ်တဲ့"

လွှာ့မျက်နှာကို စေ့စေ့ကြည့်ပြီး အားပါးတရ ပြောလိုက်စဉ်…

"ဒါ…ချစ်သူတိုင်း ထားကြတဲ့ ရည်ရွယ်ချက်ပဲ ဆန်းတာ လိုက်လို့၊ အဲဒီသတ္တိတွေကို နတ်ဆိုးတစ်ကောင်က မရိုက်ချိုး မဖျက်ဆီး

နိုင်ဘူးလို့ ပြောနိုင်သလား"

"သွားစမ်းပါ လွှာရာ၊ မင်းဘာဖြစ်လို့ ရှုံးတယ်လို့ ဝန်မခံချင်ရတာလဲ"

လွှာ့ရဲ့ မထုံတက်တေး အမူအရာကြောင့် သူမ စိတ်တိုပြီး အသံရှိန်မြှင့်၍ အော်လိုက်မိသည်။

"အလုခံရတဲ့ပစ္စည်းအတွက် ပိုင်ရှင်က ရှုံးတာလား၊ လုသူက ရှုံးတာလား၊ အမှန်တရားအတွက် အနိုင်က ပိုင်ရှင်ဆီမှာပဲ ရှိတယ်"

လွှာက ယခုအချိန်ထိ စကားကို ဝေ့လည်ကြောင်ပတ်နိုင်စွာ အနိုင်ယူဆဲပင်။

"တို့ လုခဲ့တာ မင်းရဲ့နှလုံးသားတစ်ခုထဲကိုပါ လွှာရယ်၊ မင်းလုယူခဲ့တာက တို့ဆီက အများကြီး တကယ့်အများကြီး"

သူမစကားကြောင့် လွှာက အံ့သြစွာ နားမလည်နိုင်စွာ သူမကို ကြည့်နေသည်။

"ပြန်ပြောစမ်း မချစ်နှယ်၊ ပြန်ပြောပါဦး၊ ရှင်နဲ့ ကျွန်မ ဘယ်တုန်းကမှ ဘာကိစ္စအတွက် မသိခဲ့ကြပါဘူး"

ဆောလျင်စွာ လွှာမေးလိုက်စဉ် သူမရဲ့ ပေါက်ကွဲမှုအတွက် နောင်တရသွားသည်။

ထိန်းချုပ်ထားဦး ချစ်နှယ်၊ ဒီအချိန်မှာ ငှက်တစ်ကောင်ပဲ မင်းရလိမ့်ဦးမယ်။





ငှက်နှစ်ကောင်အတွက် မင်းရဲ့ခံစားမှုသိပ်မှုတွေကို ရင်းထား စမ်းပါဦး...

"ခေတ်ရီး မြရုပ်လွှာ၊ တို့ လောဘကြီးသွားတယ်၊ နှုတ်မှာ မင်းဒါတွေ သိဦးမှာမဟုတ်သလို နောင်လည်း သိချင်မှ သိပါမယ်"

နားမလည်မှု မျက်လုံးရွဲများဖြင့် သူမကို ကြည့်နေသော လွှာ့ကို မြန်ဖြေရှင်းအပြီး...

"ဘာပဲဖြစ်ဖြစ် မင်းစော်ကားခဲ့တဲ့ စကားတွေအတွက် တစ်အချက်ဖြစ်တဲ့ ညီသစ်ရဲ့အချစ် တို့ရပြီ၊ နှစ်အချက်ဖြစ်တဲ့ ညီသစ်ကို ထာဝစဉ်ပိုင်ဆိုင်ရေးကတော့ နည်းနည်းအချိန်ယူရဦးမှာမို့ အနိုင်ကို တစ်ဝက်နဲ့ပဲ ရပ်ထားကြစို့၊ တို့ဘက်ကလည်း နောက်မဆုတ်ဘူးဆိုတာ သိရအောင်ရယ်၊ မင်းရှုံးနေပြီဆိုတာကို အသိပေးရအောင်ရယ် ဒီ ရည်ရွယ်ချက်တွေနဲ့ လာခဲ့တာ...အိုကေ...ဒါဆို တို့ပြန်တော့မယ်"

လက်နှစ်ဖက်ပိုက်ထားသော လွှာက မတုန်လှုပ်စွာဖြင့် သူမရဲ့ လှုပ်ရှားမှုမှန်သမျှကို ကြည့်နေသည်။ သူမရဲ့ ပေါက်ကွဲထွက်ခဲ့သော စကားအတွက် ဒွိဟစိတ်များကိုလည်း လွှာမျက်နှာပေါ်တွင် မမြင်ရတော့...။

တူညီသော ရည်ရွယ်ချက်ဖြင့် မျဉ်းတစ်ကြောင့်တည်း သွားနေသော်လည်း သူမတို့နှစ်ယောက် ဆုံကြမည်မဟုတ်...။

အဘယ့်ကြောင့်ဆိုသော် လွှာရော သူမရော မျဉ်းပြိုင်များ

ဖြစ်နေသောကြောင့်ပင်။

အနိုင်အတွက် နိုင်လိုမှုကို သူမက ရယူချင်နေသလို လွှာက လည်း အရှုံးအတွက် ဝန်မခံလိုမှုတွေဖြင့် ရပ်တည်နေသေးသည်။

❀❀❀

သူမနဲ့ ညီသစ်ဆင်းရဲ့ ချစ်ခြင်းသည် သိမ်မွေ့နက်နဲသော ချစ်ခြင်းမျိုးမဟုတ်။ လျှို့ဝှက်သိပ်သည်း သန့်စင်သော ချစ်ခြင်းမျိုးဟု ပင် သတ်မှတ်ချင်သည်။

သူမရဲ့ ဖိတ်ခေါ်မှုကို လက်ခံရရှိမှ သူမဆီလာတတ်သော ညီသစ်ဆင်းသည် သွေးဆူပေါက်ကွဲလွယ်သော စရိုက်များကို သူမ အခန်းဝတွင် စုပုံချပစ်ခဲ့ပြီးမှ လာတတ်သူဖြစ်သည်။

စူးရှနစ်မွန်းသော အနမ်းများကို ပေးတတ်သူမဟုတ်ဘဲ သိမ်မွေ့နူးညံ့စွာ သူမလက်ဖဝါးကို နမ်းရှိုက်၍ (ဒီထက်ပို အသည်း ယားလာပါက လက်ချောင်းလေးများကို ငုံကိုက်တတ်သူ ဖြစ်လေ သည်။)

သူမရဲ့ အေးစက်စက်နိုင်မှုများကို ဖြိုခွင်းနိုင်စွမ်းမရှိသူ ပီသစွာ သူမအား အမြဲတမ်းသံသယတွေဖြင့် ချစ်နေတတ်သူလည်း ဖြစ်သည်။

တဖွဖွချစ်ပါတယ်ဟူသောစကားကို သူမကိုယ်တိုင်လည်း ပြောရန် လိုလားသူမဟုတ်ပေ။

"ခဏခဏ ချစ်တယ်ပြောရင် အဲဒီအချစ်ကြီးဟာ ပေါ့သွားမလားလို့"

သူမ၏ ထင်မြင်ပေးချက်အဆုံး သူက မျက်ခုံးနှစ်ခုရှုံ့တွခေါက်ချိုးလို့...

နေ့စဥ်ပေးဆက်ထားသော ပန်းခြောက်ပွင့်လေးများကိုရေပြီး ချစ်ရက်သက်တမ်း တွက်ကြတာကိုတော့ သူရော သူမရော နှစ်ခြိုက်ခုံမင်တတ်ကြသည်။

စက္ကူဗူးကြီးထဲသို့ ပန်းပွင့်ခြောက်များကို ဖွဖွမကာက်ကာ ရှုရှုရေထည့်ရသော ရက်များကြာညောင်းလာလေလေ သူမရဲ့ ရည်ရွယ်ချက်က ပို၍ နိုင်မာလေလေဖြစ်သည်။

ပြီးဆုံးခါနီး ပြဇာတ်တစ်ပုဒ်ကို ကနေရသော ဇာတ်ကောင်တစ်ကောင်အဖြစ် သွက်လက်မြူးကြွနေသင့်သော်လည်း သူမကတော့ ဖြင့် ဇာတ်သိမ်းမသိသော သူမဇာတ်အတွက် ရင်လေးမောလျှစွာ.....

"မေမေကတော့ ကိုယ့်ကို ယူတီပြတ်ပြောလိုက်ပြီ"

ပန်းပွင့်လေးများကိုထည့်ပြီး ဗူးအပိတ်တွင် ညီသစ်ဆင်းက





လှမ်းပြောလိုက်သည်။

"ဘာလဲ လုံးဝသဘောမတူဖူးလို့လား"

ခနဲ့ပြုံးဖြင့် သူမက ပြန်မေးစဥ် ညီသစ်ဆင်းက သနားကြင်နာဖွယ် သူမခေါင်းကို ခပ်ဖွဖွပုတ်ပြီး...

"ဒါပဲပေါ့ နွယ်ရယ်၊ မထူးပါဘူး ကိုတို့နှစ်ယောက်စလုံးအတွက် ဒီအဖြေက မျှော်လင့်ပြီးသားဘဲ၊ တုန်လှုပ်စရာ မလိုပါဘူး"

သူနဲ့ သူမရဲ့ သဘောတူညီချက်ဖြင့် သူမကိုသူက "နွယ်"ဟု ချစ်စဖွယ်ခေါ်တတ်သည်။

"တို့ မတုန်လှုပ်ပါဘူးကွာ၊ အဖြေကို တိတိပပသိရပြီဆိုတော့ ညီသစ် ဘာဆက်လုပ်မလဲ"

"ကိုတို့ ရုံးတက်လက်မှတ်ထိုးကြမှာပေါ့၊ နွယ် အဆင်ပြေနှစ်သက်တဲ့ ရက်တစ်ရက်မှာပေါ့"

"အိုး ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် နှစ်ယောက်တစ်ဘဝဖြစ်ရေးမှာ ဒီလောက်လွယ်လွယ်ကူကူနဲ့ အရာရာကို စွန့်လွှတ်ရတော့မှာလား"

သူမစကားကြောင့် သူက မျက်မှောင်ကျုံ့၍...

"နွယ် ဒီကိစ္စမှာ သွေးအေးအေးနဲ့ ဆုံးဖြတ်ရင် အမှားပဲတွေ့ရလိမ့်မယ်၊ ကိုတို့အမြန်ဆုံး လက်ထပ်ကြရအောင် လွှာကလည်း ရှိသေးတယ်"

သူ့ဘက်က သွက်လက်တက်ကြွနေသည့်အတွက် သူမ ဝမ်းသာကြည်နူးရပါသည်။

သို့သော် သူမက လွယ်လွယ်အေးအေးနှင့် ဇာတ်သိမ်းကို လိုချင်သူ မဟုတ်ပေ။

"တို့ကို ညီသစ်မေမေဘက်က သဘောမတူတဲ့ အဓိက အချက်က"

မျက်လုံးဝင့်၍ မေးလိုက်စဉ် သူမလက်ကို ဖွဖွဆုပ်ကိုင်အား ပေး၍ တိုးငြင်းငြင်း ဖြေရှာသည်။

"နွယ်ရဲ့ မိဘအသိုင်းအဝိုင်း ဂုဏ်ပကာသန ကင်းမဲ့မှုကြောင့် ပေါ့"

သူစကားအဆုံး သူမလက်ကို ညင်သာစွာ ပြန်ရုတ်ပြီး…

"နေပါဦး တို့မိဘတွေဟာ ဘယ်သူ့ဘယ်ဝါတွေမို့လို့ ဘာကြောင့် သဘောမတူဖို့ အလျှင်စလို ဆုံးဖြတ်တာပါလိမ့်"

သူမစကားကို သူက မဖြေတတ်စွာ၊ စိတ်မကောင်းစွာ ကြည့်နေသည်။

"လူတိုင်းမှာ အနိုင်ရဖို့ ဖဲချပ်တစ်ခုတော့ ဆောင်ထားသင့်တယ် ညီသစ်၊ တို့မှာလည်း ဖဲချပ်တစ်ချပ်တော့ ရှိပါတယ်"

"ကို နားမလည်ဘူး နွယ်ရယ်"

နားမလည်နိုင်ရှာသောသူ့မျက်နှာက ချစ်ခြင်းမှလွဲ၍မည်သည့်





အရာကိုမျှ ဆုပ်ကိုင်နိုင်ခြင်း ကင်းမဲ့စွာ နူးညံ့အပြစ်ကင်းလျက်…

"တို့ရဲ့ မေမေလေ၊ တို့မှာ ညီသစ် အမြဲသဘောတူနိုင်မယ့် မိခင်တစ်ယောက်ရဲ့ သမီးအရင်းတစ်ယောက်ပါ၊ တစ်ကြောင်းကြွက် ဆိုတဲ့ သတ်မှတ်ချက်ကတော့ ခေါက်ရိုးကျိုးနေတဲ့ ဗဟိုဝန်းကျင်ပုံစံ ခွက်ထဲက ဖော်မြူလာတစ်ခုပဲ။ တို့မေမေကို ဒါတွေပြောပြပြီး အကူ အညီတောင်းကြည့်မှာပေါ့"

တကယ်တော့ ဒီစကားကို သူမ အတော်ကို ကြိုးစားအားယူ ၍ ပြောရခြင်းဖြစ်သည်။ မိခင်တစ်ယောက်ရဲ့မေတ္တာကို ရက်ရက် စက်စက် ဖွင့်ထုတ်ပြနိုင်ဖို့ သတ္တိကို ခက်ခဲစွာ မွေးယူခဲ့ရတာ။

အလုခံခဲ့ရတဲ့ မေတ္တာအတွက် အလျော်တောင်းရက်တဲ့ သမီး တစ်ယောက်အဖြစ် ထပ်ပြီး အပြစ်တင်ရှုတ်ချကြဲ့ရဲ့ဦးမလား မေမေ..။

ပေးလိုက်မိခဲ့တဲ့ နှလုံးသားကို ဒီနည်းနဲ့ ပြန်တွေ့ဖို့ သူမ မကြိုးစားချင်သော်လည်း မေမေ့ရဲ့ဆက်ဆံမှုက ဒီနည်းကိုပဲ ရွေးချယ်ခွင့်ပေးခဲ့တာကိုး..။

"နွယ် ပြောနေတာတွေက တကယ်ပဲလား"

မယုံကြည်နိုင်သေးသော ချစ်သူက မေးလာစဉ် နူးညံ့ သင်သာစွာ ပြုံးလျက် သူမ သေချာစွာ ခေါင်းညိတ်ပြလိုက်သည်။

"တို့မှာ တကယ်ကို မေမေတစ်ယောက် ရှိပါတယ်"

အဲဒီမေမေဟာ နူးညံ့သိမ်မွေ့သော မေမေလား၊

အေးစက်ရဲရင့်သော မေမေလား၊

ပွင့်လင်းကြင်နာသော မေမေလား...

ဆိုတာ မကြာခင် သိရတော့မှာကွဲ့။

ဒါပေမယ့် အဲဒီအဖြေတွေ ရဖို့အတွက် သူမ သူ့ကို စမ်းသပ်ချစ်ခဲ့တာ မဟုတ်ဘူး...။

တကယ့်ကို လွဲမှားစွာ၊ သူက သားကောင်တစ်ယောက် သဖွယ် သူမရင်ထဲ တိုးဝှေ့ခဲ့တာပါ။

သူ့ကို မြှားတစ်စင်းအဖြစ် အသုံးပြုခဲ့တာဟာ ချစ်ခြင်းရဲ့ ရက်စက်ခြင်းလို့ သတ်မှတ်ခဲ့ရင်လည်း သူမကြေကွဲနာကြင်စွာ ရယ်မောနေဦးမှာပါ။

မိခင်တစ်ယောက်ရဲ့ မေတ္တာထုထည်ကို တိုင်းတာဖို့ မောက်မာအေးစက်သော ဤဘဝရဲ့အသည်းနှလုံးကို ချိန်ရွယ်ပြီး ချစ်သူရဲ့ မြှားတံနဲ့ ပစ်လွှတ်တာတ်သော မိန်းမကို သူမပဲပေါ့ တိုးတိတ်တိတ် သတ်မှတ်လိုက်ကြပါတော့...။

ဒါပေမယ့်..သူမ..ချစ်တတ်ပါသည်။

❀❀❀



ဤမျှခမ်းနားသည့်ဝါလှသော အဆောက်အဦးကြီးထို ဇော်မြတ်လေးငုံက ပိုင်ဆိုင်သတဲ့။

သေတွဲရယ်..ဟော်တယ်ရယ်၊ ကုန်တိုက်ရယ်၊ တစ်တန်းစီ ဖွင့်ထားသဖြင့် လူစည်ကားရှုတ်ထွေးနေသည်။

ဟင်း..သူမရဲ့ မောင်ဝိတ်မှန်းကျပ်လှတဲ့ စီးခြစ်သောကျွန်ုပ် တိုက်ခန်းလေးနဲ့တော့ ကွာပါ့...။

ကုန်တိုက်လှေကားထစ်များပေါ် နင်းပြတ်ရင်း သူမစိုးခင်နဲ့ တွေ့ရှိ ရှင့်ရှိလှိုက်မောနေမြိန်သည်။

သူမကို တွေ့တွေ့ခြင်း နှုတ်ဆွေးလှိုက်လှဲစွာပဲ ကြိုမလား...၊

ချုပ်ခြံခပ်သောမျက်နှာ ပေ့ပျက်မလား...၊

အေးစက်မာကြောစွာနှင့် သူမကို ဆီးကြိုမလား...၊

အင်း..ကြိုတင်ရင်တုန်လိုက်ပါဘိတော့။

သူမကရော မိခင်ကို ဘယ်လိုနည်းနဲ့ တွေ့ဆုံဖို့လာခဲ့တာလဲ။

နွေးထွေးမှုကို ရယူဖို့ သတင်းကောင်းကို သယ်ဆောင်လာသူ ဖြစ်နေလို့လား…။

ရုတ်တရက် သူမရဲ့ ရလာဒ်ကို တွေးမိစဉ် ရင်က တောင့်တင်းစွာ လှုပ်ရှားမှု ခေတ္တငြိမ်သက်သွားသလိုပင်။

သမီးတစ်ယောက်ရဲ့ ရလိုမှုတွေကို နားလည်ပေးနိုင်မယ့် မိခင်ပီသစွာ မေမေက လိုက်လျောနိုင်မှာတဲ့လား။

[illegible] ဒါဟာ သမီးတစ်ယောက်ရဲ့ [illegible] ဆိုမှုလား၊ ကောက်ကျစ်စဉ်းလဲစွာ လုပ်ကြံမှု [illegible] မမေ့ခွဲခြားနိုင်[illegible] [illegible]

ဒါဆိုရင် [illegible] အက်ကွဲနေသော နှုတ်ခမ်းများကို လျှာဖြင့်သပ်ပြီး [illegible] [illegible]

"ကုန်တိုက်ရဲ့ အပေါ်[illegible] [illegible]

ဝံ့စမ်းခွဲပုံ[illegible] မိခင်ရဲ့ ရုံးခန်း[illegible]





ခေတ်မီပစ္စည်းမျိုးစုံကို ခင်းကျင်းရောင်းချနေသော မြတ်လေးငုံအမည်ရှိ ကုန်တိုက်ကို Blue Sky ကုန်တိုက်ရှိ မန်နေဂျာ အမျိုးသမီး တစ်ဦး လာရောက်နေမှန်း မည်သူမျှ သိမည်မဟုတ်။

"တစ်ပတ်အတွင်း နှယ်ဘက်က ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားနော်"

ချစ်သူရဲ့စိုးရိမ်မကင်းအသံကို ကြားရပြန်တော့ စက်လှေကား လက်တန်းကို ကိုင်ထားသော သူမလက်တွေ စေးကပ်သွားရပြန်သည်။

အို..ဘာဖြစ်လို့ သူမ သတ္တိကြောင်နေရတာပါလိမ့်။ ယခု သူမ သွားနေတာ မိခင်ဆီ၊ ရည်ရွယ်ချက်က ချစ်သူနဲ့ ပေါင်းသင်းဖို့ စမ်းသပ်မှုဆိုတာကို[illegible] သူမ ထိမ်ဂုက်ထားဖို့ [illegible]ပြီးသားပဲ…။

[illegible] မှန်လုံ[illegible]ခန်းလေး ရှေ့သို့ သူမ ရောက်လာသည်။ [illegible]

[illegible]များကို [illegible] သန့်ရှင်း သပ်ရပ်စွာ ထားထားပြီး ထိုခန်းမ၏ ရှေ့တည့်တည့်[illegible] သူမ [illegible]

[illegible] စေးကပ်နေသောလက်ဖြင့် [illegible] လိုက်စဉ် တံခါးဖွင့်သံကြောင့်မော့ကြည့်သော အကြည့်တစ်စုံကို သူမရဲ့ [illegible] ရင်ဆိုင်တွေ့လိုက်သည်။ [illegible]

"ချစ်နှယ်ပါလား၊ လာလေ ကိစ္စရှိလို့လား"

ကိစ္စရှိမှ လာရမှာလားဆိုတဲ့ မေးခွန်းမျိုးမေးရန် သူမ၌ စိတ်ကူးမရှိသေးတာမို့ ခေါင်းညိတ်ပြီး ရပ်နေလိုက်သည်။

"ထိုင်လေ ခဏလေးနော်၊ ဒီစာရင်းလေးတွေစစ်ပြီးလက်မှတ် ထိုးပေးလိုက်ဦးမယ်"

ခွဲနေရတာ ကြာပြီဖြစ်တဲ့ သမီးတစ်ယောက်နဲ့ မိခင် တစ်ယောက်ရဲ့ တွေ့ဆုံမှုက ဒီလောက်အေးစက်နေတာ တရားပါ တယ်လေ။

အရောင်ပြေးဖျော့ဖျော့ပါတဲ့ မျက်မှန်ကိုင်းလှလှလေးက မေမေရဲ့မျက်နှာကို နုပျိုမှုအရောင် ထင်ဟပ်စေသည်။





ခရမ်းပေါ်တွင် အဝါရောင်ပုလဲလုံး ရင်ဖုံးလက်ရှည်ဝမ်းစက်က တင်းရင်းသောခန္ဓာကိုယ်နှင့် လိုက်ဖက်စွာ တင့်တယ်လျက်...

"အချိန်ရတယ်မဟုတ်လား၊ ဒီလိုလကုန်ရက်မျိုးဆို နဲနဲ အလုပ်ရှုပ်တတ်တယ် ချစ်နှယ်ရယ်"

သူမလာရင်းကိစ္စအတွက် မေမေဘယ်တော့များမှ အချိန်ပေး မှာပါလိမ့်။

အေးစက်သောလေကို ကျင့်သားရစွာ နှာရိုဝက်ကျော်ကျော်မျှ ရင်ဆိုင်ရပြီးနောက်...

"ကဲ..ဆို..လာရင်းကိစ္စက"

မေမေ သိပ်ကိုအေးစက်မာကျောစွာ ဆက်ဆံရမယ့် သမီး အဖြစ် သူမကို ကံဆိုးစွာ မွေးဖွားခဲ့တာလား...။

ရဲရင့်စူးရဲသော နှုတ်ခမ်းက သိမ်မွိန်သောအတွေးများကို လွှင့်ပစ်လိုက်ပြီး...

"ကျွန်မ ဒီမှာ မေမေလို့ ခေါ်သုံးခွင့်ရှိသလား မသိဘူး"

သူမစကားကြောင့် လှပသောအပြုံးလေး မဟုတ်တဟုတ်ဖြစ်သွားပြီး နဖူးပေါ်မှ သိပ်မထင်သေးသော အရေးအကြောင်းလေး နှစ်ကြောင်းမျှ ထင်ဟပ်သွားသည်။

"ချစ်နှယ် ကြိုက်သလိုသုံးနိုင်တယ်...။ ဒါ မေမေ့ရုံးခန်းပဲ မေမေကလွဲပြီး ဘယ်သူမှ မကြားနိုင်ပါဘူး"

မြေမမဆိုသော် နဘမ်းတားလုံ သူမနားတွဲ ချိုမြမ်း စိမ့်ဆင်း သွားခဲ့လို့ နူးညံ့သောအကြည့်ကို မေမေ့ထံမှာ ပြန်ရှာတွေ့ရသည်။

"သမီးနဲ့ မေမေ့ဆီမှာ အကူအညီတစ်ခုတောင်းစရာရှိလို့"

"ဘာလဲ ငွေလိုလို့လား၊ သမီးလေး သိပ်ကောင်းတယ်လို့ မေမေ့သိထားတယ်နော်၊ မိန်းကလေးတစ်ယောက်အတွက် ဒီလောက် အသုံးမကြီးနဲ့လေ"

ငွေတော့ဟုတ်ပါ မေမေ... သူမလိုနေတာ ငွေပါလို့ ဘာဖြစ်လို့ မေမေ အတပ်ပြောနိုင်ရတာလဲ...။

သူမမှာ တခြားလိုအပ်နေတာတွေ ရှိနိုင်တာကောင်းရဲ့လို့ ဘာဖြစ်လို့ မတွေးမိရတာလဲ

"ငွေမဟုတ်ပါဘူး မေမေ၊ သမီးအိမ်ထောင်ပြုတော့မလို့ပါ"

သူမ စကားကြောင့် မေမေ့မျက်လုံးနှစ်ခု ပြူးကျယ်ဝိုင်းစက်သွားပြီး နှုတ်ခမ်းက အံ့အားသင့်စွာ ဟသွားသည်။

"အိမ်ထောင်ပြုတော့မယ် ဟုတ်လား"

မေမေ စိုးရိမ်စွာ ထုတ်မေးသည်။

"သမီးအသက် (၂၆) နှစ်ကျော်သွားပြီ မေမေ"

"အင်းလေ၊ သမီးငယ် လွှတ်ကိုကောင်း အိမ်ထောင်ချပေးဖို့ စီစဉ်နေပြီဆိုတော့ သမီးကြီးကိုလည်း ဖြစ်ထိုက်ပါတယ်လေ"

စဉ်းစားချင့်ချိန်ဟန်ဖြင့် တွေးဆတွေးဆ ပြောနေသည်။





"ဆိုပါဦး... အဲ့ဒီကိစ္စအတွက် မေမေ ဘာပြင်လို အကူအညီမျိုး ပေးရမလဲ၊ မိခင်တစ်ယောက်မဟုတ်တဲ့နေရာမျိုးကို ဘယ်လိုပံ့ပိုး ပေးရ မလဲ"

ဘုရားရေ... သူမလိုအပ်တာ အဲ့ဒီနေရာတစ်ခုအတွက်ပဲ မေမေရဲ့၊ သတို့သမီးရဲ့ မိခင်နေရာမှာ မေမေ ပုတ်နှစ်ရ အသာချ နေရုံပဲလေ။

ဝမ်းနည်းမှုဖြင့် နှုတ်တွေတုတ်တွေ့ထစ်အနေဆော်လည်း ဦးနှောက် နှင့် မာနတရားတို့က ရေရှယ်တက်မေါင်းစပ်လိုက်

"သမီးရဲ့ချစ်သူကကော ဘာလဲ မိခင်နေရာက ဘယ်မေ့ရှိတာပါလဲ ပါပဲ"

အရဲစွန့်၍ သူမပြောလိုက်စဉ် ယန်းရှင့်ရောင်မျက်နှာက ချက်ချင်း နီရဲစိုတက်သွားသည်။

"ချစ်သူလည်း မေမေ့ကို နားလည်ဖို့ ဘယ်နှစ်ခါ အကြိမ်ကြိမ် ထပ်ပြောရမလဲကွယ်"

စကားပြောသံကို စူးအောင့်အောင့် နောပြောလိုက်တာမို့ အသံက မာဆတ်ဆတ်နှင့် နားစည်ကို မြစ်ပွဲလောရိုက်ခတ်သည်။

"သမီးချစ်သူ တကယ်ဆ သဘောတူအောင် သမီးပါ မေမေ့ သမီးပါလို့ ဝန်ခံပေးရဲ့သာတော်သကော်ပါ"

စူးရဲသောမေမေ့အကြည့်ကို စေ့စေ့ရင်ဆိုင်လျက် စကားများ

ကို တစ်လုံးချင်းဖြေလိုက်သည်။

"ညည်း ဒီလောက် ယောကျ်ားရှားရသလား..ချစ်နွယ်၊ ယောကျ်ားလေးဘက်က သဘောမတူတဲ့အခြေအနေမျိုးကို ဘာဖြစ်လို့ အရှက်မဲ့စွာ ရှေ့တိုးချင်ရတာလဲ"

သူမကို နှလုံးသားနဲ့ မိန်းမတစ်ယောက်အဖြစ် မမြင်မိတော့ဘူးလား...။

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တိတ်တဆိတ် နီးယှဉ်ပေါင်းသင်းခြင်းကို ဒီနည်းနဲ့ပဲ ဖြေရှင်းဖို့ရှိတယ်လေ၊ သမီးက မေမေ့ရဲ့ အစွန့်ပစ်ခံသမီးအဖြစ် ဒီလောက်အခွင့်အရေးတော့ တောင်းသင့်တယ် ထင်လို့ပါ"

"ငါသဘောပေါက်ပြီ..ချစ်နွယ်၊ ညည်းက မိခင်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ လဲလှယ်ပြီး ယောကျ်ားတစ်ယောက်ကို အပိုင်လိုချင်တာကိုး၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ငါက ညည်းမိခင်ဖြစ်နေပြီဆိုတော့ စဉ်းစားပေးရမှာပေါ့"

ရှင့်သီးသော စကားလုံးများနှင့် တန်ဆာဆင်ထားလင့်ကစား ဆိုလိုရင်း အဓိပ္ပာယ်သည် ချိုမြရှုးရှနေသည်။

"ကျေးဇူးတင်ပါတယ် မေမေ၊ သမီးလည်း အထပ်ထပ် စဉ်းစားခဲ့ပြီးပါပြီ၊ ဒီနည်းဟာ အကောင်းဆုံးဖြစ်နေတာမို့ ရွေးချယ်လိုက်ရတာပါ"





ပစ်မှတ်တစ်ခုကို အောင်မြင်စွာ ထိရောက်ပြီးပြီမို့ ဒဏ်ရာ ရမရကို သူမ သိစမ်းချင်လှသည်။

သို့သော် မေမေ့မျက်နှာက အုံ့ညြကြေကွဲမှုမှလွဲ၍ မည်သည့် နာကျည်းမှုမျိုးကိုမျှ မတွေ့ရတာ သေချာနေသည်။

"စဉ်းစားမယ်လေ၊ မနက်ဖြန်ထပ်လာခဲ့ပါ၊ သေသေချာချာ ဆွေးနွေးရအောင် ဒီနေ့တော့ မကြာခင် အစည်းအဝေးတစ်ခု သွားရတော့မှာမို့"

ပွဲသိမ်းဖို့ အချက်ပြပြီမို့ သရေပွဲဖြင့်ပင် ရပ်နားလိုက်ရပေတော့မည်။

နာရီကြည့်ပြီး ဖိုင်တစ်ချို့ကို လှန်လှောကောက်ယူနေသော သူမရဲ့မေမေကို ကျေနပ်စွာလှမ်းကြည့်ပြီး...

"ဒါဆို သမီးကို ခွင့်ပြုပါဦး"

"ကောင်းပြီ၊ အော်..ချစ်နွယ်..နေဦး"

မှန်တံခါးတွန်းဖွင့်၍ ကိုယ်တစ်ပိုင်းအပြင်လှမ်းနေပြီဖြစ်သော သူမကို ပြန်လှမ်းခေါ်နေတာမို့ ပြန်လှည့်ကြည့်လိုက်စဉ်...

"ကောင်လေးရဲ့ နာမည်နဲ့ အလုပ်အကိုင်က"

အိုး...သိပ်ကိုလှပသွားပြီ။

ဒီအချက်ကို သူမ သိပ်ပြောချင်နေတာကို လောကကြီးက သိသာစွာ မျက်နှာလိုက်ခြင်းပေလော။

အစဉ်မပြတ်ပြင်းပြင်းရအောင် သူမ မရှုညှိုးယ်ပါတော့မေမေ၊ ဒါပေ မယ့် မေမေ နာသွားကောင်း နာသွားနိုင်ပါတယ်။

သူ့အမည်ကား

“Sakura ရေမွှေးတီကာ မနက်နေချင်းခါရိုက်တာနဲ့ ညှိုးသစ် ဆင်းတဲ့”

ဒါဆို သူမအတွက် လုံလောက်သွားပြီ…

မှန်တံခါးကို အသာနောက်ပြန်ပိတ်ပြီး ထွက်လာခဲ့ချိန်တွင်တော့ ဖိုင်တစ်ချို့ လွှတ်ကျသွားသံကို ပီပီသသကြားလိုက်ရသည်။

ချက်ချင်းပြောင်းလဲသွားမယ့် မေမေ့မျက်နှာကို မမြင်ရသဖြင့် လွတ်လပ်စွာ အားပါးတရ သူမ ပြုံးလိုက်သည်။

ကဲ..မေမေ..ဘယ်လိုစဉ်းစားမလဲဆိုတာ သူမ သိလိုက်စမ်း ချင်တော့…။

အပြစ်ပယ်ချခံသူ့မီးအတွက် ဂုဏ်သိက္ခာကို ရင်းနှီးပေးမလား၊ ပြည့်စုံကြွယ်ဝတဲ့သမီးအတွက် သူမ၏အသည်းနှလုံးကို ဖော်အောင်းမလား တစ်ခုခုပေါ့။

အဲဒီတစ်ခုခုက သူမ ရွေးချယ်ခံရမယ့် တစ်ခုခုမဖြစ်ဖို့တော့ အရေးကြီးနေသည်။

မနက်ဖြန်၊ မနက်ဖြန်ဆိုတာ သူမအတွက် တာရှည်ညောင်းဦး တော့မှာလဲ…။





သို့သော် သူမ ကြာညောင်းစွာ မစောင့်လိုက်ရပေ။

သူမမိခင် ကတိပေးထားသော မနက်ဖြန်ရောက်အောင်ပင် သူမ ရင်မခုန်လိုက်ရပေ။

သိပ်သည်းစ မှောင်ရိပ်ညှိုမှိုင်းသော ထိုနေ့ညနေခင်းလေး မှာပင် လင်းလက်သော အဖြေတစ်ခုကို အံ့အားသင့်စွာ ရခဲ့လေသည်။

✿✿✿

သူမသည် အမှောင်ကို နှစ်သက်တတ်လွန်းသူဖြစ်သည်။ အမှောင်ထုထဲတွင် မွေးဖွားလာရပြီး အမှောင်ကြားထဲတွင် ကြိမ်မန် များစွာ ငိုကြွေးခဲ့ဖူးသည်။

အမှောင်၏ ပုံသွင်းယူယမှုကို တိတ်ဆိတ်စွာ ဝန်ခံနေခြင်းက သူမအတွက် အရသာတစ်ခုနှယ် ပြည့်ဝနေသလိုပင်။

ယခုလည်း သူမသည် တစ်အိမ်လုံး မီးပိတ်ပြီး ဝရန်တာ ကျဉ်းကျဉ်းမှောင်မှောင်လေးထဲတွင် ဆိတ်ညိမ်စွာထိုင်နေသည်။

အမြဲစိုစွတ်သောလေက ဆံနွယ်ကြားကိုလည်းကောင်း၊ ရင်ခွင်ကြားကိုလည်းကောင်း၊ ခြေထောက်များအောက်ကိုလည်းကောင်း တိုးဝှေ့ကျီစယ်နေသည်ကို ယခင်ကာလများကဲ့သို့ နိုးနိုးစစ်စစ် ရယ်မော





ခံယူရန် သူမ မေ့လျော့နေသည်။

ကြယ်စင်နေသောညကို မော့ကြည့်ပြီး သူမရဲ့အတိတ်ကို လည်းကောင်း၊ ပစ္စုပ္ပန်ကိုလည်းကောင်း၊ အနာဂတ်ကိုလည်းကောင်း ဆန်းစစ်ဝေဖန်နေဖို့ကောင်းသည်။

"ကို . . လာခဲ့ရမလားနှယ်" ဟူသော ညင်သာတိုးဖွသည့် စကားဖြင့် ချစ်သူ နှစ်သိမ့်ရန်ကြိုးစားသည်ကို . . .

"ဟင့်အင်း . . တို့တစ်ယောက်တည်းပဲ နေချင်နေတယ်၊ မင်းကို တမ်းတရင်းပေါ့"

နူးညံ့သော ရယ်သံသဲ့သဲ့ကို ပြန်ကြားယောင်မိစဉ် ကြက်သီး မြမြက ဖွေးခနဲ ရင်ကိုလွှမ်းခြုံသွားသည်။

သူမ ချစ်သူကို ဒီလိုနည်းမျိုးနဲ့ ကြုံတွေ့ချင်မိဖို့ မကောင်းပေ။

တိုးဝင်ရန်ခက်ခဲသောလမ်းကိုမှ သူမက အဖော်တစ်ယောက် ညှိလို့။

သူချစ်မိတာ တရားပေမယ့် သူမ ချစ်မိတာကတော့ သူ့ အတွက် မတရားပေ။

မေမေ . . .

မေမေ ဘယ်လိုဆုံးဖြတ်ရမှာပါလိမ့်။

လွှာရော . . .

လက်လွှတ်ဆုံးရှုံးမယ့်အရာအတွက် အသင့်ရှိနေနိုင်ပါ့မလား။

ဒွိဟတွေးများက စိတ်ကို ထိရောက်စွာ ကျီစယ်နေစဉ်

"အလွင်း ကျွဲလွင် အလိုင်"

ညာဘက် မြည်လေ့မြည်ထမရှိသော Bell သံကြောင့် အံ့သြ

စွာ ခဏငြိမ်နေလိုက်သည်။

"ကလင် ကလင် ကလင်"

ထပ်မြည်လာစဉ် ရေခဲတောင်မှ အော်ဆင်း အဖြင်ကို လှမ်းကြည့်

လိုက်သည်။

"ဟင်...မေမေ"

နွေးလိုဉ်ခေင်းကောင်း မြေလ အတိုင်း သူမ အခန်းရှေ့မှာ

ရပ်နေသည်။

အစေ မြိန်ဖွင့်ပြီး တံခါးဖွင့် မေးလိုက်စဉ်

"ချစ်နှယ်ရယ် မေ့နိုင်လိုက်တာ"

မေမေညည်းသံအဆုံး......

"သမီးက အမှောင်ထဲမှာနေရတာ ပိုကြိုက်လို့ပါ"

မီးခလုတ်ကို လှမ်းနှိပ်ရင်း ပြောလိုက်စဉ် မီးချောင်းမီးများက

ဖျိုးဖျဖျဖြင့် အမှောင်ကို မောင်းထုတ်လိုက်သည်။

ပလစ်စတစ်ခုံပုလေးနှစ်လုံးကို အတူချပြီး မေမေ့အားထိုင်

စေလိုက်သည်။

ကျွန်တစ်လုံးဖြင့် သူမထိုင်လိုက်လျှင် မေမေထက်ရှည်သော





သူမအရပ်က မေမေအား ဆီးမိုးသွားနိုင်တာမို့ ကော်ဇောပြာလေးပေါ်

တွင်သာ ခြေချိတ်ထိုင်လိုက်သည်။

"ဒါ..မေမေဒီအခန်းကို ပထမဦးဆုံးအကြိမ် ရောက်တာနော်

မေမေ့ကို ဧည့်ခံဖို့ ဘာမှလည်းမရှိဘူး၊ လာမယ်ကြိုပြောရင် သမီး

တစ်ခုခုစားစရာ စီစဉ်ထားမှာပေါ့"

"မလိုဘူး ချစ်နှယ်၊ မေမေ စကားပြောဖို့လာတာ၊ လောက

ဝတ် မလိုဘူး"

လက်ကာပြပြီး သူမကို စေ့စေ့စူးကြည့်သည်။

"မေမေ့မှာ မြရပ်လွှာဆိုတာ သမီးတစ်ယောက်ရှိတာကို

ချစ်နှယ်သိပြီးသားနော်"

သိပ်သိတာပေါ့မေမေ၊ သိပ်လှပြီး သိပ်ပြည့်စုံတဲ့ မိန်းခလေး

တစ်ယောက်အဖြစ် လူတိုင်းအားကျရတယ် ဆိုတာကိုရော မေမေထည့်

ပြောဦးမလား...။

"လွှာမွေးနေ့မှာ ညည်းကိုတွေ့ရကတည်းက စိတ်ထဲက

ဘဝင်နေတာ။ ခုတော့ ထင်တဲ့အတိုင်းပဲ၊ ညည်းက ဖအေ့ဆီက သွေးကို

အကုန်ရထားတာကိုး၊ ငါ့ကိုသက်သက် ဒုက္ခပေးဖို့ ရည်ရွယ်တာ၊

သည်းနဲ့ ညည်းအဖေနှစ်ယောက်ပဲ လောကမှာ ရှိလိမ့်မယ်"

ဆူးလုံးကြီး လိမ့်လာသည့်ပမာ မေမေ့အသံများက ကျယ်

လောင်စူးရှလာလျက် သူမဆီ အရှိန်ပြင်းစွာ စူးရှနာကျင်စေသည်။

သူမဘက်က စွန့်လွှတ်ထားရတာတွေအတွက် သူမ ပြန့်ယူတာ နည်းကောင်းနည်းနေသေးတယ်လို့ မေမေ မထင်ဘူးလား…။

အသံတိတ်စကားများကိုသာ ပြန်ပြောဖြစ်ပြီး သူမ အသားတွေက အေးစက်တုန်ရင်စွာ….

"လွှာနဲ့ ညီသစ်ဆင်းကို လူကြီးချင်သဘောတူထားတာကို သိလို့ ညည်းဒီလို လုပ်လိုက်တာမဟုတ်လား"

"ကျွန်မကစပြီး ညီသစ်ကို ရီးစားစကားမပြောခဲ့ပါဘူး သူစိတ်ပါလို့ ဖြစ်တာပါ"

မာနများက ခေါင်းထောင်စွာ သူမရဲ့နှုတ်ကို စီးပြီး စိမ်းကားသော အသုံးအနှုန်းများကို ပြောင်းလဲပစ်နေသည်။

"ဒါပေမယ့်လည်း ညည်း လွှာ့ကို ငဲ့ဖို့ကောင်းတယ်"

လွှာ့ကိုငဲ့ဖို့ ဟုတ်လား…။

ဟိုး..ဟိုး..လောကကြီးကိုက မတရားတာလား၊ မေမေက မတရားတာလား…။

"ကျွန်မဆီက မေမေ့မေတ္တာတွေကို အပြီးအပိုင်လုယူသွားတဲ့ မိန်းမတစ်ယောက်ကို ကျွန်မက ဘယ်လိုနှလုံးသားမျိုးနဲ့ ငဲ့ရမှာပါလိမ့်"

သူမစကားကြောင့် မေမေကိုယ် ဆတ်ခနဲဖြစ်သွားပြီး မျက်လုံးတွေက ပို၍အရောင်တောက်ပသွားသည်။





"ညည်း အညီးထားတာက လက်စသတ်တော့ ငါနဲ့ လွှာနဲ့ကိုး"

ဆိတ်ဆိတ်ငြိမ်နေခြင်းကို ဝန်ခံနေခြင်းလို့ပဲ မေမေမှတ်ယူနေပေလိမ့်မည်။

ခေါင်းမာပြတ်သားတတ်သူ သူမကတော့ ထိုင်ရာမှထပြီး နံရံဘက်ကျောမှီ၍ အပြင်ဘက်ကို အကြည့်ရွှေ့ပြီး စိတ်လှုပ်ရှားမှုကို ထိန်းနေရသည်။

"ချစ်နွယ်"

ခေတ္တတိတ်ဆိတ်မှုကို နူးညံ့မှုစွက်သော အသံတုန်တုန်က ထိုးဖောက်လာသည်။

ကြောင်အမ်းထူပူစွာ သူမပြန်ကြည့်စဉ်…

"သမီးလွှာ့အတွက် နောက်ဆုတ်ပေးပါလို့ မေမေတောင်းပန်ပါတယ်"

ရုတ်တရက် ရင်ထဲကို မြားအစင်းပေါင်းများစွာ ခသွားသလို စူးရှကြေကွဲမှုက နေရာတိုင်းမှ သွေးစိမ်းရှင်ရှင် ယိုစီးသွားသည်။

"ကျွန်မ နောက်ဆုတ်ရမယ်"

ခပ်တိုးတိုးလိုက်ရေရွတ်သံက အရူးတစ်ယောက်ပမာ မညီမညာ တုန်ခါလျက်…။

"အင်းလေ၊ သမီးက အကြီးပဲ လွှာ့ကို လျှော့ပေးလိုက်ပါ"

သွားစမ်းပါ ဘာလျှော့ပေးရမှာလဲ၊ လွှာက သူမကို စော်ကား ထားတဲ့စကားလုံးတွေအတွက် နည်းနည်းမှ လျော်ကြေးမတောင်းလိုက် တော့ဘူးလား။

“ကျွန်မကိုလေ လွှာက တစ်ကောင်ကြွက်တဲ့ ဟင်း ဟင်း ဟင်း။ ဒီစကားလုံးအတွက် ကျွန်မဖြစ်တဲ့နည်းနဲ့ လျော်ကြေးတောင်းရ မှာပဲ၊ သူ့ကိုလည်း ကျွန်မပြောပြီးသားပါ လျော်ကြေးဟာ ညီသစ်က လွဲပြီး ဘာမှမဖြစ်နိုင်ဘူးလို့”

မာဆတ်ဆတ်အသံကို ကြိုးစား၍ အားထုတ်ပြောလိုက် သည်။

“နေပါဦးမေမေ၊ မေမေဘက်ကရော မေမေစွန့်ပစ်ခဲ့တဲ့ သမီး အတွက် ဘာမှမစဉ်းစားပေးနိုင်တော့ဘူးလား၊ သနားဂရုဏာဆိုတာ လွှာတစ်ယောက်တည်းအတွက်လား၊ လသားကလေးထဲက မိခင်နို့ မရခဲ့တဲ့ ခလေးကို မေမေလို့ခေါ်ခွင့်ကို ဘယ်လိုအင်အားမျိုးနဲ့ ပိတ်ပင် ခဲ့လဲ။ အထီးကျန်နေတဲ့သမီးကို သတိရဖို့ ဘယ်လိုအတွေးတွေက တားဆီးခဲ့လဲ၊ လူရှေ့သူရှေ့မှာ သမီးတစ်ယောက်ကို နှုတ်ဆက်ဖို့ ဘယ်လိုစွမ်းအင်မျိုးကို မေမေ မေ့လျော့ထားလဲ၊ သမီးတစ်ယောက်ဆီ က အသည်းနှလုံးကိုတောင်းဖို့ ဘယ်လိုအင်အားမျိုးကို မေမေ မွေးမြူ ခဲ့လဲ”

“တော်…ချစ်နွယ်…တော်စမ်း”





ပေါက်ကွဲလွင့်စင်လာတဲ့ ရင်ထဲက စကားလုံးတွေက ပါးစပ် ဖျားမှ ဘွားခနဲ တရစပ်ထွက်လာမှုကို မေမေ့အသံက မိုးကြိုးပမာ ထစ်ချုန်းတားမြစ်လိုက်သည်။

ရှိုက်သံသဲ့သဲ့ကို ထိန်းချုပ်မြိုသိပ်နေစဉ် မေမေ့လက်ချောင်း များက ကျစ်လစ်သော လက်သီးတစ်လုံးကို ဖွဲ့စည်းလျက်…

“ညည်းကို ငါက သိပ်ထက်မြက်ရဲရင့်တဲ့၊ ကိုယ့်ဒူး ကိုယ်ချွန် ရဲတဲ့ဘဝကို တစ်ယောက်တည်းရပ်တည်ရဲတဲ့ဘဝမျိုး ရောက်အောင် ပျိုးပေးခဲ့တာတွေ အလကားပဲ။ တကယ်တော့ ညည်းက ညည်းအတွ တွေကို မွေးမြူတတ်ရုံ သက်သက်ပဲ”

“ဘာရယ်မေမေ…ကျွန်မကို မေမေကပျိုးပေးခဲ့တယ်၊ ဘယ်လို ဓာပုဝါခန်းဆီးနောက်ကမျိုးပါလိမ့်။ သမီးတစ်ယောက်ကို ဂုဏ်သရေရှိစွာ တီတီတီတ်လေးမွေးပြီး၊ ဂုဏ်သရေရှိစွာ စွန့်ပစ်ခဲ့တဲ့ ပျိုးပိုးမှုမျိုးလား၊ ခမ်းနားထည်ဝါတဲ့ ခေါမြတ်လေးငုံရဲ့သမီး တစ်ယောက် အနေနဲ့တော့ မပျိုးပိုးခဲ့ပါဘူးနော်”

နာကျည်းခံစားချက်က လွင့်ထွက်လာတဲ့စကားလုံးတွေကို လိုက်လံစုစည်းဖို့ မကြိုးစားမိတော့ပေ။ ထိုရဲ့ အကျိုးရလဒ်ကတော့…

“ဖြန်း”

ပူစပ်ရှိန်းဖိန်းသွားမှုက ပါးပြင်ကတစ်ဆင့် ရင်တွင်းတိုင်အောင် စိမ့်ဝင်လှိုင်းခတ်သွားသည်။

သွေးခြည်လှနီး နှုတ်ခမ်းပါးကို သူမရော မေမေ ပြိုင်တူ ကိုက်နေလို့…။

ယောင်ရမ်း၍ ပါးပြင်ကို မပွတ်မိအောင် အားတင်းကြိုးစား နေစဉ်…

“ညည်းဟာလေ ငါ့ကို သက်သက်ဒုက္ခပေးဖို့ ဖြစ်လာတာပဲ အမိုက်မ”

စိုစွတ်နွေးထွေးလာသော မျက်ခမ်းစပ်မှတစ်ဆင့် မျက်ရည် များက အမြင်အာရုံကို ခပ်ပါးပါး ဖုံးလွှမ်းနေစဉ်…

အို..ကြည့်စမ်းပါဦး သူမကဲ့သို့ မေမေလည်း ငိုနေပါလား။

“ငါ့ရဲ့ ဂုဏ်သိက္ခာအတွက် ညည်းကိုစွန့်ပစ်ထားခဲ့ပေမယ့် ငါမျက်နှာမလွှဲခဲ့ဖူး ချစ်နွယ်ရဲ့ တစ်လတစ်ခါ မှန်မှန်ထောက်ပံ့ခဲ့တယ်၊ ညည်းအရွယ်ရောက်တဲ့အထိ ပညာသင့်စရိတ်၊ စားစရိတ်အားလုံးဟာ ငါပို့ပေးခဲ့တာချည်းပဲ၊ ညည်းဒေါ်လေးကို ဒါတွေဖွင့်မပြောဖို့ တားခဲ့ တာက ညည်းတစ်သက်လုံး သူတစ်ပါးကို အားကိုးတတ်သွားမှာစိုးလို့၊ ညည်းဒေါ်လေးဆုံးပြီး စုထားတဲ့ ပိုက်ဆံတွေနဲ့ ဝယ်ပေးတာပါဆိုတဲ့ ဒီတိုက်ခန်းကိုရော ဘယ်သူဝယ်ပေးတာလဲ၊ သာမန်ဘွဲ့လေးတစ်လုံးနဲ့ Blue Sky လို ကုန်တိုက်မျိုးမှာ မန်နေဂျာခန့်တာရော ဘယ်သူလဲ၊ ညည်းဒေါ်လေးထည့်ပေးထားတာဆိုတဲ့ အတိုးမှန်မှန်ရနေတဲ့ ဘဏ်ထဲ က ပိုက်ဆံတွေကရော ဘယ်သူထည့်ပေးထား..ဘာလဲ၊ ဒါတွေအားလုံး





ဘယ်တော့မှ ငါဖွင့်မပြောဘူးဆိုပြီး သိမ်းထားခဲ့တာ အမိုက်မ၊ ညည်းရဲ့ ရက်စက်တဲ့ စွဲချက်တွေကြောင့် ညည်းငရဲရောက်သွားမှာစိုးလို့ ငါ ပြောရပြီ၊ ငါမျက်ကွယ်ပြုသွားရင် ငါ့သမီးလေး တစ်ယောက်တည်း ကျန်ခဲ့ရမှာ အခုကတည်းက တစ်ယောက်တည်း ဘဝကို ရင်ဆိုင်တတ် ပါစေဆိုပြီး ငါရက်စက်ခဲ့တာ ဘယ်သူ့အတွက်လည်း ချစ်နွယ်”

ဘုရားရေ…စကြဝဠာကြီး ချာချာလည်ပြီး၊ သူမကို ကမ္ဘာ့ အပြင်ဘက် ဆွဲထုတ်လိုက်စမ်းပါတော့။

ဒါမှမဟုတ် ဟောဒီ မဟာပထဝီမြေကြီး ဟက်တက်ကွဲပြီး သူမကို စုပ်ယူဝါးမြိုလိုက်ပါတော့။

ဒါတွေ တကယ်အမှန်တွေပဲလား မေမေ…။

တုန်ရင်ထစ်ဆို့နေတဲ့ သူမ လည်ချောင်းထဲကအသံကို ခက်ခဲ စွာ ထုတ်ယူနေရသည်။

“ညည်းက ငါ ညည်းကို မချစ်ဘူးလို့ ထင်တယ်မဟုတ် လား။ အဲဒါကို စမ်းချင်လို့ ငါ့ရဲ့ဂုဏ်သိက္ခာနဲ့ လွှာရဲ့ နှလုံးသားကို လဲလှယ်ပြီး ညီသစ်ဆင်းကို ယူချင်တာမဟုတ်လား၊ ဒီမှာ..တစ်နွယ်၊ လောကမှာ သားသမီးကို မချစ်တဲ့မိဘ မရှိဘူး၊ ညည်းက ဒီလောက် ငါ့ကို သက်သေပြစေချင်တော့ ပြပေးရတော့မှာပေါ့။ စိတ်ချ ညီသစ် ဆင်းအမေဆီမှာ ငါ့ရဲ့အတိတ်အထုပ်ကို ဖြေပြပြီး ညည်းအတွက် ယောကျ်ားတောင်းပေးမယ်”

ဟင့်အင်း…မေမေ…ဒီလိုမလုပ်ရဘူး…။

"သမီး…သမီး…"

စကားတွေ ရှေ့ဆက်မရစွာ နောင်တတွေက နှလုံးသားကို ဖုံးခြွေနေသည်။

"ဟင့်အင်း…မေမေ၊ သမီးအတွက် မေမေ ဒီလိုလုပ်စရာ မလိုတော့ပါဘူး၊ သမီးတောင်းပန်ပါတယ်"

မေမေ့ရင်ခွင်ထဲ တိုးဝှေ့၍ ငိုကြွေးတောင်းပန်လိုက်စဉ်…

သိမ့်သိမ့်ခါနေသောကျောကို လက်နွေးနွေးတစ်စုံက အားအင်မဲ့စွာ ပွတ်သပ်လျက်…

"မေမေ့အချစ်ကို သမီးစော်ကားမိပြီ၊ သမီးဘာလုပ်ရမလဲ မေမေ၊ သမီးဘာလုပ်ရမလဲ"

အရှုံးတစ်ယောက်ပမာ ကယောင်ကတမ်း ငိုကြွေးပြောဆိုနေသမျှကို မေမေက နဖူးပေါ်က ဆံစတစ်ချို့ကို သပ်ဟင်ပေးရင်း ကြည်နူးစွာပြုံး၍ ခွင့်လွှတ်နေသည်။

"သမီးကို ခွင့်လွှတ်ပါမေမေရယ်"

လေးနက်ရိုကျိုးစွာ တောင်းပန်ရင်း နှလုံးသားဆန္ဒကို ချိုးနှိမ်လိုက်သည်။

"မေမေ နားလည်ပါတယ် သမီးရယ်၊ မေမေဖြစ်စေချင်တာက အဲဒီလိုအမှားအတွက် ချက်ချင်းဝန်ခံရဲတဲ့ ၊ တွီရှိတဲ့ သမီးမျိုးကွဲ့၊





မေ့သမီးမှန်ရင် အရာရာကို အမှန်အတွက် ရပ်တည်နိုင်ရမှာပေါ့"

လှိုက်လှဲနွေးထွေးတဲ့ အပြုံးမျိုးကို မေမေ့ဆီက မဝတမ်းငေးကြည့်နေရသည်ကိုက သူမ ဘဝင်ကို လှိုက်နွေးငြိမ်းအေးနေ ခဲ့သည်။

"လွှာရော မေမေ"

သူမ စကားအဆုံး မေမေ့မျက်နှာက အနည်းငယ် ညှိုးလျှသွားပြီး…

"သူ နေမကောင်းဘူး၊ စိတ်ကြောင့်လို့ မေမေထင်တာပဲ"

လွှာ…၊ မေမေအတွက် သူမရဲ့ညီမလေးအဖြစ် မကြင်နာချင်လည်း ကြင်နာရပေတော့မည်။

ကံတရားက မှားယွင်းစွာ သူမဆီမှာရော၊ လွှာ့ဆီမှာရော တူညီတဲ့ခံယူချက်တွေ မာနတွေ အညီအမျှထည့်ပေးထားခဲ့တာကိုး။

မေမေ့ဆီကရတဲ့ မေတ္တာတစ်ခုတည်းနဲ့ သူမ ရောင့်ရဲရတော့မှာပေါ့…။

နှလုံးသားကို သွေးစိမ်းရှင်ရှင် ဆွဲထုတ်ဖို့ ကြိုးစားစဉ် သံယောဇဉ်နှောင်ကြိုးတစ်စက ခပ်တင်းတင်းဆွဲငင်နေသည်။

ချစ်သူကို စတေးဖို့ သူမ ဘယ်တုန်းကမှ မစဉ်းစားမိခဲ့ပေ။ ကြိုတင်မစဉ်းစားခဲ့သော အရာအတွက် သူမ တုန်လှုပ်နေရသည်မှာ သဘာဝကျပါသည်။

ချစ်သူလက်ကို ဆွဲကိုင်ပြီး တစ်ပါးသူလက်ထဲကို ထည့်ဝံ့ဖို့ သတ္တိပေးသနားပါသခင်…။

သူမဆီမှာ ချစ်သူကို စွန့်လွှတ်ဖို့ ရဲရင့်ခြင်းတွေ ထည့်ပေးပါ။

မချစ်ချင်သူကို ချစ်နိုင်ဖို့ ဂရုဏာတွေ ပေးသနားပါ။

နောက်ဆုံး…

လောကကြီးကို တစ်ယောက်တည်း ဆက်လက်ရင်ဆိုင်ဖို့ အထီးကျန်စွမ်းအင်တွေ မွေးဖွားပေးပါ။

သူမ ချစ်သူကို တိတ်တိတ်ကလေးပဲ တမ်းတနေနိုင်ရုံဖြင့် တင်းတိမ်နိုင်ပါသည် သခင်…။

"သမီး လွှာ့ကို အရှုံးပေးပါတယ်လို့ ပြောပေးပါ မေမေ၊ ဒါဆို လွှာ နားလည်ပါလိမ့်မယ်"

သွေးစက်စက်ကျနေသော ဒဏ်ရာကို အပြုံးဖြင့် ဖိသိပ်ကုသပြီး၊ နှာကျင်လှိုက်လှဲစွာ တစ်လုံးချင်းပြောလိုက်သည်။



တောင်ပံရိုက်ချိုးခံထားရသည့် ငှက်ငယ်ကို လှောင်ချိုင့်ထဲ ထည့်ထားပြီး အလှမွေးမြူကြသည်ကို လူများက ကျီစယ်သော့ကစားကြပြန်သည်။

ငှက်ငယ်၏ ဒေါသဖြင့် ဝမ်းပန်းတနည်းအော်သံကို လူတွေက စကားပြောသံတဲ့။

သူမ ဘဝရော ဘာခြားသေးသလဲ၊ နှလုံးသားကို အရှင်လတ်လတ် ဆွဲထုတ်ခံထားရသလို၊ အနှောင်အဖွဲ့၏ ချေုးဇူးမေတ္တာကို တွယ်တာစောင့်ရှောက်နေရသေးသည်။

သူမလည်း ငှက်တစ်ကောင်လို အားသွန်ပျံသန်းပြီး အဝေးကြီး လွင့်သွားချင်သည်။

နာရီစက်မြည်သံ ချက်ချက်ကို ချစ်သူခြေသံအမှတ်နှင့် ရင်ခုန်ကြည်နူးစွာ စောင့်ခဲ့ဖူးသည့် ကာလများကို သူမ ကြိုးစားမေ့လျော့ရပေတော့မည်။

ဒီနေ့မှလွဲ၍ပေါ့ …။

နီရဲမို့အစ်နေတဲ့ မျက်လုံးတွေကို ချစ်သူသတိမထားမိစေရန် မိတ်ကပ်စက်လေး တစ်စက်နှစ်စက်တို့ပြီး ပေါ်ပါးပါးလိမ်းလိုက်သည်။

နီရဲထူအမ်းနေတဲ့ နှုတ်ခမ်းကိုတော့ ဆေးမကူချင်တော့၊ ဒီနှုတ်ခမ်းကပဲ နှလုံးသားကို အန်တုဖို့ ကြိုးစားရဦးမည်မဟုတ်လား။

"ကလင် ကလင် ကလင်"

တိကျတဲ့အဖြေကို ရယူဖို့ ချစ်သူရောက်လာနေပြီ။ လှပကြည်နူးစရာ အဖြေအတွက် ချစ်သူတက်ကြွနေမလားကွယ်။

တံခါးကို ဖွင့်ပေးလိုက်စဉ် နှင်းဆီဖြူတစ်စည်းက အရင်ဆုံး သူမရှေ့သို့ ညွှတ်ကိုင်းကြိုဆိုလျက် ဝင်လာသည်။

ဆူးသင်ထားတဲ့ နှင်းဆီစည်းကို အင်အားမဲ့စွာ လှမ်းယူစဉ် နှလုံးသားက တဆတ်ဆတ် နာကျင်လို့…။

"မနက်က နွယ်ရုံးမတက်ဘူးဆိုလို့ ကိုစိတ်ပူသွားတယ်၊ နွယ်ဆီက ဖုန်းလည်းမလာတော့ အရှုံးတစ်ပိုင်းပဲ၊ နေလို့မရဘူး…

အဲဒါနဲ့ ညနေပိုင်း ပန်းခြေးဝယ်ပြီး ဝင်လာတာ နေကောင်းရဲ့လားနွယ်"





အလှပဆုံးပြုံးပြီး ခေါင်းညိတ်လိုက်စဉ် လက်ကောက်ဝတ်နဲ့ နဖူးပေါ်ကို လက်နွေးနွေးက စမ်းသပ်ပြီးဖြစ်နေသည်။

နှင်းဆီစည်းကိုကိုင်လျက် နံရံကပ်၍ ကျောမှီရပ်နေသော သူမရှေ့တွင် ရပ်နေသော ညီသစ်ဆင်းသည့် မကြာမီ ရက်ပိုင်းအတွင်း သူမရဲ့ ခင်ပွန်းတစ်ယောက်ဖြစ်လာနိုင်သလို သူစိမ်းတစ်ယောက်လည်း ဖြစ်သွားနိုင်သည်။

"အတော်ပဲ ညီသစ်ကို တို့လည်းပြောစရာတွေရှိနေတာ"

တုန်ရင်ချင်သော အသံကိုထိန်းပြီး ပြောလိုက်စဉ်…

"ဘာလဲ နွယ့်ဘက်က ကိုတို့နှစ်ယောက်နဲ့ ပတ်သက်ပြီး စီစဉ်ထားတဲ့ကိစ္စလား ပြောစမ်းပါဦး၊ နွယ့်မေမေဘက်က ကိုတို့အတွက် ဘယ်လို ဆောင်ရွက်ပေးမယ်တဲ့လဲ"

မျှော်လင့်ချက် မျက်လုံးတွေနဲ့ကြည့်ပြီး မပြောစမ်းနဲ့ကွယ်…။

"ဟင့်အင်း၊ ဆိုင်တော့ဆိုင်တယ် အဲဒီကိစ္စတော့ မဟုတ်ဘူး…"

အေးစက်မာတောင့်နေသော သူမရဲ့အသံတွေကို စိတ်ညစ်ညူးစွာဖြင့် ခေါင်းကို လက်ချောင်းများဖြင့် ထိုးဖွကစားပြီး နားထောင်နေသည်။

"ကိုတို့နှစ်ယောက် နီးဖို့ကိစ္စကိုဘဲ ဒီအချိန်မှာ ပြောကြရအောင်၊ ဘယ်လိုလည်း မနက်ဖန် ဘယ်တရားရုံးကို သွားဖို့ကို စီစဉ်

ရမလဲ"

လက်ထပ်ဖို့၊ နီးစပ်ဖို့ ဟုတ်လား…။

သူမနှလုံးသားကို အပ်သေးသေးနဲ့ အချက်ပေါင်းများစွာ ထိုးပေါက်ကစား နေရော့သလား…။

"နေစမ်းပါဦး ညီသစ်၊ တို့ တစ်ညလုံးစဉ်းစားမိတာ တစ်ခု ရှိလို့ အဲဒါလေးတော့ မေးပါရစေဦး"

နှင်းဆီရွက်များကို တစ်ရွက်ခြင်း ချွေချနေသဖြင့် ရိုးတံချည်းသာ ကျန်နေသည့်မှာ နွေလည်ခေါင်ထဲက အရိပ်မဲ့လွင်ပြင်နှင့် ဆင်နေသည်။

"ယောက်ျားနဲ့ မိန်းမလက်ထပ်ဖို့အတွက် အဓိကလိုအပ်ချက်က ဘာလဲ‥ဟင်"

ညီသစ်က သူ့ရဲ့မေးခွန်းကြောင့် ထူးဆန်းမှင်သက်စွာကြည့်နေသည်။ အတန်ကြာမှ နှုတ်ခမ်းကို တစ်ချက်သပ်လိုက်ပြီး…

"အချစ်ပေါ့ အချစ်က အဓိကလိုအပ်ချက်ဘဲ"

"အချစ်‥ဟုတ်လား"

သူ့စကားကို ခပ်တိုးတိုး လိုက်ရွတ်စဉ် ပခုံးနှစ်ဘက်ဆီမှ ဆုပ်ကိုင် လှုပ်ရမ်းခြင်းကို ခံလိုက်ရသည်။

"နွယ် မင်းရူးနေပြီလား"

စိတ်မရှည်ခြင်းအမူအယာကို မြတ်နိုးခြင်းအတိဖြင့် ရင်နာ





စွာ ကြည့်နေရုံပဲ သူမ တတ်နိုင်တော့သည်။

"တို့ ရူးနေချင်တာ မရူးလို့ ခက်နေတာပေါ့၊ မရူးလို့ အရာရာကိုသိနေလို့ ခက်နေတယ် ညီသစ်ရဲ့"

"ထိုင်စမ်းပါ နွယ်ရယ်၊ ဒီအချိန်ဟာ ကိုတို့နှစ်ယောက် အတွက် အရေးကြီးတဲ့အချိန်လေ၊ မနက်ဖန်ဆို ကိုတို့နှစ်ယောက်ကို ဘယ်သူမှ မခွဲနိုင်တော့ဘူး"

တကယ်ကို တစ်ယောက်ယောက် ရူးနေပြီလားမသိ။

တတွတ်တွတ်ရေရွတ် ပြောဆိုနေသူ၏လက်ထဲမှာ အရုပ် တစ်ရုပ်လို ပျော့ခွေအေးစက်စွာ ပြုံးနေသူတစ်ယောက်ရယ်လေ။

"ညီသစ် တို့မေးဦးမယ်၊ မင်းကို မချစ်တဲ့ မိန်းမတစ် ယောက်ကို လက်ထပ်ရဲလားဟင်"

သူမစကားအဆုံး ပခုံးပေါ်ကလက်နှစ်ဘက်က ရုတ်တရက် ပြေလျော့ဖြေဆင်းကျသွားသည်။

အံ့သြစူးရဲနေတဲ့ မျက်ဝန်းနှစ်ခုရဲ့ ဆုံမှတ်အဖြစ် သူမ မျက်နှာ ပေါ်ကို ကျရောက်လျက်…။

"မင်းကို မချစ်တဲ့ မိန်းမတစ်ယောက်က မင်းကိုလက်ထပ်ဖို့ ကြိုးစားနေတယ်ဆိုရင် အဲဒါကို မင်း ကျေကျေနပ်နပ် လက်ခံနိုင်ပါ့ မလား"

"နွယ်…."

ကျယ်လောင်ရူးရှသော စကားအဆုံး လက်သီးနှစ်ဘက်က ကျစ်လစ်သိပ်သည်းစွာ စုစည်းနေသည်။

"ပြောစမ်းပါ နွယ်၊ အဲဒီမိန်းမဟာ နွယ်မဟုတ်ပါဘူးလို့ သေသေချာချာ ပြောလိုက်စမ်းပါ"

ရပ်နေသူ မိန်းမတစ်ယောက်က ထိုင်လျက်တင်းမာနေသူ ယောကျ်ားတစ်ယောက်ကို အသက်ညှာဆုံး အဖြေပေးဖို့ မကြိုးစားမိတော့…။

"စိတ်မကောင်းဘူး ညီသစ်ရယ်၊ အဲဒီမိန်းမဟာ သေသေချာချာ လုံးဝကို တို့ဖြစ်နေတယ်"

"ဟာ"

သူမစကားအဆုံး အာမေဋိတ်သံရှည်ရှည်ကို ဒေါသဖြစ်ခြင်းနှင့် ရောမွှေလျက် ရှည်လျားစွာ ဆွဲငင်အော်မြည်လိုက်ပြီး နံရံပေါ်ကို ပြင်းထန်သောလက်သီးချက်များ ကျရောက်သွားသည်။

သွေးစို့နီရဲနေတဲ့လက်ကို သွေးစိမ်းရှင်ရှင် စိမ့်ယိုနေတဲ့ နှလုံးသားဒဏ်ရာ ရနေတဲ့သူမ အားရကျေနပ်စွာ ကြည့်နေနိုင်အောင် အင်အားတစ်ခု ပေးသနားပါ အရှင်…။

ရင်ထဲက တီးတိုးဆန္ဒများဖြင့် ဆောက်တည်ရာမရမှုကို သူမ ထိမ်းချုပ်နိုင်သော်လည်း ညီသစ်ဆင်းကတော့ ပေါက်ကွဲဒေါသဖြစ်စွာ အော်ဟစ်ညည်းညူနေသည်။





"ဒါဖြင့် ဘာသဘောလဲ ချစ်နွယ်၊ ငါ့ကို လက်ထပ်ဖို့အထိ ကြိုးစားခဲ့တာ ဘာသဘောလဲ၊ ချစ်တယ်လို့ ဟောဒီ မင်းနှုတ်က လှိုက်လှိုက်လှဲလှဲ ပြောခဲ့တာပါ။ ငါ မယုံပါရစေနဲ့ ချစ်နွယ်၊ အဲဒါတွေ ငါမယုံပါရစေနဲ့"

ပွင့်ဖတ်များကို ချွေလွင့်နေသည့် သူမလက်တွေက ဟန်ဆောင်မှုအဖြေတွေအတွက် အစွမ်းကုန်ကာကွယ်၍ လှပစွာ လှုပ်ရှားနေသည်။

"ချစ်တယ်ဆိုတဲ့ တစ်အချက်က မြှုပ်လွှာကြောင့်၊ လက်ထပ်မယ်ဆိုတဲ့ နှစ်အချက်ကလည်း မြှုပ်လွှာကြောင့်ပဲ၊ သူကတို့ကို အကြိမ်ကြိမ် စော်ကားခဲ့တာကိုး၊ အဲဒီတော့ သူ့ကို အပြင်းထန်ဆုံး ဒဏ်ရာပေးနိုင်မယ့်နည်းအတွက် ညီသစ်ကို အသုံးချခဲ့ရတာ"

စုတ်ပြဲနီရဲနေသော လက်သီးတွေကို ဖြေချလိုက်သော ညီသစ်မျက်ဝန်းတွေမှာ နာကျည်းမှု မိုးတိမ်တစ်ခု ဖြစ်ထွန်းနေသည်။

တို့ ကျေနပ်ပါပြီ ညီသစ်ရယ်…။

ဒီလောက် ဒဏ်ရာနဲ့ဆို မင်းဘဝထဲက တို့ကို မောင်းထုတ်ဖို့ လုံလောက်သွားနိုင်ပါပြီ။

"လွှာကလေ တို့ကို စိန်ခေါ်တယ်ကွ၊ ညီသစ်ကို လောင်းကြေးတင်ထားတော့ ဈို့လည်း မတတ်နိုင်ဘူးလေ၊ ခုဆိုရင် ဒီမိန်းခလေး ဒဏ်ရာတော်တော် ရနေလောက်ပြီ"

“ဒါဆို ဒီပွဲမှာ မင်းနိုင်တယ်ပေါ့”

သရော်ရိပ်သံလွှမ်းနေသော သူမအသံကို ဖုံးလွှမ်းပြီး ခက်ထန်ကြည်လင်သောအသံက တည်ငြိမ်စွာ ပေါ်လာသည်။

“အင်းလေ မင်းလည်းသိတာဘဲ၊ မင်း တို့ကို အရှုံးအမှုးလို ချင်နေတယ် မဟုတ်လား။ အဲဒါသက်သေဘဲလေ၊ မြရုပ်လွှာလောက် မလှတဲ့မိန်းမက မြရုပ်လွှာရဲ့အသည်းနှလုံးကို အပိုင်စီးနိုင်တာ၊ သက်သေရော သက်သေခံပစ္စည်းအဖြစ်နဲ့ရော မင်းကို တင်ပြနိုင်တယ် လေ မဟုတ်ဘူးလား”

“ဖြန်း”

လွင့်စင်ထွက်သွားသော အသိများကို ထိမ်းချုပ်ဖို့ မစုစည်းနိုင်လောက်အောင် ဒဏ်ရာက ရင်ထဲတိုင် စူးနစ်စွဲထင်နေသည်။

နှင်းဆီဖြူ ပွင့်ဖတ်ကြွေများအားတွင် ခွေလဲကျ ကြေကွဲနေသူ၊ မိန်းမတစ်ယောက်အား နှင်းဆီများက သနားနေမည်လား။

“အဲဒါ မင်းရဲ့အနိုင်အတွက် ငါ့ရဲ့ ဂုဏ်ပြုလက်ဆောင်”

သွေးစို့သွားသော နှုတ်ခမ်းထောင့်စွန်းကို နှင်းဆီပွင့်ဖတ် ဖြူဖြူဖြင့် ပွတ်သပ်သန့်စင်နေသည့် သူမကို နာကျည်းမှုအရိုးတွေဖြင့် ပြည့်လျှံပူလောင်စွာ ငုံ့ကြည့်ရင်း ပြောလိုက်သည်။

ဘောင်းဘီအိတ်ထဲ လိပ်ထည့်ထားသော စက္ကူစာရွက်တွေကိုပါ တစ်ဆက်တည်းယူလိုက်ပြီး…





“သွားတော့ မင်းတို့လည်း ဘာမှ အသုံးမဝင်တော့ဘူး”

သူမဘက်ဆီကို ပစ်ပေါက်လိုက်သော စက္ကူစာရွက်နှစ်ရွက်က ကြမ်းပြင်ပေါ်စယ် ပြန့်လျက် တဖျတ်ဖျတ်လွင့်နေသေးသည်။

နှစ်ဦးသဘောတူ လက်ထပ်စာချုပ်တဲ့…။

လှပတဲ့ အိပ်မက်တစ်ခုလိုပဲ သဘောထားကြတာပေါ့ ကွယ်…။

နာကျင်မှုကြောင့်လား၊ ဝမ်းနည်းမှုကြောင့်လားဆိုတာကို မသိရခင် မျက်ရည်ပူတစ်ချို့က ပါးပြင်ပေါ်သို့ စိုစွတ်စွာ ဖြတ်သန်းနေသည်။

အပြုံးတွေနဲ့ ငိုနေတဲ့ သူမကို ရင်ဆိုင်ကြည့်ပြီး ပြတ်သားသော မေးခွန်းတစ်ခုကို မေးလိုက်သည်။

“တကယ်ပဲ မင်း တို့ကို မချစ်ခဲ့ဘူးလား”

မဖြေချင်ဆုံးစကားကို သူက အကြားချင်ဆုံး ဖြစ်နေသည်။

“လူတစ်ယောက်ဟာ စကြဝဠာကြီးနဲ့စာရင် သေးငယ်တဲ့ အမှုန်တစ်မှုန်ပဲတဲ့၊ အဲဒီလိုပဲ..မင်းဟာ တို့ဘဝအတွက် သေးငယ်တဲ့ အစိတ်အပိုင်းလေး တစ်ခုမျှပါပဲ ညီသစ်”

တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းများကနေ သူမကို ရက်စက်စွာ စွပ်စွဲချက်တွေ တရစပ် ပြောလိုက်ပါတော့လား။

နီရဲစိုစွတ်နေတဲ့ မျက်ဝန်းတွေထဲကနေ သူမကို အခိုးအငွေ့

ထွက်အောင် ဒဏ်ခတ်လိုက်ပါတော့လား…။

ဒဏ်ရာရထားတဲ့ လက်တွေနဲ့ သူမကို လှုပ်ရမ်းအော်ဟစ်လိုက်ပါတော့လား…။

သို့သော် သူမဆန္ဒ မပြည့်ခဲ့ပေ။

ဟင်အင်း…ညီသစ် မင်းတို့ကို မုတောင်းပန်ရဘူးနော်။ လုံးဝမတောင်းပန်ရဘူး၊ မင်းဆီက အရှုံးတွေကို လိုချင်နေတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ နည်းနည်းလေးလောက် ချင့်ချိန်စဉ်းစားလိုက်စမ်းပါ။

မျက်စိမှိတ်၍ မြင်ကွင်းအားလုံးကို စူးနစ်ကြေကွဲစွာ လျစ်လျူရှုနေစဉ်…

အိုး…တကယ့်ကို တရှိုက်မက်မက် အနမ်းလေးတစ်ခုကို ညီသစ်က ဖန်တီးလို့…

သူမ နဖူးပြင်မှာ နွေးထွေးစွတ်စိုသွားသည်။

မျက်ရည်လူးသော အနမ်းများကို ရှန်းကန်ခြင်းမရှိ နွမ်းလျစွာခံယူနေစဉ် မျက်ရည်စများက ပေါင်းကူလျက်…။

ငြိမ်သက်နာကျင်နေသော နှလုံးသား၏ ကျိုးကြေသံကို ဖျိုးဖျိုးဖျစ်ဖျစ်မြည်အောင် ဆွဲညစ်နေသလို ကျိတ်မှိတ်ခံစားနေရသည်။

တောင့်တင်းတွေဝေနေသော သူမကိုယ်ကို ရုတ်တရက် ပြန်လည်ဆွဲခွာခြင်းကို ခံလိုက်ရပြီးနောက်…





"မင်းဆီမှာ အမုန်းတွေရော၊ အချစ်တွေရော၊ နှစ်ခုလုံးကို ထားခဲ့လိုက်ပြီ၊ နှစ်သက်ရာကို လက်ခံထားလိုက်ပေါ့၊ မြတ်နိုးခြင်းဆိုတဲ့ ဖွဲ့သီမှုတွေကိုတော့ မင်းနဲ့ မထိုက်တန်လို့ ကိုယ် ပြန်ယူသွားပြီ"

ပြန်လည်တည်ငြိမ်သွားသော မျက်နှာပြင်ပေါ်တွင် ကြေကွဲရိပ်ပါးပါးကို တန်ဆာဆင်ထားသည်။

ပြန်လည်ပြုံးပြသော နှုတ်ခမ်းကွေးကွေးကို ခပ်ကြာကြာ စူးစိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

သံတံခါးကို ညင်သာစွာ ပြန်စွဲစေ့တတ်သောအကျင့်ကို ချက်ချင်း ဖျောက်မရသေးသူပီပီ နောက်ပြန်တံခါးစေ့ပြီး မှန်မှန်ခြေလှမ်းများဖြင့် လှေခါးထစ်များပေါ်သို့ တစ်လှမ်းချင်း…

တကယ်ပဲ ညီသစ် သူမရဲ့ အဝေးဆုံးကို ခွဲခွာသွားလေပြီ…။

ထားရစ်ခဲ့တာ သူမကိုယ်တိုင်ဖြစ်ခဲ့သလို ကျန်နေခဲ့သူကလည်း သူမကိုယ်တိုင်ပင် ဖြစ်နေသည်။

ခြေသံများကို နှမျောတသစွာဖြင့် နောက်ဆုံးအကြိမ် စူးစိုက်နားထောင်ရင်း နှင်းဆီပွင့်ဖတ်များကို ဆွဲမြောက်ပစ်လွှဲလိုက်သည်။

"ဟင်း…ဟင်း…တို့ဘဝအတွက် မင်းဟာ သေးငယ်တဲ့ အစိတ်အပိုင်းလေးပဲဆိုတာ ယုံသွားပြီ၊ ဒါပေမယ့်လဲ ဒီသေးငယ်တဲ့ အစိတ်အပိုင်းလေးက နှလုံးသားတစ်ခုလုံးဆိုတာကိုတော့ မင်းက မတွေးပဲကိုး"

တီးတိုးရေရွတ်ရင်း ကြေကွဲစွာ ငိုရှိုက်ညည်းညူနေတဲ့ သူမကို ခပ်ပျော့ပျော့အလင်းရောင်က ငုံ့ကြည့်နှစ်သိမ့်ပေးနေသလို ပြန့်ကျဲနေသော နှင်းဆီဖြူလေးများကလည်း မော့ကြည့်ပွတ်သပ်ပေးနေလေတော့သည်။

သူမကို သူတို့က နိုင်တယ်တဲ့…။

တကယ်ကိုပဲ သူမ နိုင်ခဲ့သလား၊ ရှုံးခဲ့သလားကွယ်…။

❀❀❀

ချစ်နွယ်ဝီ

ဆုံးရှုံးမှုများကို ရင်ဆိုင်ခဲ့ရသည့် မိန်းမတစ်ယောက်အတွက် နောက်ထပ်ရှုံးရမည်ကို ကြောက်ရွံ့သော်လည်း၊ အရှုံးများနှင့် ကျင့်သားရနေသူပီပီ အရှုံးပေးခြင်းကို ရွေးချယ်ခဲ့သည်။

အဲဒီအရှုံးအတွက် သူမ တစ်သက်လုံး ချစ်သူပေးသော ဆုလာဒ်အဖြစ် သိမ်းသွားရမည့်အရာသည် နာကျင်မှုနှင့် မွတ်သိပ်မှု အနမ်းတစ်ခုကိုသာဖြစ်သည်။

ဆုံးရှုံးသွားပြီထင်သောအရာတစ်ခုကို မမျှော်လင့်ဘဲ လက်ဝယ်ပြန်လည်ရရှိလာသောအခါ သူမသည် ကံကြမ္မာရဲ့ လှည့်ဖျားမှုကို အကြီးအကျယ် ယုံကြည်သွားမိတော့သည်။

ယောကျ်ားတစ်ယောက်ကို စွဲမြဲစွာချစ်မိခြင်း၏ ပြစ်ဒဏ်အဖြစ် အဆိုးရွားဆုံးဒဏ်ခတ်မှုကတော့ သူမအတွက် ပြင်းထန်လွန်းလှသည်။

ထိုအရာကတော့...

သူမကို ချစ်သူက လုံးဝမချစ်သလို နောင်လည်း ချစ်သွားလိမ့်မည် မဟုတ်ကြောင်း ရဲဝံ့စွာ ဝန်ခံခဲ့ခြင်းပင် ဖြစ်သည်။

သူမ ကိုယ်တိုင်ကိုကလည်း မှားယွင်းရူးမိုက်စွာ ထိုဒဏ်ခတ်ချက်များဖြင့် တစ်သက်လုံး ကျေနပ်နေမည်ဖြစ်ကြောင်း သွေးသစ္စာဆိုခဲ့သူဖြစ်သည်။

ညီဝေဝိဝေဝီး

မြတ်နိုးမှု ကောင်းကင်ပေါ်က နှင်းဆီတစ်ပွင့်ပမာ သူမကို ချစ်ခဲ့မိခြင်းဖြစ်သည်။

စွဲလန်းရူးသွပ်ခြင်းအဆိပ်ကို သူခန္ဓာကိုယ်ထဲက သွေးအနှံ့ ပျံ့နှံ့စီးဆင်းစေအောင် ဖန်တီးတတ်သူသည်လည်း ထိုကဝေချစ်သူပင် ဖြစ်သည်။

အချစ်ဆိပ် ပြင်းရှရှကို အတူတူသောက်သုံးခဲ့ကြသော်လည်း အဆိပ်သင့်သူက သူတစ်ယောက်တည်း ဖြစ်နေသည်။ ထိုအဆိပ်သင့် ရောဂါကို ကုစားဖို့အတွက် အကန့်အသတ်မရှိ အချိန်ကာလများကို စတေးရပေဦးမည်။

ထိုကာလသည် တစ်လ၊ တစ်နှစ်၊ တစ်သက်လုံးလည်း ဖြစ်သွားနိုင်ပေလိမ့်မည်။

* * *

၁၉၉၉ ဇန်နဝါရီလ ၃၀ ရက်

မင်္ဂလာမောင်မယ်နှစ်ဦး၏ သွေ့ခြောက်သော မင်္ဂလာဦးည၊ အချိန်ဖြစ်သည်။

လက်ဖွဲ့ဗူးများကို တိတ်ဆိတ်စွာ ဖောက်နေကြသည်။

တဖြိုင်နက် နှစ်ယောက်လုံး လှမ်းယူမိသည့်လက်ဖွဲ့ထုပ်က သေးငယ်ပြီး ပိုးပုဝါအဖြူဖြင့် လှပစွာ စည်းနှောင်ထားသည်။

ပိုးပုဝါစအောက်က ငွေရောင်ဗူးလေး အဖွင့်တွင်…

နှင်းဆီဖြူခြောက်တစ်ပွင့်နှင့် ကွဲကြေတွန့်ကောက်နေသော မျက်မှန်ကွဲတစ်လက်က ငြိမ်သက်စွာ လှဲလျောင်းလျက်…

သတို့သား၏ တုန်ယင်နေသော လက်ထဲတွင် မျက်မှန်တိုင်း

ဝင်းဝင်းက တစ်စုံတစ်ရာကို ကိုယ်စားပြောပြနေသည့်နှယ်…

နှင်းဆီဖြူတစ်ပွင့်ကတော့ သံစဉ်တစ်ခုကို သက်ငြိမ်သီဆိုလျက်…

ထူးခြားသည်မှာ ဗူးပေါ်၌ရော အထဲ၌ပါ မည်သည့်စာမျှ မပါရှိပေ…။

ဆောင်းလေနှော့လိုက်သောအခါ ပုဂံဖြူစလေးက မင်္ဂလာ မောင်မယ်နှစ်ဦးကို ဩဘာပေးနေသည့်နှယ် တဖျပ်ဖျပ်လွင့်နေလေသည်။

❀❀❀

**ဒိုမာသင်**

---

10:00 PM (Friday)

26th Dec, 97

ဆက်လက်ထွက်ရှိမည့် ဝတ္ထုသစ်…..

## ဆောင်းကကြာအခန်းသောဝန်းတလွှမ်း…



**ဒိုမာသင်**